
www.burmeseclassic.com

တကောင်း_သရေခေတ္တရာ_ပုဂံ_အင်းဝ_အမရပူရ_မန္တလေး နှင့် ခေတ်သစ်_

# ဆင်ယင်ထုံးဖွဲ့မှု



တတိယအကြိမ်

ရွှေကိုင်းသားရေးသည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၇၈၉/၂၀၀၄ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၎၆/၂၀၀၄ (၁၀)

မျက်နှာဖုံးပန်းချီနှင့် အတွင်းပုံများ - ရွှေကိုင်းသား

၂၀၀၅ ခု၊ ဒီဇင်ဘာလ

တတိယအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

ထုတ်ဝေသူ - ဦးငြိမ်းချမ်း
ကြီးပွားရေးစာအုပ်တိုက် (မြ - ၀၁၂၇၁)
အမှတ် ၂၂၁၊ ၈၄ လမ်း၊ မန္တလေး။
ဖုန်း ၀၂ - ၃၉၇၁၇၊ ၆၀၁၃၆

ပုံနှိပ်သူ - ဦးငြိမ်းချမ်း
ကြီးပွားရေးပုံနှိပ်တိုက် (မြ - ၀၃၁၉၆)
၂၂၁၊ ၈၄ x ၃၃ လမ်းထောင့်၊ မန္တလေး။
ဖုန်း ၀၂ - ၃၉၇၁၇၊ ၆၀၁၃၆

www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားခေတ် ဆင်ယင်ထုံးဖွဲ့မှု ( ပုဂံ အာနန္ဒာ ဗုဒ္ဓဝင် စဉ့်ကွင်း )

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

BURMESE CLASSIC

**နမော သဗ္ဗညုဿ။**

**သဗ္ဗညုဿ**–ခပ်သိမ်းသောတရားတို့ကို သိတော်မူသော မြတ်စွာဘုရားအား၊ **နမော**–ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်စေသတည်း။

သက္ကရာဇ် ၁၃၀၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့စွဲဖြင့် "မြန်မာတို့၏ ဝတ်ဆင်ထုံးဖွဲ့မှု" စာအုပ်ကြီး၏ နိဒါန်းကို အောက်ပါအတိုင်း ရေးသားခဲ့ပေသတည်း။

မြန်မာ့ယဉ်ကျေးမှုအရပ်ရပ်တို့သည် ခရစ်နှစ်မစမီ အနှစ် ၄–၅၀၀ ခန့်လောက်ကပင် အစပြုနေပြီဖြစ်ကြောင်းကို တကောင်းရာဇဝင်ကို ကိုး၍ အခိုင်အမာဆိုနိုင်ပေသည်။ ထိုတကောင်းခေတ်ကပင် မြန်မာတို့သည် ကိုယ်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် တခမ်းတနား နေထိုင်ခဲ့သော လူမျိုးများဖြစ်ကြ၍ ယဉ်ကျေးမှု အဆင့်အတန်းတွင်လည်း အောက်တန်းမကျခဲ့ကြောင်းကို ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြနိုင်ပေသည်။ စင်စစ်အားဖြင့် မြန်မာ့ယဉ်ကျေးမှု သက်တမ်းသည် ထိုတကောင်းခေတ်မှစ၍ ရေတွက်လျှင် အနှစ် ၂၀၀၀ ကျော်ပြီဟု ဆိုရပေမည်။

ဤမျှ အစွန့်ရှည်စွာ တည်ရှိလာခဲ့သော မြန်မာ့ယဉ်ကျေးမှုသမိုင်း တစ်လျှောက်တွင်လည်း မြန်မာ့မှု မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော "ဆင်ယင် ထုံးဖွဲ့မှု" များသည် အခြားယဉ်ကျေးမှုများနှင့်အတူ ရာဇဝင်ကြောင်းကို အခြေခံပြု၍ ပြုပြင်ပြောင်းလဲမှု အမျိုးမျိုးတို့ဖြင့် တိုးတက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို တွေ့ရှိရပေမည်။ ရှေးတကောင်းခေတ်မှ ပျူလူမျိုးခေတ်၊ ပျူခေတ်မှ ပုဂံခေတ်၊ ပုဂံခေတ်မှ အင်းဝ, အမရပူရ, ရတနာပုဉ္ဇ မန္တလေး စသည်ဖြင့် ခေတ်အမျိုးမျိုးတို့ကို ကျော်လွှန်လာခဲ့ရ၍ ထို ကျော်လွှန်လာခဲ့ရသည်နှင့်အမျှ ပြုပြင်ပြောင်းလဲမှု အမျိုးမျိုးတို့လည်း ဆင်ယင်ထုံးဖွဲ့မှု သမိုင်းတစ်လျှောက်၌ ဖြစ်ပေါ်ခဲ့ပေသည်။

ဤတွင် "ဝတ္ထုပစ္စည်း သက်သေခံမရှိလျှင် ရာဇဝင်မဟုတ်" ဟူသော အနောက်နိုင်ငံ ရာဇဝင်ပညာရှိကြီးများ၏ ဆောင်ပုဒ်နှင့် လျော်စွာ ဆင်ယင်ထုံးဖွဲ့မှုဆိုင်ရာ အထောက်အထား သက်သေခံပစ္စည်း များကို တင်ပြနိုင်ရပေမည်။ သို့မှလည်း ခိုင်မာပေမည်။ ဤသို့ တင်ပြနိုင်ရန်မှာ ပြည်တွင်းစစ် အကြိမ်ကြိမ် ဖြစ်ပွားခဲ့ခြင်းများနှင့် အိမ်နီးချင်းမှ အင်အားကြီးမားသော တိုင်းပြည်များ၏ စစ်ပြုခြင်းကို မကြာမကြာ ခံခဲ့ရသော မြန်မာပြည်အဖို့မှာ ကောင်းစွာ မလွယ်လှပေ။ သို့ရာတွင် "မြန်မာပြည် ကမ္ဘည်းကျောက်စာဌာန" ဟူ၍ မားမား မတ်မတ်ကြီး ပေါ်လာခဲ့ခြင်းအားဖြင့် ထိုအခက်အခဲမျိုးမှ လွန်မြောက် နိုင်ပြီးလျှင် ၎င်းကျောက်စာ ဌာန၏ စူးစမ်းရှာဖွေမှုများ ထိန်းသိမ်း စောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အဦများနှင့် ပြတိုက် များတွင် တင်ပြထားသော ပစ္စည်းဟောင်းများ၏ အကူအညီဖြင့် ဤ ဆင်ယင်ထုံးဖွဲ့မှုသမိုင်းကို အလွယ်တကူ လေ့လာယူနိုင်ပေသည်။

ရှေးတကောင်းခေတ်မှာ မြန်မာရာဇဝင်တင်စ ခေတ်ဦးဆီကဖြစ်၍ ၎င်း ခေတ်နှင့်ဆိုင်သော ပစ္စည်းဟောင်းအထောက်အထားများကို မြန်မာပြည်၏ အခြေအနေအရ တင်ပြရန် မဖြစ်နိုင်တော့ပေ။ သို့ရာတွင် ရှေးအကျဆုံးဟု ယူဆရသည့် ပျူလူမျိုးတို့နှင့် သက်ဆိုင်သော သက်သေ ခံပစ္စည်းဟောင်းများကိုမူကား ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်း ရာများမှ ရှာဖွေတွေ့ရှိရသဖြင့် ၎င်းပျူလူမျိုးတို့၏ ဆင်ယင်ထုံးဖွဲ့မှု များကို ကျွန်ုပ်တို့သည် အတော်အတန် ပြည့်စုံစွာ လေ့လာယူနိုင် ကြပေသည်။

၎င်းနောက် ပုဂံခေတ်နှင့်ဆိုင်သော ဆင်ယင်ထုံးဖွဲ့မှုများကိုလည်း ပုဂံခေတ်က ရေးခြယ်ထုလုပ်ခဲ့သည့် ပန်းချီ၊ ပန်းပု စသော ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ရာများကို အထောက်အထားပြု၍ ပြည့်စုံစွာ လေ့လာယူနိုင်ကြပေသည်။ ထို့အတူ အင်းဝခေတ်၊ အမရပူရခေတ်၊ မန္တလေးခေတ် စသော ခေတ်ဟောင်းများ၏ ဆင်ယင်ထုံးဖွဲ့မှုများကိုလည်း ထိုခေတ်အလိုက် ရေးခြယ်ထုလုပ်ခဲ့သည့် ရုပ်လုံး ရုပ်ပြား ပန်းချီကား စသည်တို့မှ အထောက်အထားယူနိုင်၍ ဤဘက်ခေတ်တွင်လည်း ဤဘက်ခေတ်အလိုက် ခေတ်ပေါ်ပန်းချီကားများ ဓာတ်ပုံဟောင်းများနှင့် မျက်မြင်ကိုယ်တွေ့ပါ လေ့လာယူနိုင်ကြပေသည်။

စင်စစ်အားဖြင့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော ဤ 'ဝတ်ဆင်ထုံးဖွဲ့မှု' သမိုင်းကို အခြားယဉ်ကျေးမှုများဖြစ်ကြသည့် ပန်းချီ၊ ပန်းပု စသော အနုပညာ လက်ရာများနှင့် မယ်ဘွဲ့ မောင်ဘွဲ့ပျို့၊ ကဗျာများ၊ ၎င်းပြင် နိုင်ငံခြားသား မှတ်တမ်းများကိုပါ အခြေပြု၍ လေ့လာယူမှသာ ပြည့်စုံမည်ဖြစ်ပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်သည် ဤ "ဝတ်ဆင်ထုံးဖွဲ့မှု" စာအုပ်ကို ပြုစုရာ၌ ရှေးမြို့တော်ဟောင်းများဖြစ်ကြသော သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ အမရပူရ စသော မြို့ဟောင်းများသို့ အကြိမ်ကြိမ်အခေါက်ခေါက် သွားရောက်ပြီးလျှင် ထိုမြို့များရှိ ရှေးက ရေးခြယ်ထုလုပ်ခဲ့သော ပန်းချီ ပန်းပု စသည့် ရှေးဟောင်းပစ္စည်းများမှ ဆင်ယင်ထုံးဖွဲ့မှုနှင့်ဆိုင်သော အထောက်အထားများကို ရနိုင်သမျှ စုဆောင်းပြီးလျှင် ရာဇဝင်မှတ်တမ်းများနှင့် ညှိနှိုင်း၍ ရေးသားခြင်း ဖြစ်ပေသတည်း။

ဤကား လွန်ခဲ့သည့် ၈ နှစ်တိတိ အချိန်က ရေးသားခဲ့သော ဝတ်ဆင်ထုံးဖွဲ့မှု စာအုပ်နိဒါန်းပေတည်း။

ထိုစဉ်အခါက ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေချိန်ဖြစ်၍ မြန်မာပြည်တွင်လည်း ဖက်ဆစ်ဂျပန်နှင့် အင်္ဂလိပ် အမေရိကန်တို့ အပြန်အလှန်တိုက်ခိုက်နေပေရကား၊ စစ်နှင့် မပတ်သက်သော အရပ်သူ အရပ်သားတို့မှာ အသက်ဘေးလွတ်မည်ထင်ရာ လုံခြုံရာသို့ ပုန်းရှောင်နေရသည့်အခါ ဖြစ်လေသည်။ ထိုအထဲတွင် ဤစာရေးသူလည်း အပါအဝင်ဖြစ်၍ စစ်ဘေးအတွက် အတော်အတန် စိတ်ချရမည်ဟု ထင်ရသော ဆွေမျိုးများရှိရာ စစ်ကိုင်းတောင်ခြေ ဧရာဝတီမြစ်ကမ်းနဖူးရှိ "ဝါးချက်ရွာ" သို့ စစ်ပြေးဘဝနှင့် ရောက်သွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စစ်ပြေးဘဝနှင့် အားလပ်ခွင့်ရစဉ်၊ စစ်မဖြစ်မီ ၁၀ နှစ်ခန့်အတွင်းက စုဆောင်းလာခဲ့သော မှတ်စုမှတ်တမ်းများ ကိုယ်နှင့်တစ်ပါတည်း ပါခဲ့သည့် အလျောက် ထိုမှတ်စုမှတ်တမ်းများမှ ထုတ်နုတ်ပြီး "မြန်မာတို့၏ ဆင်ယင်ထုံးဖွဲ့မှု အကြောင်း" ကို စာတစ်စောင်တစ်ဖွဲ့ ပြုစုလိုစိတ် ပေါ်လာပါသည်။ ဤစိတ်ဖြစ်ပေါ် လာရသည်မှာလည်း စစ်၏ အလားအလာကို မသိနိုင်သည့်အတွက် အကယ်၍များ စစ်ဘေးစစ်ဒဏ် ကြုံခဲ့သော် အနှစ်နှစ်က စုဆောင်းလာခဲ့သော ဗဟုသုတများမှာ တိုင်းပြည်အတွက် မည်သို့မျှ အသုံးမပြုရဘဲ အလဟဿ ပျက်စီးသွားမည့်အရေးကို မျှော်တွေးစိုးရိမ်မိသဖြင့် လေကြောင်းအန္တရာယ်မကင်းလှသော အချိန်မှာပင် လေယာဉ်ပျံသံ နားစွင့်ပြီး မြန်နိုင်သမျှမြန်အောင် စာအုပ်အပြီးလုပ်၍ ရေးခဲ့ရခြင်း ဖြစ်ပေသည်။

ဤသို့ တက်သုတ်ရိုက်၍ ရေးခဲ့ရသဖြင့်လည်း ဤစာအုပ်မှာ ကျွန်ုပ်တို့ ရည်မှန်းထားသလောက် ပြည့်စုံလှပြီဟု ဝန်မခံနိုင်သေးပါ။ ၎င်းပြင် စစ်အတွင်း ဖြစ်ပြီး၊ ခရီးကလည်း ကျုံ့လှသဖြင့် အထောက်အထားပိုမိုစုံလင်အောင် ရှာဖွေခွင့် လည်း မရှိခဲ့ပါ။ ရသမျှနှင့်ပင် စာတစ်စောင်တစ်ဖွဲ့ဖြစ်အောင် ပြုစုရသဖြင့် အမှားအယွင်း အချွတ်အချော်ရှိလျှင်လည်း သည်းခံ၍ ပြင်ဆင်ကြစေလိုပါသည်။

ဤ "ဝတ်ဆင်ထုံးဖွဲ့မှု" စာအုပ်မှာ ဂျပန်ခေတ်တွင် အပြီးရေးခဲ့သဖြင့် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အင်္ဂလိပ်ခေတ်အထိသာ ဖော်ပြနိုင်ခဲ့ပါသည်။ စစ်ပြီး ဤဘက်ခေတ် အခြေအနေကိုကား ဦးလှတို့က ဆက်လက်ပြုစုကြပါသည်။ စင်စစ် အားဖြင့် လက်ရေးမူမှ ပုံနှိပ်မူအဖြစ်သို့ ရောက်ရန် နောက်ဆုံး ကြိုးစားရသည့် အချိန်၌ ဤစာအုပ်ရေးသူမှာ ပြန်လည်ကြည့်ရှုရန် အချိန်မရခဲ့ပါ။ သို့ရာတွင် မူကောင်းမူသန့်ဖြစ်ရန် "သုခမ္မဝတီစာတည်းအဖွဲ့" က အောက်ခြေမှတ်ချက်များပါ ထည့်ပြီးလျှင် တည်းဖြတ်ပြင်ဆင်ပေးကြသဖြင့် ၎င်းတို့အား ကျေးဇူးအထူးတင် ကြောင်းကို ဤနိဒါန်းမှ ဖော်ပြလိုက်ရပေသတည်း။

ရွှေကိုင်းသား
စစ်ကိုင်းတောင်ရိုး
၁၃၁၂ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်။

www.burmeseclassic.com

www.burmeseclassic.com



## ကိုးကားညှိနှိုင်းသော ကျမ်းများ

ဤ "ဝတ်ဆင်ထုံးဖွဲ့မှု" စာအုပ်ကို ပြုစုရေးသားရာ၌၊ ရာဇဝင်ကြောင်းကို နောက်ခံထား၍ စီစဉ်ရေးသားခဲ့သည့်အတိုင်း မှန်နန်းရာဇဝင်တော် ၃ တွဲနှင့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ၃ စောင်ကို မှူထားပြီးလျှင် ဦးဘသန်း၊ ဦးအုန်းမောင်၊ ဦးမင်းဟန်တို့၏ မြန်မာရာဇဝင်ချုပ်ကျမ်းများနှင့် ညှိနှိုင်း တိုက်ဆိုင်ခဲ့ပါသည်။

ထို့ပြင် ပုဂံ၊ ပင်းယ၊ အင်းဝ စသော ကျောက်စာဟောင်းများနှင့် ထိုခေတ်ပေါ် ကဗျာဟောင်းများ ခေတ်ပေါ်ကဗျာသစ်များကိုလည်း ကြည့်ရှုကိုးကားခဲ့ပါသည်။

၎င်းပြင် မြန်မာမင်္ဂလာမင်းခမ်းတော်စာအုပ်၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ရွှေဘုံနိဒါန်း၊ ရာဇသေဝကဒီပနီ၊ ဟံသာဝတီပါမင်းနှင့် ငါးဆူဒါယကာမင်း အမှားတော်ပုံ၊ ဝေါဟာရတ္ထပကာသနီ၊ အဂ္ဂိပါးဒီပနီ၊ သခင်ငြိကာ စသည်များနှင့် ဂျေ–စကော့၏ အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်အတွက် ဂေဇက်တီးရားများလည်း ဤစာအုပ်ပြုစုရာ၌ များစွာအထောက်အပံ့ ဖြစ်ခဲ့ပါသည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှလည်း မြန်မာတို့၏ဝတ်ဆင်ထုံးဖွဲ့မှုနှင့်ပတ်သက်သော အကိုးအကားကို ရရှိခဲ့ပေသေးရာ ၁၃၀၁ ခုနှစ်က ကျင်းပခဲ့သော အမျိုးသမီးကောင်စီ နှစ်ပတ်လည် အစည်းအဝေးတွင် ဒေါ်ခင်သိန်း (ဘီအေ၊ ဘီအီးဒီ, ဘီအယ်) ၏ ဟောပြောချက်များသည် တရုတ်ရာဇဝင် ဆရာများ၏ မှတ်တမ်းများမှ ကောက်နုတ်ဖော်ပြသော မြန်မာအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုအကြောင်းဖြစ်၍ အဖိုးတန်သော အကိုးအကားတစ်ခုဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ၎င်းဆောင်းပါးကို သူရိယ နှစ်ပတ်လည် စာစောင်ကြီးမှ ရရှိပါသည်။

ဤဖော်ပြခဲ့ပြီးသော အကိုးအကားများအပြင် ရှေးဟောင်းပန်းချီ၊ ပန်းပုဆိုင်ရာ အထောက်အထားများနှင့် ခေတ်ပေါ်ပန်းချီ၊ ဓာတ်ပုံများကိုပါ မှီငြမ်းပြုကြောင်း ကောင်းစွာ ဖော်ပြအပ်ပေသတည်း။

ရွှေကိုင်းသား

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

## အခန်း (၁)


ရှေးခေတ် ဝတ်ဆင်ထုံးဖွဲ့မှုများ ၁

- တကောင်းခေတ် ၁
- ပျူခေတ် ၃
- ဟန်လင်းပျူခေတ် ၃
- သရေခေတ္တရာပျူများ ၄
- တရုတ်ရာဇဝင်ဆရာများ၏ မှတ်တမ်းများ ၆
- ရခိုင်တို့၏ ပျူလူမျိုး ၇
- ပျူဘွဲ့လင်္ကာ ၈


## အခန်း (၂)


ရှေးဦးပုဂံခေတ် ၉

- နဂါးအမတ်များ ဖောင်းထုပ် ၁၀
- အလယ်ပိုင်း ပုဂံခေတ် ၁၁
- ပုဂံခေတ် ဖောင်းထုပ် ၁၂

ယောက်ျားများအတွက် အဆင်တန်ဆာ ၁၂

- ဒုယင် ၁၂
- ဖျင် ၁၃
- ဝတ်လုံ ၁၄
- ကိုယ်ကျပ်အင်္ကျီ ၁၅
- ခါးစည်း ၁၅
- ခြေအိတ် ၁၅


www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| **ပုဂံသူများ ဝတ်ဆင်ထုံးဖွဲ့မှု** | ၁၆ |
| လက်ကောက်နှင့် လက်ကျပ် | ၁၇ |
| ခါးကြိုးတန်ဆာ | ၁၇ |
| ခြေချင်း | ၁၇ |
| ရင်ကွဲအင်္ကျီ၊ ရှေ့ကွဲထဘီ | ၁၈ |
| ရင်ဝတ်တော် | ၁၈ |
| **ပုဂံခေတ် အလှပြင်နည်းများ** | ၁၉ |
| ဆံထုံး ၅၅ မျိုး | ၂၀ |
| ဆံထုံးတော်ဘွဲ့အန်ချင်း | ၂၁ |
| ပုဂံခေတ် နိဂုံးချုပ် | ၂၂ |


အခန်း (၃)


| | |
|---|---|
| **သက္ကရာဇ် ၇၂၆ မှ ၁၁၁၃ အင်းဝခေတ်** | ၂၅ |
| ဥပါလိသိမ် ဆေးရေးကား | ၂၅ |
| အချိတ်ပုဆိုး | ၂၆ |
| သိုး | ၂၇ |
| ခမောက် | ၂၇ |
| ဖောင်းထုပ် | ၂၇ |
| တရုတ်မှတ်တမ်းများ (အင်းဝခေတ်) | ၂၈ |
| အင်းဝသူများ ဝတ်ဆင်ထုံးဖွဲ့မှု | ၂၈ |
| အင်းဝခေတ် မယ်ဘွဲ့ကဗျာ | ၂၉ |
| မိဖုရားကြီးများ၏ အဆင်တန်ဆာတော် | ၃၀ |
| အင်းဝခေတ် ဆံထုံးများ | ၃၁ |
| အင်းဝခေတ် ကချေသည် | ၃၃ |


www.burmeseclassic.com

www.burmeseclassic.com



**အင်းဝခေတ် ဝတ်စားတန်ဆာများ စိစစ်ချက်** ၃၄
ဖျင် ၃၄
အင်္ကျီ ၃၅
တုရင် – သင်တိုင်း ၃၅
ထဲနီး ၃၆
ထဘီ ၃၆
ပုဆိုး – ကေနံ ၃၆
စုလျား ၃၆
ပဝါ – တဘက် ၃၇
ခါးကြိုး ၃၇
ရွှေခြေချင်း ၃၇
စလွယ် ၃၇
ရက်ကန်းပညာ ၃၈
ခဝါသည် ၃၈
နိုင်ငံခြားအထည်များ ၃၈
အင်းဝခေတ် နိဂုံးချုပ် ၃၉

## အခန်း (၄)

**တောင်ငူနှင့် ဟံသာဝတီခေတ်** ၄၁
ရာဇဓာတုကလျာ၏ အဆင်အပြင် ၄၁
မွန်ဆံဖြတ်ပုံ ၄၂
တပင်ရွှေထီး ၄၂
ဟံသာဝတီ ဆင်ဖြူရှင် ၄၃
ရမန်ဆံ၊ ပန်းဆိုးပေါင်းထုပ်၊ ဆံမြိတ် ၄၄
ဆေးရေးပုဆိုး ၄၄
အင်းဝခေတ် ရခိုင်သူများ ၄၄
ထိုးကွင်း ၄၆
ထိုးကွင်းမှတ်တမ်း ၄၇

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

ကုန်းဘောင်ဆက်ခေတ် ၄၉
ညြဝါဒထူးပျို့ ၄၉
အလောင်းဘုရားလက်ထက် ၅၀
အလောင်းဘုရားကြီး၏ အဆင်တန်ဆာတော် ၅၁
အလောင်းမင်းတရားကြီး၏ ပုံတော် ၅၁
အင်းဝသူများ ၅၂
ရင်သိမ်း ၅၂
ကိန္နရာက ၅၃
အထည်မျိုးမည်များ ၅၃

အခန်း (၆)

ဘိုးတော်ဘုရားလက်ထက် (၁၁၄၃-၁၁၈၁) ၅၅
ခါးတင်ထိုး ၅၆
ခါးချပ်ဝတ် ၅၇
အမရပူရခေတ် နိုင်ငံခြားသားများ ၅၈
ဘိုးတော်၏ အသွင်အပြင် ၅၉
ဆံထုံးငါးမျိုး ၆၀
ဖောင်းတော်ဆောင် ၆၁
ဆံထုံးတော်ခုနစ်မျိုး ၆၂
ဗျာပါဆံ (အင်းဝခေတ်) ၆၃
တို့ဖတ် ၆၄
ဘကြီးတော်လက်ထက် (၁၁၈၁-၁၁၉၉) ၆၄
ပုသိမ်ပဝါ ၆၅
ပူပုံထုံး ၆၆

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)


ရတနာပုံမန္တလေးခေတ် (၁၂၁၄ - ၁၂၄၇) ၆၇

မန္တလေးသူများ ၆၇

ဗျာပါဆံ (မန္တလေးခေတ်) ၆၉

ခေါင်းပေါင်းဖြူဖော့လုံး ၆၉

ပုဆိုးတောင်ရှည် ၇၁

ပလာပုဆိုး၊ ပလာထဘီ ၇၂

ကုန်းဘောင်ခေတ်နိဂုံးချုပ် ၇၃


အခန်း (၈)


ခေတ်သစ်ချိန် (၁၂၄၇ - ၁၃၀၃) ၇၅

ဘိုကေ (ဘိုဆံတောက်) ၇၆

အင်္ကျီပါး ၇၉

ပင်နီအင်္ကျီ ၈၁

အင်္ကျီပါးစစ်ပွဲ ၈၂


နောက်ဆက်တွဲ


ဒုတိယကမ္ဘာစစ်တွင်းခေတ် ၈၇

အာရှမယ် ၈၈

အမောက်ခေတ် ၈၉

နိုင်လွန်ခေတ် ၈၉

အင်္ကျီလက်တိုခေတ် ၉၀

နိဂုံး ၉၃


www.burmeseclassic.com

www.burmeseclassic.com



# မြန်မာတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများ
## အက္ခရာစဉ် မာတိကာ
နောက်ဂဏန်း – စာမျက်နှာ

(အ - အာ - ဥ - ဧ - ဩ)


အင်္ကျီ
အင်္ကျီပါး
အင်္ကျီပါးစစ်ပွဲ
အင်္ကျီလက်တိုခေတ်
အချိတ်ပုဆိုး
အထည်မျိုးမည်များ
အမရပူရခေတ် နိုင်ငံခြားသားများ
အမောက်ခေတ်
အလယ်ပိုင်း ပုဂံခေတ်
အလောင်းမင်းတရားကြီး၏
အဆင်တန်ဆာတော်
အလောင်းမင်းတရားကြီး၏ပုံတော်
အလှပြင်နည်းများ (ပုဂံခေတ်)
အလှပြင်နည်းများ (နောက်ခေတ်)
အာရှမယ်
ဥပါလိသိမ် ဆေးရေးကား
ဧကန်
ဩဝါဒထူးပျို့ကောက်ချက်
အင်းဝခေတ် ကချေသည်
အင်းဝခေတ်ဆံထုံး
အင်းဝခေတ် ဝတ်စားတန်ဆာ
အင်းဝခေတ် နိဂုံးချုပ်
အင်းဝခေတ် မယ်ဘွဲ့ကဗျာ
အင်းဝသူများ


www.burmeseclassic.com

www.burmeseclassic.com



(က - ခ)


ကတ္တီပါ
ကိန္နရာ–က
ကုန်းဘောင်ဆက်ခေတ်
ကုန်းဘောင်ခေတ် နိဂုံးချုပ်
ကိုယ်ကျပ်အင်္ကျီ
ခမောက်
ခဝါသည်
ခါသာ
ခါးကြိုးတန်ဆာ
ခါးချပ်ဝတ်
ခါးဆီး
ခေတ်ပေါ်အထည်များ
ခေါင်းပေါင်းဖြူဖော့လုံး
ခေတ်သစ်ချိန်
ခြေအိတ်
ခြေချင်း


(စ - ဆ - ဇ)


စလွယ်
စုလျား
ဆေးရေးပုဆိုး
ဆံထုံး ၅၅ မျိုး
ဆံထုံးတော်ဘွဲ့ အန်ချင်း
ဆံထုံးငါးမျိုး
ဆံထုံးခုနစ်မျိုး
ဆံမြိတ်
ဇာဘော်လီ


www.burmeseclassic.com

www.burmeseclassic.com



(တ - ထ - ဒ - န)

တကောင်းခေတ်
တစ်ပတ်လျှိုဆံထုံး
တပင်ရွှေထီး မွန်ဆံဖြတ်
တဘက်
မွန်ဆံဖြတ်
တရုတ်မှတ်တမ်းများ
တုယင် (တုရင်)
တို့ဖတ်
တောင်ငူခေတ်
ထဘီ
ထဲနှီး
ထိုးကွင်း
ဒုတိယကမ္ဘာစစ်ခေတ်
ဒုယင်
နဂါးအမတ်များ၏ ဖောင်းထုပ်
နိုင်လွန်ခေတ်

(ပ - ဖ - ဗ - ဘ - မ)

ဗလာပုဆိုး၊ ဗလာထဘီ
ပုဂံခေတ် (ရှေး–အလယ်)
ပုဂံခေတ် ဖောင်းထုပ်
ပုဂံခေတ် အလှပြင်နည်း
ပုဂံခေတ် နီဂိုးချုပ်
ပုဂံသူများ ဝတ်ဆင်ထုံးဖွဲ့မှု
ပုဆိုး
ပုဆိုးတောင်ရှည်
ပဝါ

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်ပဝါ
ပူပုံထုံး
ပင်နီအင်္ကျီ
ပျူခေတ်
ပျူများ (ဟန်လင်းပျူ)
ပျူများ (သရေခေတ္တရာပျူ)
ပျူများ (ရခိုင်ပျူ)
ပျူများ (ပျူဘွဲ့လင်္ကာ)
ဖျင်
ဖောင်းထုပ်
ဖောင်းတော်ဆောင်
ဘိုကေ (ဘိုဆံတောက်)
ဗျာပါဆံ (အင်းဝခေတ်)
ဗျာပါဆံ (မန္တလေးခေတ်)
ဘကြီးတော်လက်ထက်
ဘိုးတော်၏ အသွင်အပြင်
မန္တလေးခေတ်
မန္တလေးသူများ
မိဖုရားကြီးများ၏ အဆင်တန်ဆာတော်
မောက်တို

(ယ-ရ-လ-ဝ-သ-ဟ)

ယောကျ်ားများ အဆင်တန်ဆာ
ရခိုင်သူများ
ရမန်ဆံ
ရာဇဓာတုကလျာ–အဆင်အပြင်
ရက်ကန်းပညာ
ရင်ကွဲအင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဝတ်တော်
ရင်သိမ်း
ရှေ့ကွဲထဘီ
ရှေးဦးပုဂံခေတ်
ရှေးခေတ် ဝတ်ဆင်ထုံးဖွဲ့မှုများ

လေယာဉ်ပျံ ဆံထုံး
လက်ကောက်
လက်ကျပ်
လွှာရုံတော်
ဝတ်လုံ
သင်တိုင်း
သိုး
ဟံသာဝတီခေတ်
ဟံသာဝတီ – ဆင်ဖြူရှင်

■

www.burmeseclassic.com

www.burmeseclassic.com



## ပန်းချီ နှင့် ဓာတ်ပုံကားများ၏ မာတိကာ

၁။ ကျန်စစ်သားခေတ် ဆင်ယင်ထုံးဖွဲ့မှု
(ပုဂံအာနန္ဒာဗုဒ္ဓဝင်စဉ့်ကွင်း)
၂။ ဟန်လင်းသရေခေတ္တရာ၊ ပြူလူမျိုးတို့ ဝတ်ဆင်ထုံးဖွဲ့ပုံ
၃။ ပျူခေတ်
၄။ ပုဂံခေတ်မင်းနှင့် အရပ်သားများ
၅။ ပုဂံခေတ် အချပ် ၃
၆။ ပုဂံခေတ် အချပ် ၄
၇။ ပုဂံခေတ် အချပ် ၅
၈။ ပုဂံခေတ် အချပ် ၆
၉။ ပုဂံခေတ် အချပ် ၇
၁၀။ အင်းဝခေတ် သိဒ္ဓတ္ထမင်း တောထွက်ခန်း
၁၁။ အင်းဝနှင့် အမရပူရခေတ် အချပ် ၇
၁၂။ ဗျာပါဆံ (မထွေးလေး) အချပ် ၈
၁၃။ အင်းဝခေတ် ယောကျ်ားမိန်းမတို့ ဝတ်ဆင်ပုံ
၁၄။ အမရပူရခေတ် အချပ် ၉
၁၅။ အမရပူရခေတ် မင်းသား မင်းသမီးတို့ ဝတ်ဆင်ပုံ
၁၆။ အမရပူရခေတ် က,ချေသည်
၁၇။ အင်းဝခေတ် ဝန်ကြီးကတော်ပုံ
၁၈။ အင်းဝခေတ် အတွင်းဝန်ကတော်ပုံ
၁၉။ ဆံထုံးတော် ၇ မျိုး
၂၀။ အမရပူရခေတ် အမျိုးသမီးတစ်ဦး ဝတ်ဆင်ပုံ
၂၁။ အမရပူရခေတ် အချပ် ၁၄
၂၂။ အမရပူရခေတ် အိမ်ထောင်စုံ
၂၃။ ရတနာပုံ မန္တလေးခေတ် ခေတ်ဆန်သူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



၂၄။ မန္တလေးခေတ် ရှေးအဝတ်အစား
၂၅။ ရတနာပုံခေတ် အပျိုချောတစ်ဦး
၂၆။ ရတနာပုံ မန္တလေးနောက်ပိုင်းခေတ်
ရင်စည်းပဝါစည်းထားပုံ
၂၇။ ရတနာပုံ မန္တလေးနောက်ပိုင်းခေတ်
စတီလက်ကောက်နှင့် ဖက်ဖြူလိပ်
၂၈။ ရတနာပုံနောက်ပိုင်း (တရုတ်ဖဲအင်္ကျီ)
၂၉။ ရတနာပုံနောက်ပိုင်း အချိတ်လုံချည်
၃၀။ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ဆံထုံးကြီး
၃၁။ အင်္ကျီပါး
၃၂။ ဒုတိယကမ္ဘာစစ်အတွင်း အာရှမယ်
၃၃။ စစ်ပြီးခေတ် ၁၉၄၇ ခုနှစ်၊ ရွှေမန်းမယ်
၃၄။ မန္တလေးနောက်ပိုင်းခေတ် အဝတ်အစားနှင့်
ယခုခေတ် အမျိုးသမီးများ
၃၅။ ၁၉၅၁ ခု၊ နိုင်လွန်အင်္ကျီလက်တို

စာပေချစ်သူများအတွက် ရှေးဟောင်းစာအုပ်များကို ပြန်လည်မျှဝေခြင်း ဖြစ်ပါသည်။
www.burmeseclassic.com

www.burmeseclassic.com

# မြန်မာတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

# ရှေးခေတ် ဝတ်ဆင်ထုံးဖွဲ့မှုများ

### (က) တကောင်းခေတ်

ရှေးခေတ်[၁] မြန်မာတို့၏ ဝတ်ဆင်မှုအကြောင်း ရေးသားရမည်ဆိုသော် "မြန်မာအစ တကောင်းက" ဟူသော စကားနှင့်အညီ မြန်မာရာဇဝင်[၂] ၏ အစဖြစ်သော တကောင်းခေတ်မှ စတင် ရေးသားသင့်လေသည်။ သို့သော် တကောင်းခေတ်ကား၊ ခရစ်မပေါ်မီ နှစ် ၅၀၀ (BC. ၅၀၀) ခန့်က စတင်ခဲ့သဖြင့် ယခုခေတ်မှ ပြန်လည်ရေတွက်သော် နှစ်ပေါင်း ပဝေဏီ[၃] (အနှစ် ၂၄၀၀) ကျော်ကြာရှည်ခဲ့လေပြီ။ ကျွန်ုပ်တို့ အလိုရှိအပ်သော ဝတ်ဆင်ထုံးဖွဲ့မှုနှင့်ပတ်သက်၍ သက်သေသာဓက[၄] များသည် ထိုမျှအချိန်အတွင်းတွင် တည်တံ့ခိုင်မြဲနိုင်မည် မဟုတ်ပေ။ အနှောင့်အယှက်တစ်မျိုးမျိုးဖြင့် အမှန်ပျက်စီးရပေလိမ့်မည်။

---

၁။ ခေတ်=ပါဠိပျက်။ ခေတ္တပုဒ်=လယ်တာမြေသဖွယ် လူတို့၏ အကျိုး တိုးတက်ကြီးပွားစေနိုင်သောအခါ။

၂။ ရာဇဝင်=ပါဠိပျက်။ ရာဇ အင်=မင်းတို့၏ အဖြစ်သနစ် အကြောင်းအရာကို ဖော်ပြသော ကျမ်း။

၃။ ပဝေဏီ=အလွန်ဝေးသော အတိတ်ကာလ အစဉ်အဆက်။

၄။ သာဓက=ပါဠိ။ ရှေးစကားကို ယုံကြည်စေရန် ခိုင်မြဲသော အကိုးယုတ္တိစကား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝတ္ထုပစ္စည်းသက်သေခံ မရှိကာမျှနှင့်လည်း တကောင်းခေတ်၏ **ဝတ်ဆင်ထုံးဖွဲ့**[၁] မှုများ မရှိမဟုတ်၊ ရာဇဝင်တင်သလောက်ကား တွေ့နိုင်ပေသေးသည်။ **ရွှေဘုံနိဒါန်း**[၂] တွင် သတိုးတိုင်းရမင်းလက်ထက် စည်ကြီး ၅ လုံးနှင့် ခေါင်းလောင်း ၅ လုံး စသော မင်းခမ်းမင်းနားများ ပေါ်ပေါက်ခဲ့ဖူး၏။ ၎င်းနောက် **သတိုး**[၃] ၁၇ ဆက်တွင် ၉ ဆက်မြောက်ဖြစ်သော **သတိုးနဂါးနိုင်**[၄] မင်းလက်ထက်၌ နဂါးကိုနိုင်၍ နဂါး၏အရေကို အသပြာတစ်ရာပေး၍ ဆုတ်စေသည်။ အသပြာ တစ်ထောင်ပေး၍ ချုပ်စေသည်။ နဂါးရေကို အင်္ကျီချုပ်၍ ဝတ်ဆင်ရသည့်သူသည် သူရဲကောင်းမှ ဝတ်ဆင်ကြရသည်။ ထိုကို အစွဲပြု၍ နောက်နောင်မင်းတို့ လက်ထက် နဂါးကြေးကဲ့သို့ သံကိုလုပ်၍ ချုပ်လေသည်။ ယခု သံချပ်အင်္ကျီ ခေါ်ဝေါ်လေသည်။ **တကောင်းပြည်**[၅] တွင် အစဉ်စကားရှိသည်မှာ "ရာပေး၍ ဆုတ်၊ ထောင်ပေးလို့ချုပ်၊ ချစ်တဲ့သူအရိုး ဆံထိုးလုပ်" ဟူသောစကားဖြစ်သည်။ ထိုစကား သုံးခွန်းအရ တကောင်းခေတ်တွင် သံချပ်အင်္ကျီသာမက နဂါးရိုးကိုလည်း "ဆံထိုး" လုပ်၍ သုံးဆောင်ကြောင်း သိရသည်။

စင်စစ်အားဖြင့် တကောင်းမင်းများသည် **ဝိဋဋူပ**[၆] ဘေးရန်ကြောင့် မဇ္ဈိမဒေသမှ ထွက်ပြေးလာသော (ဓရာဇာ အမည်ရှိသော) သာကီဝင်များ၏ အနွယ်တော်ဖြစ်လေသည်။ တစ်နည်းအားဖြင့် **နဂ္ဂသာကီဝင်**[၇] **တိဏ္ဏသာကီဝင်**[၈]

---

၁။ ဝတ်ဆင်ထုံးဖွဲ့မှု=အထုံးအဖွဲ့ပြု၍ ဝတ်ဆင်ပုံ။ အဘွဲ့ပုဒ်မှ ရွေ့လျော၍ အဖွဲ့ဟု ဖြစ်လာ၏။

၂။ ရွှေဘုံနိဒါန်း=ရွှေဘုံပျော်မှီး စောထီးနေနတ် ဘုရင်မင်းမြတ်တို့၏ ပလ္လင်တော် စသော မင်္ဂလာအသုံးအဆောင်ကို ပြဆိုသောကျမ်း။

၃။ သတိုး=ပါဠိပျက်။ သတ္တိဝန္တ =အစွမ်းသတ္တိရှိသော မင်း။

၄။ နဂါးနိုင်=နဂါးမင်းကိုနိုင်သော သတိုးမင်း။

၅။ တကောင်းပြည်=တိဏ္ဏသာကီဝင် စသော သာကီဝင်မင်းတို့၏ ရှေးဦးစွာ တည်ထောင် အပ်သော အထက်အညာရှိ တကောင်းပြည်။

၆။ ဝိဋဋူပ=မဇ္ဈိမဒေသရှိ သာဝတ္ထိပြည်၊ ကောသလမင်းကြီး၏ သားတော် ဝိဋဋူပမင်း။

၇။ နဂ္ဂသာကီဝင်=ကျူပင်ကိုကိုင်၍ ကျူပင်ဟု ပြောဆိုကာ အသက်ဘေးမှ ရှောင်ရှား ရသောကြောင့် နဂ္ဂသာကီဝင်မည်၏။


၈။ တိဏ္ဏသာကီဝင်=မြက်ပင်ကိုကိုင်ကာ တိဏ္ဏဟု ပြောဆို၍ အသက်ဘေးမှ ရှောင်ရှားရ သောကြောင့် တိဏ္ဏသာကီဝင် မည်၏။

www.burmeseclassic.com

www.burmeseclassic.com



# ပြူခေတ်




ပျူခေတ် အချပ်-၁ စ

ဟန်လင်းနှင့် သရေခေတ္တရာခေတ် ပျူလူမျိုးတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများ။ ပုံတွင် က-ခ၊ ဂ-ဃ-င အမှတ်အသားပါသောပုံများမှာ ဟန်လင်းခေတ်ပျူများဖြစ်၍ စ၊ ဆ၊ ဇ အမှတ်အသားတို့မှာ သရေခေတ္တရာပျူများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဋ္ဌသာကီဝင်[၁] ဟူ၍ သာကီဝင် ၃ မျိုး ကွဲပြားလာသည့်အနက် တကောင်းမင်းများသည် တိဏသာကီဝင်များ ဖြစ်ကြသည်ဟု ဆို၏။ ထို့ကြောင့် တကောင်းခေတ်ကောင်းစားစဉ်က ဝတ်ဆင်ထုံးဖွဲ့မှုများသည် သာကီဝင်မင်းများ၏ နမူနာကိုပင် တုပလိုက်နာကြလိမ့်မည်ဟု တွေးထင်ဖွယ်ရှိလေသည်။

## (ခ) ပျူခေတ်

ပျူ[၂] လူမျိုးတို့ခေတ်ကား တကောင်းခေတ်နှင့် မရှေးမနှောင်းပင် အစပြုခဲ့ဟန်တူသည်။ ၎င်းတို့သည် တိဘက်ပြည်အရှေ့ပိုင်းမှ အရှေ့ဘက်လမ်းဖြင့် မြန်မာပြည်တွင်းသို့ အလွန်ရှေးကျလှသော ခေတ်ကပင် ဝင်ရောက်ခဲ့ကြ၏။ နိုင်ငံခြားသား ရာဇဝင်ဆရာများက (တိဘက်တိုဘာမင်း) ဟု အမည်ပေးသော်လည်း ဗမာနှင့် ရခိုင်တို့က "ပျူ" ဟု အသိအမှတ်ပြုကြသည်။ ၎င်းတို့ခေတ်ကား ဟန်လင်းမြို့ဟောင်းမှ သရေခေတ္တရာပျက်သည်တိုင်အောင် ထီးနန်းကြွငှန်းနှင့် အထက်တန်းကျကျ ယဉ်ကျေးခဲ့ကြ၏။ ၎င်းတို့၏ စာပေမှာ ခရစ်နှစ် ၁၂၀၀ ကျော်၊ ၁၃၀၀ အတွင်းထိပင် ထွန်းကားခဲ့လေသည်။ စင်စစ်မှာ ပျူလူမျိုး တို့သည် မြန်မာလူမျိုးတို့၏ မူလအနွယ်ရင်းပင် ဖြစ်လေသည်။

## ဟန်လင်းပျူများ

ရွှေဘိုမြို့နှင့် ၁၀ မိုင်ကွာအရပ်တွင် ဟန်လင်းမြို့ဟောင်းဟူ၍ ပျူတို့၏ နေပြည်တော်ဟောင်းတစ်ခု တည်ရှိလေသည်။ ထိုမြို့ဟောင်းမှ ပျူရုပ်များပါရှိသော ကျောက်ဖျာဟောင်းတစ်ချပ် ရရှိဖူးလေသည်။ အောက်တွင် ဖော်ပြထားသော ပျူလူမျိုးတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများသည် ၎င်းကျောက်ဖျာပေါ်တွင် တွေ့ရှိရသော ပျူရုပ်များအပေါ်တွင် အခြေပြုထားခြင်း ဖြစ်လေသည်။

ဟန်လင်း ပျူတို့၏ ပုံပန်းသဏ္ဌာန်ကား မျက်နှာသွယ်သွယ် ပါးစပ်ကျယ်နှင့် နှုတ်ခမ်းအနည်းငယ်ထူပြီးလျှင် နားပေါက်ကျယ်ကြီးများနှင့် တွေ့ရသည်။

---

၁။ ကဋ္ဌသာကီဝင် = ထင်းကိုကိုင်ကာ ကဋ္ဌဟု ပြောဆို၍ အသက်ဘေးမှ ရှောင်ရှားရသောကြောင့် ကဋ္ဌသာကီဝင် မည်၏။

၂။ ပျူ = ခေတ်အားလျော်စွာ မိမိတို့ဘာသာအရ ဖေါ်ဝေါ်အပ်သော အမျိုးအမည်။ တစ်နည်း၊ အမြတ်ဟော = ပဝရပုဒ်မှလာသော ပါဠိပျက်သဒ္ဒါ။

www.burmeseclassic.com

www.burmeseclassic.com



လည်တွင် ပုတီးသွယ်ကြီးများ ဆွဲဆင်လျက် ဦးခေါင်း၌လည်း ပဝါများ အထပ်ထပ် ရစ်ပတ်ထားသောကြောင့် ဖော်ဂျီဦးထုပ်နှင့် သဏ္ဌာန်တူနေလေသည်။ အချပ် ၁ (က – ခ) အမှတ်ပုံများကို ကြည့်လေ။

၎င်းပြင် အချို့ပျူရုပ်များ၌ ပေါင်းထုပ်အစား၊ ပုဂံခေတ်တွင် တွေ့ရလတ္တံ့သော နဖူးစည်းများကို တပ်ဆင်ထားပေသည်။ ထိုပျူများသည် အသွင်အပြင် အားဖြင့်လည်းကောင်း၊ ပြင်ပုံဆင်ပုံကို ကြည့်၍လည်းကောင်း၊ ပျူမိန်းမပုံနှင့်ပင် သဏ္ဌာန်တူလေသည်။ အချပ် ၁ (ဂ – ဃ) အမှတ်ပုံများကို ကြည့်လေ။ ထို့ပြင် (င) အမှတ်ပုံကဲ့သို့ သရဖူဆောင်းထားသော ပျူများလည်း ရှိပေသေးသည်။ ထိုပျူရုပ်နှင့် ပေါင်းထုပ်ပါသော ပျူများသည် ယောကျ်ားများနှင့် သဏ္ဌာန်တူလေသည်။

ပျူရုပ်အားလုံးပင် အင်္ကျီနှင့် ခါးဝတ်တန်ဆာဟူ၍ ပါရှိဟန်မတူချေ။ သို့မဟုတ် ပါးလွှာလွန်းသော အဝတ်များ ဝင်ဆင်ထားသောကြောင့်၊ ကိုယ်လုံးပေါ် ဖြစ်နေသလော? အမှန်ဆုံးဖြတ်ရန်ကား ခဲယဉ်းဘိ၏။ ၎င်းတို့သည် တင်ပျဉ်ခွေ ရှိခိုးနေဟန်များသာ ဖြစ်ကြ၍၊ **စမခံ**[၁] ပေါ်ရှိ ထက်ပိုင်းကျိုးနေသော ပုဂ္ဂိုလ်သည် မြင့်မြတ်သော ပုဂ္ဂိုလ်တစ်ဦးဦးပင် ဖြစ်ပေလိမ့်မည်။

ဟန်လင်း ပျူနှင့် ပတ်သက်၍ ၎င်းကျောက်ဖျာတစ်ချပ်ကိုသာ ညွှန်ပြစရာ ရှိ၏။ သို့သော် ဟန်လင်းခေတ်သုံး ဒင်္ဂါးများနှင့်လက်ဝတ်လက်စား အပိုင်းအစများ ရှာဖွေတွေ့ရှိခြင်းဖြင့် ဟန်လင်းခေတ် ပျူတို့၏ ဝတ်ဆင်မှုမှာ အောက်တန်းမကျလှဟု ခန့်မှန်းရပေသည်။ ဟန်လင်းသမိုင်းအလိုဖြင့်လည်း ပျူမင်း ပြိုးမင်းလက်ထက်တွင် တရုတ်ပြည်နှင့် အဆက်အသွယ် ဖြစ်ခဲ့ဖူးလေသည်။

## သရေခေတ္တရာ ပျူများ

ပြည်မြို့အနီး မှော်ဇာရွာဟု ထင်ရှားသောအရပ်သည်၊ ရှေးအခါက ပျူလူမျိုးတို့၏ နေပြည်တော်ဟောင်း ဖြစ်ခဲ့ဖူးလေသည်။ ၎င်းအရပ်မှ ပျူခေတ် ယဉ်ကျေးမှုနှင့်သက်ဆိုင်သော ပစ္စည်းဟောင်းများလည်း အတော်အတန်စုံလင်စွာ တွေ့ရှိရလေသည်။ သိမ်ကုန်းနှင့် သရက်တောပြတိုက်များ၌ ပျူလူမျိုးတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုနှင့်သက်ဆိုင်သော ကျောက်ပြားမြေသားပုံများကို တွေ့ရှိနိုင်ပေသည်။

---

၁။ စမခံ = (ပါဠိပျက်) စမ္မခဏ္ဍ။ စမ္မ = သားရေ။ ခဏ္ဍ = အပိုင်း။ သားရေနယ်အပိုင်း။

www.burmeseclassic.com



၁—၁




၁—၂



ပျူခေတ်

ပျူခေတ်တွင် တွေ့ရသော ဝတ်ဆင်ထုံးဖွဲ့မှုအချို့

www.burmeseclassic.com

www.burmeseclassic.com



သရေခေတ္တရာခေတ်ကား သာသနာ ၆ဝ မှ ၆ဝဝ ကျော်အတွင်း ဖြစ်သည်။ သရေခေတ္တရာ ပျူတို့၏ ပုံပန်းသဏ္ဌာန်မှာ ဟန်လင်း ပျူတို့ထက် အချိုးအစား ပြေပြစ်လာလေသည်။ အချပ် ၁ (စ) အမှတ်ဖြင့် ဖော်ပြထားသော ပုံသည် မြေအုတ်ပြားငယ်တစ်ခုတွင် ပုံနှိပ်၍ ပြုလုပ်ထားသော ပျူလူမျိုး မိန်းမ တစ်ဦး၏ ဝတ်ဆင်ပုံပင်ဖြစ်လေသည်။ ထိုပုံ၌ ဟန်လင်း ပျူများကဲ့သို့ပင် အဝတ် အစား ဆင်ယင်ထားသည်ဟု မထင်ရပေ။ သို့သော် ပုလဲခါးပတ် (သို့မဟုတ်) ရှေးအခေါ် ခါးကြိုးတန်ဆာ ဆင်ယင်ထားသောကြောင့် ပါးလွှာလွန်းသော အဝတ်တန်ဆာများ အမှန်ပင် ဝတ်ဆင်ထားလိမ့်မည်ဟု တွေးထင်ရလေသည်။ (ဆ) အမှတ်ပုံသည်ကား ပျူလူမျိုးမိန်းမများသည် ထဘီ (သို့မဟုတ်) ခါးဝတ် တန်ဆာများ ဝတ်ဆင်လေ့ရှိကြောင်း သက်သေပင်ဖြစ်လေသည်။ ၎င်းပြင် (စ) အမှတ်ပုံကို ပြန်လည်ကြည့်ရှုရခြင်းဖြင့် တရုတ်ရာဇဝင်ဆရာများ၏ မှတ်တမ်းနှင့် ကိုက်ညီသော ဆံထုံးပုံကို တွေ့ရှိရပေလိမ့်မည်။ ၎င်းတို့၏ မှတ်တမ်း၌ ပျူလူမျိုး တို့၏ ဆံကေသာ ပြုပြင်ပုံသည် ဆံပင်ကို ဦးခေါင်းပေါ်၌ အရစ်ရစ်ပတ်ထားပြီးမှ ပုလဲသွယ်တို့ဖြင့် ခြယ်လှယ်ထားသည်ဟု ဆိုပါသည်။ ထို ထုံးနည်းမျိုးသည် (စ) အမှတ်တွင် တွေ့မြင်ရသည့်အတိုင်း ယခုခေတ်ပေါ် ကျောင်းသူများ၏ နေရှင်နယ်ဆံထုံးမျိုး (သျှောင်ကလပ်) နှင့် ခပ်ဆင်ဆင်တူသည်ကို တွေ့ရပေ လိမ့်မည်။

ပျူယောကျ်ားများသည် (ဇ) အမှတ်ဖြင့် ပြထားသည့်အတိုင်း ကိုယ်လုံး ကိုယ်ပေါက် တောင့်တင်းခိုင်မာလျက် မျက်နှာမှာ ပြည့်ပြည့်ဝဝ ရှိလှပေသည်။ ၎င်းတို့၏ ဆံထုံးပုံမှာ ပျူမိန်းမများကဲ့သို့ပင် ထုံးဖွဲ့ထားသည်ကို တွေ့ရသည်။ နားတောင်းကြီးများကိုလည်း နားနှစ်ဘက်တွင် ပန်ဆင်လျက် ကိုယ်တွင်လည်း အင်္ကျီယောင်ယောင် တွေ့ရလေသည်။ လက်ကောက်ကြီးများမှာလည်း ပြည့်ဖြိုး သော လက်မောင်းနှင့် လိုက်လျောလှပေသည်။ ပုဆိုးမှာ ခါးတောင်းကျိုက်လျက် တွေ့ရ၍ ခါးစည်းကြိုးကိုလည်း အသုံးပြုထားလေသည်။

ပျူကချေသည်ပုံများ၌ ဆံထုံး (သို့မဟုတ်) ဦးထုပ်သည် (ဆ) အမှတ်ပုံ များကဲ့သို့ ဝန်းဝိုင်းပြီးလျှင် အစင်းများလည်း ပါရှိလေသည်။ သဏ္ဌာန်အားဖြင့် နေရောင်ကာ ဖြတ်ထားသော ဂျော်ကီဦးထုပ်နှင့် သဏ္ဌာန်တူလေသည်။ မိန်းမ ဆောင်းကား အထွတ်ဖြင့် ကွဲပြားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ပျူလူမျိုးများကို ရုပ်လုံးဖော်၍ ရေးသားနိုင်ခဲ့သည်မှာ ၎င်းတို့၏ ယဉ်ကျေးမှုဖြစ်သော ပန်းချီ၊ ပန်းပုပညာများ၏ကျေးဇူးကြောင့် ဖြစ်လေသည်။ ပျူတို့၏ အခြားယဉ်ကျေးမှုတို့မှာ မြို့ပြ ပြည်ရွာ၊ တည်ထောင် အုပ်ချုပ်မှုနှင့် စာပေရေးသားမှုတွင် တတ်ကျွမ်းနားလည်ခြင်း ဖြစ်လေသည်။ ၎င်းပြင် လက်ဝတ်တန်ဆာများကိုလည်း ကျောက်စာဌာနမှ ရှာဖွေတွေ့ရှိခဲ့ဖူးသဖြင့် ၎င်းတို့၏ ဝတ်မှုစားမှုများသည် အထက်တန်းကျခဲ့သည်ဟု ဆိုရန်ရှိသည်။ ထို့ပြင် ရောင်းမှုဝယ်မှုတွင် အပေးအချေ လွယ်ကူစေသော ဒင်္ဂါးများကိုလည်း သွန်းလုပ်ခဲ့ကြလေသည်။

## (ဂ) တရုတ်ရာဇဝင်ဆရာများ၏ မှတ်တမ်း

ကျွန်ုပ်တို့သည် အလွန်ရှေးကျလှသော လူမျိုးတစ်မျိုး၏ ဝတ်ဆင်ထုံးဖွဲ့မှုတို့ကို ရှာဖွေတွေ့ရှိသမျှသော ရှေးဟောင်းပစ္စည်းများအပေါ် အခြေပြု၍ ဉာဏ်မီသလောက် ဖော်ပြခဲ့ပေပြီ။ ယခု ဆက်လက်ရေးသားလိုသည်မှာ တရုတ်ရာဇဝင်ဆရာများ၏ မှတ်တမ်းမှ ကောက်နုတ်ချက် ဖြစ်လေသည်။ ထိုမှတ်တမ်းသည် ခရစ်နှစ် ၂၆၅ မှ ၄၂၀ အထိ အုပ်စိုးသွားသော တရုတ်ပြည် (ဆင်းနန်းဆက်) ခေတ်က ဖြစ်လေသည်။

ထိုမှတ်တမ်း၌ မြန်မာပြည်နယ်စပ်မှ တောင်ဘက် လီ၃၀၀၀ ကွာဝေးသော ဒေသ၌ ပျူလူမျိုးများ နေထိုင်ကြသည်ဟု ဆိုပါကြောင်း၊ ပျူလူမျိုးတို့သည် ယဉ်ကျေးမှုတွင် အဆင့်အတန်းမြင့်ကြ၏။ ၎င်းတို့သည် အပြာရောင် အဝတ်အစားကိုဖြစ်စေ၊ ပင်ကိုယ်ရောင် ပိုးချည်ကိုဖြစ်စေ ခါးပေါ်မှာ ရစ်ပတ် ဆင်မြန်းတတ်ကြသည်။ လက်ထပ်ပြီး အမျိုးသမီးများကား ဆံပင်ကို ဦးခေါင်းပေါ်၌ ရစ်ပတ်ထားပြီးလျှင် ဆံထုံးကို ငွေထည် (သို့မဟုတ်) ပုလဲသွယ်များဖြင့် တန်ဆာဆင်လေ့ရှိသည်။ ထို့ပြင် ပဝါပါးများကိုလည်း လွှမ်းခြုံ၍ လမ်းလျှောက်ထွက်သည့်အခါ၌လည်း ယပ်တောင်ကို ကိုင်ဆောင်လေ့ရှိကြသည်။ လူကုံထံတို့အတွက်မှာ ယပ်တောင်ကိုင် ၄–၅ ဦးပင် ထားတတ်လေ့ရှိသည်။ ပိုးထည်များ ဝတ်ဆင်လေ့မရှိကြပါ။ ပိုးထည်ရက်လုပ်ရခြင်းသည် သူတစ်ပါး၏အသက်ကို သတ်ရသည်ဟု အယူရှိကြသည်။

ကချေသည်တို့မှာ နှင်းဆီရောင် ချည်ထည်ကို ခါးပိုင်းနှင့် ပခုံးပိုင်းမှာ ဆင်မြန်း၍ ရတနာစီခြယ်ထားသော ရွှေလက်ကောက်ကို ဝတ်ဆင်တတ်သည်။ ဦးခေါင်း၌ ဆင်မြန်းသော တန်ဆာမှာ ရွှေဖြင့်ပြီး၍ နားကပ်များကိုလည်း ဝတ်ဆင်ထားလေသည်။ ဆံထုံး၌ ဆင်မြန်းရန် ပန်းများကိုလည်း သိတ်ကြိုးဖြင့် ကုံးထား

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျလာပေပြီ။ စင်စစ်အားဖြင့် ရခိုင်များက ပုဂံခေတ ဗမာများကိုပင် ပျူဟု သိမှတ်ရေးသားကြလေသည်။ ထို့ကြောင့် နော်ရထာမင်းကို ရခိုင်ရာဇဝင်၊ ရခိုင်ချေါင်း၊ သာချင်းတို့၌ ပျူတစ်သိန်းမင်းဟု ရေးသားခဲ့လေသည်။

အောက်တွင် ဖော်ပြထားသော ပျူလူမျိုး မိန်းမများ၏ ဝတ်ဆင်ပုံလင်္ကာသည် သခင်ဒီကာမှရ၍ ရခိုင်ရာဇဝင်လင်္ကာမှ တွေ့ရှိရသည်ဟု ညွှန်းထားလေသည်။

## ပျူဘွဲ့လင်္ကာ

*အပုံပြားထ၊ ခြင်းရာပြအံ့၊ ပျူမတို့မှာ ၊ ဆင်တန်ဆာကား၊ ချောစွာလှတုံ၊ ဖောက်ကျစ်စုံနှင့်၊ ကွက်ဆုံကွက်ထောက်၊ အပြောက်ပြောက်တည့်၊ နောလောက် ပိုးမြိတ်၊ ရိပ်ရောင်ဖိတ်သား၊ လက်ချိတ်လွန်းပြန်၊ ပုဆိုးမှန်ကို၊ မကျန်ခြားနား၊ အနံ့အားမူ၊ မှတ်သားဖြောင့်ဖြောင့်၊ တွက်စစ်မြောင့်သော်၊ နှစ်တောင့်တစ်ထွာ၊ အလျားမှာကား၊ မှန်စွာလေးတောင်၊ လုပ်ကြဆောင်မှ၊ လှအောင်ဆင်မူ၊ ထဘီပြု၍ ညံ့နုကျောလွတ်၊ ခါးချုပ်ဝတ်လျက်၊ ရစ်ပတ်ခါးကြိုး၊ မပတ်ပိုးတည့်၊ ပြောက်ထိုးသွယ်သွယ်၊ ရှုပကာယ်ဖြင့်၊ တင့်တယ်လှစွာ၊ မိကလျာတို့၊ ငါးဖြာအာရုံ၊ စောင့်ထိန်းတုံလည်း၊ မလုံတစ်ဝက်၊ လုံတစ်ဝက်နှင့်၊ တစ်ချက်မဖုံး၊ တစ်ချက်ဖုံး၍၊ နှလုံးရွှင်ပ၊ ပုရိသတို့၊ မြင်ကစိတ်ရောက်၊ ဇောဆန်ရောက်လျက်၊ ရစ်ခေါက်လုပ်လုပ်၊ လက်ထပ်အင်္ကျီ၊ ဝတ်တုံပြီမှ၊ နောက်ဆီဆံစ၊ နပန်းချ၍၊ ထားကြမှုမှတ်၊ ရင်မဝတ်ဘဲ၊ သမြတ်တွဲလွဲ၊ ပုတီးဆွဲသို့ ရောက်မြဲဝန်းယှက်၊ မွေးမျိုးဖက်ကို၊ မပျက်ကိုယ်တွင်၊ လိမ်းပြီးကျင်မှ၊ ရောင်ထင်လုပ်လုပ်၊ ရွှေနားကပ်နှင့်၊ လက်ကျပ်လက်ကောက်၊ ဖိတ်ဖိတ်တောက်အား၊ ဝတ်မြောက်ဆင်ကာ၊ ပိုးဆာပါကို၊ လည်မှာရစ်ဆွဲ၊ နောက်သို့တွဲ၍၊ အမြဲပြုလျှင်း၊ **အဲသီချင်း**[၁]ကို၊ သံညွှင်းပွက်ထ၊ ဆိုကုန်ကြလျက်၊ နစ္စဂီထ၊ က–သီကြလျှင်၊ လှပစေချင်၊ ကြေးညိုစင်အောင်၊ ခါးတွင်ထဘီ၊ ချွတ်တုံပြီမှ၊ ထိပ်ဆီခေါင်းတွင်၊ တင်တုံကျင်၍၊ ရေတွင်ဆင်းထ၊ ချိုးကုန်ကြသည်။ ပျက်ရ ဟီရိအကုန်သောဝ်။*

■

၁။ အဲချင်း=အိုင်ချင်း၊ အဲချင်းဟု ဆိုအပ်သော သီချင်းမျိုးတို့တွင် အပါအဝင်ဖြစ်သော အဲချင်းမျိုး။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )

## ရှေးဦး ပုဂံခေတ်

ပုဂံခေတ်ကား သာသနာတော် သက္ကရာဇ် ၆၅၀ ခန့်က ၁၉၀၀ ကျော် အထိ (A.D 107 - 1368 ) နှစ်ပေါင်း ၁၂၅၀ ကျော်မျှ ကြာရှည်ခဲ့လေသည်။ ဤမျှကြာရှည်ခဲ့သော်လည်း **နော်ရထာမင်း**[၁] မတိုင်မီ ရှေးဦးပုဂံခေတ်က ယဉ်ကျေးမှု အထွေထွေ၏ သာဓကများမှာလည်း များစွာ မကျန်ရစ်ခဲ့ဘဲ၊ ရာဇဝင်တွင် တိမ်မြုပ်လျက် ရှိလေသည်။ ထို့ကြောင့်လည်း ရှေးဦးပုဂံခေတ်တွင် ဝတ်ဆင်ထုံးဖွဲ့မှုနှင့် ပတ်သက်၍ အထောက်အထားရှာဖွေရန်မှာ မလွယ်ကူလှချေ။ သို့သော် **ပျူစောထီး**[၂] ခေတ်တွင် ပျူလူမျိုးအများပင် ရှိနေကြ၏။ ယခု သီရိပစ္စယာဟု ထင်ရှားသော ကျောက်စကားအရပ်၌လည်း သရေခေတ္တရာပျူများ ထိုအခါက ရှိနေကြ၏။ ပုဂံဆိုသောအမည်သည်ပင် ပျူရွာဟု အဓိပ္ပာယ်ရသော ပျူဂါမမှ ဆင်းသက်လာ၏။ ထိုသို့သော **အထောက်အထား**[၃] များကြောင့် ရှေးဦးပုဂံခေတ်တွင် ပျူလူမျိုးများ နေထိုင်ကြ၍၊ ပျူလူမျိုးတို့၏ အဝတ်တန်ဆာကိုပင် ဆက်လက်ဝတ်ဆင်ကြ

---

၁။ နော်ရထာမင်း = ( ပါဠိပျက် ) မနောရထ ပါဠိမှ အနော်ရထာဟုလည်းကောင်း၊ နော်ရထာဟုလည်းကောင်း ဖြစ်လာ၏။ အလိုပြည့်သောမင်း ဟူလို။

၂။ ပျူစောထီး = ပျူတို့၏ မြတ်သော ထီးသုံးဖွယ်ဖြစ်သော မင်း။

၃။ အထောက်အထား = အားထားထောက်မီရာဖြစ်သော အရာများ။

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု တွေးထင်ရ၏။ စင်စစ်အားဖြင့် ဟန်လင်းသရေခေတ္တရာ ပျူရုပ်များနှင့် ပုဂံခေတ် ပန်းချီပန်းပု လက်ရာများသည် များစွာကွဲပြားလှသည် မဟုတ်ပေ။

## နဂါးအမတ်များ၏ ပေါင်းထုပ်

မြန်မာရာဇဝင်များ၌ ပျူစောထီးမင်း၏ မိဖုရား ၂ ပါးတွင် တစ်ပါး တစ်ပါး၌ လက်ပါးစေအပျိုတော် ရှစ်ထောင်စီ ရှိကြသည်ဟု ဆိုသောကြောင့် ပျူစောထီးခေတ်တွင် အလွန်ပင် ကြီးကျယ်ခမ်းနားလိမ့်မည်ဟု တွေးထင်ရ၏။ ၎င်းပြင် မိဖုရားတစ်ပါးမှာ၊ ဣရန္ဒဒေဝီ[1] အမည်ရှိသော နဂါးမင်းသမီးဟု ဆိုသည်။ ရွှေဘုံနိဒါန်း၌ ထိုနဂါးမင်းသမီး၏မယ်တော် နတ်နဂါးက အစောင့်အရှောက် အဖြစ်ဖြင့် နဂါးအမတ်ရှစ်ယောက် ပေးထားသည်ဟု ဆို၏။ ထိုအစောင့်အရှောက် ဖြစ်သော နဂါးအမတ်တို့သည် ဂဠုန်အန္တရာယ်ကြောင့် ကျော့ကွင်းထိပ်၌ စိုက်သည့်သဏ္ဌာန် ပေါင်းထုပ်ရသည်ဟု ဆိုသည်။ နောက်မင်းများလက်ထက်၌ မြေနန်းစမုတ်ဦးအရှေ့ မင်းတက်တံခါးဝဲယာတွင် စောင့်ရသော ပြော့သား တုရင်သားတို့သည် ပျူစောထီးလက်ထက်က နဂါးအမတ်များ ပေါင်းထုပ်ပုံကို အတုယူ၍ (ပေါင်းထုပ်ရွက်ချွန်းကျော့ကွင်းတပ်) သဏ္ဌာန်ပေါင်းထုပ်ကြရလေ သည်။ ဤကား ရှေးဦးပုဂံခေတ်တွင် နန်းတွင်းအမှုထမ်းသားများနှင့် သက်ဆိုင်သော ပေါင်းထုပ်အသုံး စတင်ပေါ်လာခြင်း ဖြစ်လေသည်။

၎င်းနောက် သဉ္ဇလည်ကြောင်မင်းလက်ထက်တွင် ပေါ်ပေါက်သည်ဟု ထင်ရသော "သိုးကလေ" အစချီသော ပုပ္ပားနတ်တောင်ဘွဲ့ လင်္ကာတစ်ပိုဒ်၌၊ "*သိုးကလေ ... မြိတ်လွှတ်စုလည်း၊ အငယ်တည်းက၊ ဣျမ်းဝင်ကြသည်*" ဟူသော စကားဖြင့် အထုံးအဖွဲ့နှင့်ဆိုင်သော မြိတ်လွှတ်၊ စုလည်း စသော အထုံးအဖွဲ့များကို ဖော်ပြသည်။ ၎င်းနောက် "ဆွေမိမင်း" အစချီသော အပိုဒ်၌ "*မျက်သုတ်နီစစ်၊ ရထည်းဖျင်*" ဟူသော စကားဖြင့် အဝတ်အစားနှင့်ဆိုင်ရာ အသုံးများကို တွေ့ရှိရ လေသည်။

---

၁။ ဣရန္ဒဒေဝီ = ရှေးဝိရုရအမတ်ကြီးကို ဆောင်ယူစေသော နဂါးမင်းသမီး၏အမည်ကို ဂုဏ်ယူ၍ မှည့်အပ်သော အမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကား ရှေးဦးပုဂံခေတ်နှင့်သက်ဆိုင်သော အဝတ်အစား အသုံးအဆောင်များတည်း။ ထို့ထက်ပို၍လည်း ရှာဖွေမတွေ့ရသေးချေ။

## အလယ်ပိုင်း ပုဂံခေတ်

မြန်မာသက္ကရာဇ် ၄၁၉ ခု (A.D 1057) နှစ်မှာ နော်ရထာမင်း သထုံကို အောင်မြင်ပြီးနောက် ပုဂံပြည်တွင် နှုတ်မှု လက်မှုပညာများ ထွန်းကားလာလေသည်။ ထိုသို့ ထွန်းကားလာခြင်းပင် ဝတ်ဆင်ထုံးဖွဲ့မှုနှင့် ပတ်သက်၍ အထောက်အထား ရှာဖွေရန် လွယ်ကူစေတော့သည်။ ရှေးဦး ပုဂံခေတ်တွင် စာပေများအပေါ် အခြေပြု၍ ဝတ်ဆင်မှုတို့ကို မှန်းဆရ၏။ ယခုအလယ်ပိုင်းခေတ်တွင် ပန်းချီ၊ ပန်းပု ပညာများ ထွန်းကားလာပြီဖြစ်သောကြောင့် ဝတ်မှုဆင်မှုနှင့် ပတ်သက်၍ ခိုင်မာသော သက်သေခံပစ္စည်းတို့ဖြင့် တင်ပြနိုင်ပေသည်။ ကျောက်စာဟောင်းများ၌လည်း အဝတ်အထည် မျိုးမည်များကို တွေ့ရှိနိုင်၍၊ တရုတ်ရာဇဝင်ဆရာများ၏ မှတ်တမ်း၌လည်း ပုဂံသူများ၏ ဝတ်ဆင်ထုံးဖွဲ့မှုတို့ကို ဖော်ပြကြလေသည်။

ခရစ်နှစ် ၁၁၀၆ ခုနှစ်၌ ကျန်စစ်သားမင်းသည် တရုတ်ပြည်သို့ သံတမန်များ စေလွှတ်လေသည်။ ချွန်ဖေး၏ မှတ်ချက်တွင် "ပုဂံမင်းနှင့်တကွ မှူးမတ်တို့သည် ကြဲ့ဦးချိုနှင့် သဏ္ဍာန်တူသော ရွှေဦးထုပ်များကို ဆောင်းသည်ဟု ဖော်ပြလေသည်။ ပုဂံခေတ် ပန်းချီကားအချို့၌ ၎င်းမှတ်တမ်းတွင် တွေ့ရသော ကြံ့ချို သဏ္ဍာန် ဦးထုပ်မျိုးကို တွေ့မြင်ရပေသည်။ အချပ် ၂(က) အမှတ်ဖြင့် ပြထားသောပုံသည် ၎င်းဦးထုပ်မျိုးပင် ဖြစ်လေသည်။ ထိုပန်းချီကားကို ပုဂံမြို့ ပုထိုးသမြားလိုဏ်[၁] အတွင်းမှ ကူးယူခဲ့သောပုံဖြစ်၍ အောက်နားတွင် "မင်းလုင်ကောင်းမှု" ဟု ရေးထားသည်။

၎င်းနောက် ခရစ်နှစ် ၁၁၇၈ ခုနှစ် မှတ်တမ်း၌ အရာရှိများနှင့်တကွ ပုဂံပြည်သူ ပြည်သားတို့သည် နဖူးပေါ်တွင် သျှောင်တစ်လုံးထုံးကာ အရောင်အသွေးဝါသော ပိုးစနှင့် ရစ်ပတ်ထားတတ်သည်။ တိုင်းပြည်၏ အကြီးအမှူးဖြစ်သူကား ပို၍မြင့်သော ရွှေဦးထုပ်ဖြင့် ခြားနားသိသာပေသည်ဟု ဖော်ပြသည်။ အချပ်

---

၁။ ပုထိုးသမြားလိုဏ်=ပုထိုး–ဘုရားစေတီ၊ သမြား–မြောက်မြား–များ။ လိုဏ်–လေဏ–လိုဏ်ဂူ၊ ဘုရားအများရှိသော လိုဏ်ဂူ။

www.burmeseclassic.com

www.burmeseclassic.com



၂(ဂ) အမှတ်ပုံသည် ပုဂံပြည်သူပြည်သားတို့၏ သျှောင်ထုံးပုံဟု ဆိုရန်ရှိသည်။ ၎င်းပြင် (ဃ) အမှတ်သည်၊ ပုဂံခေတ် လူငယ်များ၏ ဆံထုံးပုံပင် ဖြစ်လေသည်။

ထို့ပြင် အချပ် ၃(က–ခ–ဓ) အမှတ်နှင့် ပုံများသည် ပုဂံခေတ် ယောကျ်ားများ၏ ဆံထုံးပုံ မှုကွဲများ ဖြစ်လေသည်။ အမြင့်တန်းကျသူ သို့မဟုတ် **မင်းကေရာဇ်**[၁] ပုံများ၌ **မကိုဋ်**[၂] သရဖူများကို ဆင်မြန်းလေသည်။ အချပ် ၂(ခ) အမှတ်ပုံသည်ကား ပုထိုးသမြား ဘုရားပန်းချီကားမှ တွေ့ရသော သုဒ္ဓေါဒနပုံဖြစ်၍ ပုဂံခေတ်မင်းကေရာဇ်များ၏ သရဖူဟု ဆိုရန်ရှိသည်။ ပုဂံ အာနန္ဒာလိုဏ်အတွင်းရှိ ကျွန်စစ်သားမင်းပုံတူ ကျောက်ရုပ်၌လည်း နဖူးသင်းကျစ်နှင့်တကွသော သရဖူကို ဆင်မြန်းထားလေသည်။ သို့သော် ရှေ့တည့်တည့်မှကြည့်လျှင် အင်းဝခေတ် ဝန်ကြီးများ၏ ဗောင်းနှင့် ခတ်ဆင်ဆင်တူသည်။

## ပုဂံခေတ် ဗောင်းထုပ်

အချပ် ၃(င) အမှတ်ပုံသည် အာနန္ဒာလိုဏ်အတွင်းမှ တွေ့ရသော သိဒ္ဓတ္ထ မင်းသား၏ ဗောင်းထုပ်ပုံပင် ဖြစ်လေသည်။ ပုဂံရာဇဝင်တွင် အလောင်းစည်သူ မင်းကြီးတစ်ပါးသာ ဗောင်းထုပ်ဆင်ကြောင်း အထင်အရှား ဖော်ပြခဲ့လေသည်။ ဤတွင် ပုဂံခေတ် ယောကျ်ားများသည် အထက်တန်းကျလျှင် ဗောင်းထုပ်သရဖူများ ဆင်မြန်း၍ အလယ်အလတ်တန်းနှင့် အောက်တန်းစားတို့မှာ ပဝါစီး သျှောင်ထုံး သက်သက်နှင့် ဆံပင်နောက်တွဲထုံးများကို ထုံးနှောင်ကြသည်ဟု ဆိုရန်ရှိသည်။

## ယောကျ်ားများအတွက် အဆင်တန်ဆာ

ကိုယ်ဝတ်တန်ဆာနှင့်ပတ်သက်၍ ပုဂံခေတ်တွင် အင်္ကျီဟူသော အသုံး မပေါ်သေးချေ။ **တုယင်**[၃]၊ ဖျင်၊ ဝတ်လုံ ဟူသောစကားများသာ တွေ့ရသေးသည်။

---

၁။ မင်းကေရာဇ်=တစ်ကျွန်းလုံးကို အစိုးရသော မင်း။

၂။ မကိုဋ်=မကုဋ (ပါဠိ) အထွတ် အဖူးတပ်သော ဗောင်းတော်သရဖူ။

၃။ တုယင်=တုရင်။ (ပါဠိပျက်) တောရဏ–တုရင်၊ အထက်အမိုး တုရင်နှင့်တူသော အဝတ်တန်ဆာဟု တစ်နည်းကြံလေ။

www.burmeseclassic.com

www.burmeseclassic.com



# ပုဂံခေတ်



က



ခ



ဂ



ဃ

ပုဂံခေတ် အချပ် - ၂

ပုဂံခေတ် ဝတ်ဆင်ထုံးဖွဲ့မှုများ။ က - ခ အမှတ်အသားတို့မှာ မင်းများ၏ ဆင်ယင်ဝတ်စားပုံဖြစ်ပြီး ဂ - ဃ အမှတ်အသားတို့မှာ သာမန်လူ တန်းစားတို့၏ ပေါင်းပုံ ထုတ်ပုံ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုယင်

တုယင် သို့မဟုတ် ဒုယင်သည် အထက်တန်းကျ၍ မင်းနှင့် စပ်ဆိုင်ရာ၌ အသုံးအစွဲပြုသော အင်္ကျီမျိုးပင်တည်း။ ထို့ကြောင့် အထက်တန်း ကျလျှင် "ဒုယင်" အောက်တန်းကျလျှင် "ဖျင်" ဟူ၍ ရှေးသူဟောင်းတို့ ဆိုရိုးစကားရှိသည်။ သက္ကရာဇ် ၄၂၀ ထိုး။ နော်ရထာမင်း ကောင်းမှု ပုဂံလက်သည်းရှည် ကျောက်စာ၌ သခင်က ဝန်ကို ပူဇော်သည့်အခမ်းအနားတွင် (တုယင်လည်း တစ်ထည်လွှမ်းတော်မူ၏) ဟု တွေ့ရသည်။ ယခုခေတ်ကာလနှင့် နှိုင်းယှဉ်ကြည့်လျှင် ဒုယင်–ဖျင် ခေါ်သမျှသည် အပေါ်ခြုံ လုံအောင် ဝတ်ဆင်ရသော အင်္ကျီအမျိုးအစားပင်တည်း။ အချပ် ၂ (က) အမှတ်ပုံသည် ဒုယင် ဝတ်လုံပုံဖြစ်၍ အာနန္ဒာလိုဏ်အတွင်းရှိ ကျန်စစ်သားမင်းပုံ၌လည်း ဒုယင်ဝတ်လုံကိုပင် ဝတ်ဆင်ထားခြင်း ဖြစ်လေသည်။

ဒုယင်ဝတ်လုံနှင့် ဖျင်ဝတ်လုံ ခြားနားပုံမှာ လက်ဖျားစွန်း အနားပတ်စွန်း ထောင့်ဖျား အဆက်များတွင် အကော့အညွှတ်၊ ကနုတ်တက်ကလေးများ ပါရှိက ဒုယင်ဝတ်လုံဟု ခေါ်လေသည်။ ဒုယင်ကဲ့သို့ အကော့အညွှတ် အထွတ်မပါသော အဆင်တန်ဆာကို ဖျင်ဝတ်လုံဟူ၍ ခေါ်လေသည်။ ဒုယင်မှာ ဝတ်လုံ၏လက်ရင်းကို ကျဉ်းစေလျက် လက်ဖျားကို ဖွင့်ပြီလျှင် လက်ဖျားနှင့် ဝတ်လုံ၏ ထောင့်အစွန်းဖျားကို အကော့အညွှတ်ပါသည်။ ထိုအကော့အညွှတ်စွဲပြီးလျှင် ဒုယင် ဟုခေါ်သည်။ ဒုယင်ဟူသော စကားမှာ ဥဒေါင်း၏ရင်ကဲ့သို့ အထက်သို့ ကော့ညွှတ်သောကြောင့် ဒေါင်းရင်ခေါ်သည်။ ဒေါင်းရင်က ရွေ့လျောပြီးလျှင် တုရင်ဟု ခေါ်သည်ဟု စာဟောင်းများတွင် တွေ့ရသည်။ ဤတွင် အဝတ်အစားအတွက် သုံးစွဲသော တုရင်မှာ အဆောက်အဦ အခေါ်နှင့် ကွဲပြားစေလိုသောကြောင့် "ဒုယင်" ဟု ရေးရသည်။

ဒုယင်အသုံးနှင့်ပတ်သက်၍ ပုဂံရာဇဝင်၌ မင်းယဉ်နရသိင်္ခ၏ အထိန်းတော်သား အနန္တသူရိယသည် မင်းသားတို့သာ ဝတ်ဆင်မြဲ ရွှေချည်ဒုယင်တပ် ဝတ်လုံကို နေရာတိုင်းမှာ ဝတ်ဆင်မိသဖြင့် မင်းဘေးသင့်ဖူးလေသည်။ ထိုသာဓကဖြင့် ဒုယင်အသုံးသည် အထက်တန်းကျ၍ မင်းနှင့်ဆိုင်ကြောင်း သိသာလေသည်။

---

၁။ အင်္ကျီ=အင်္ကျီ၊ လုံကျီဟူသော စကားသည် ကုလားဘာသာစကားတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဖျင်

ပုဂံခေတ်တွင် အင်္ကျီ[၁]ဟူသော ဝေါဟာရအစား "ဖျင်" ကို သုံးစွဲလေသည်။ ပုပ္ပားနတ်တောင်ဘွဲ့တွင် "မျက်သုတ်နီစင်၊ ရထည်းဖျင်" ဟု ဆိုလေသည်။ ၎င်းပြင် သက္ကရာဇ် ၅၉၈ ခု ထိုး၊ ပုဂံစောလှဝန်းကျောက်စာ၌ "ပုချည်ဖျင်တစ်ထည်၊ ခါးစည်းတစ်ထည်" ဟု တွေ့ရပြန်သည်။ ပုချည်ဖျင်မှာ ပိုးချည်ဖြင့် ရက်လုပ်သော ဖျင် သို့မဟုတ် ပိုးအင်္ကျီဟု အဓိပ္ပာယ်ရသည်။ ခါးစည်းမှာ ယခုခေတ် လုံချည်အသုံးနှင့် သဘောတူဖြစ်ရာသည်။

၎င်းပြင် သက္ကရာဇ် ၆၁၂ ခုနှစ်၊ ပုဂံပြည် ဥဇနာမင်းလက်ထက်တွင် ရာဇသကြ်န်အမတ်ကြီး ခစား၍နေစဉ် သီဟသူမင်းသား ကြွလာသည်ကို မသိ၍ ဖျင်လက်[၁] ကို မသိမ်းမိရှိတော်မူရာ ဖျင်လက်ကို သီဟသူမင်းသားက ကွမ်းသွေးဖြင့် ထွေးတော်မူသည်ဟု ရာဇဝင်များတွင် လာသည်ကို ထောက်သော်၊ ထိုအခါက ဝတ်ဆင်သော ဖျင်အင်္ကျီသည် ကိုယ်ထည်ပွ လက်ပွ ဖြစ်ဟန်တူလေသည်။ ထို့ပြင် ဖျင်အသုံး ထပ်မံတွေ့ရပြန်သည်မှာ နရသီဟပတေ့ဘွဲ့ခံ တရုတ်ပြေးမင်းသည် ဟံသာဝတီမြို့သို့ ရောက်ကာလ ဟင်းခွက် ၃၀၀ မရ၍ ဖျင်လက်ဖုံး၍ ငိုတော်မူသည်။ နရပတိစည်သူမင်းကြီးလည်း ရွှေကြက်ယက်ဘုရားတွင် မိဿာန်၍ ဖျင်တော်လွှမ်းသောခဏာ၌ လျှ၍ ခံတော်မူသည်ဟု ရာဇဝင်၌ တွေ့ရသည်။ ကျောက်စာဟောင်းများ၌လည်း ဖျင်အသုံးများစွာ တွေ့ရ၏။

ဝတ်လုံ

ဝတ်လုံ ဆိုသည်မှာလည်း "အင်္ကျီဝတ်လုံ၊ ရွှေတုံပုဆိုး၊ ရည်ပျောင်းနီတုံ၊ ဝတ်လုံအင်္ကျီ" ဟူသော စကားများအရ အင်္ကျီပင်တည်း။ ဝေါဟာရတ္ထ ပကာသနီကျမ်းဆရာက အင်္ကျီဝတ်လုံဟူသည် ဝတ်သဖြင့် လုံခြုံစေ သတတ်ဟူ၍ အနက်ကြံမူ လုံခြုံသောအနက်လည်းကောင်း ဖြစ်၏ဟု ဆိုပါသည်။ ပုဂံရာဇဝင်၌ ထွန်တိုက်မင်းသည် လယ်ထွန်မင်္ဂလာ ထွက်တော်မူ၍ ကိုယ်တော်တိုင် ထွန်တော်မူနေခိုက် ဝတ်ဆင်တော်မူသော (ရွှေဝတ်လုံဖျင်လက်) ကို လေတိုက်ခတ်သဖြင့်

---

၁။ ဖျင်လက် = ဖျင်အင်္ကျီဝတ်လုံ အစအစွန်း။


၂။ ဗိုသီဖတ်သီ = (ပေါ်ရာဏ) ပြေပြစ်ကျစ်လျစ်စွာ မဝတ်နိုင်ဘဲ ကပိုကရို ဗိုသီဖတ်သီ ဝတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

# ပုဂံခေတ်

အချပ်-၃




www.burmeseclassic.com

www.burmeseclassic.com



လွင့်လေရာ နွားလန့်၍ ထွက်ပြေးသည်တွင် ထွန်ပေါ်မှကျ၍ နတ်ပြည်စံရလေသည်ဟု ဆိုသည်။ အချပ် ၂(ခ) အမှတ်ပုံသည် ဝတ်လုံအင်္ကျီဖြစ်၍ **ဗိုလ်သီဖတ်သီ**[၂] ရှိဟန်တူသည်။ ၎င်းပြင် အချပ် ၃(ဇ) အမှတ်ပုံသည်လည်း ဝတ်လုံအင်္ကျီပင် ဖြစ်ဟန်တူသည်။

ပုဂံရာဇဝင်တွင် အလောင်းစည်သူမင်းကြီးလည်း ဝတ်လုံအသုံးပြုခဲ့ဖူးလေသည်။ တစ်ရံရောအခါ "နေဝင်ရီတာရော အချိန်တွင် ဦးပေါင်းကျားကို ပေါင်းတော်မူ၍ ရွှေပန်းစာပွင့် ခေါ်သော မြင်းနက်ကြီး၏ခါးကို (ဝတ်လုံဖြူ) ဖြင့် ရစ်ပတ်ကာ မြင်းကျားကြီးအသွင် ဆင်ယင်စီးနင်းတော်မူပြီးလျှင် တူရွင်းတောင်သို့ ထွက်တော်မူကြောင်း ရာဇဝင်များ၌ ဖတ်ရှုရပေသည်။ ဤတွင် ထွန်တိုက်မင်း၏ ဝတ်လုံသည် ရွှေဝတ်လုံဖြစ်၍ အလောင်းစည်သူမင်း၏ ဝတ်လုံသည် ဝတ်လုံဖြူဖြစ်ကြောင်း သိရပေသည်။ ပုဂံဆေးရေးကားများ၌ တွေ့ရသော ဝတ်လုံပုံများမှာ အရောင်အသွေးစုံသော ကွက်ဆန်းများ မှန်ကူကွက်များနှင့် ဆင်စွယ်ဝန်းယှက်သဏ္ဍာန်များကို တွေ့ရဖူးလေသည်။

ကိုယ်ကျပ်အင်္ကျီ

ပုဂံဆေးရေးကားများ ရုပ်လုံးများတွင် ယောကျ်ား မိန်းမ အတွင်းခံ ကိုယ်ကျပ်များ ဝတ်ဆင်လေ့ရှိကြသည်။ ထိုသို့ ဝတ်ဆင်ကြောင်းကို အချပ် ၃(က) အမှတ်ပုံသည် **နမူနာ**[၁] ပင် ဖြစ်လေသည်။ **ပေါရာဏ**[၂] တွင် **"ထဲနီး"** ဟူသော စကားရှိသည်။ **ထဲနီး** ဟူသည် အတွင်းခံအဝတ်ဟု အနက်ပေးလေသည်။ ထို့ပြင် လူငယ်အချို့သည် ခေါင်းမှစွပ်၍ ဝတ်ရသော လက်ပွ ကိုယ်ထည်ပွ အင်္ကျီမျိုးကို ပုဂံခေတ်က ဝတ်ဆင်ခဲ့ကြသေးသည်။ အချပ် ၃(ဂ) အမှတ်ပုံသည် ထိုအင်္ကျီမျိုး၏ နမူနာတစ်ခုပင် ဖြစ်လေသည်။

ခါးစည်း

ခါးဝတ်တန်ဆာနှင့် ပတ်သက်၍ ခစည်းဟု ခေါ်သော ပုဆိုး တစ်မျိုးကို အသုံးပြုဟန်တူသည်။ သို့သော် အနည်းငယ် နောက်ကျလာသော ခေတ်၌ "ပုဆိုး" အသုံးများကိုလည်း ကျောက်စာများ၌ တွေ့ရှိရလေသည်။ အချပ်၃ (ဃ၊ စ)

---

၁။ နမူနာ = ဤစကားသည် ကုလားဘာသာစကားဖြစ်၏။ စံပြဝတ္ထု။
၂။ ပေါရာဏ (ပါဠိ) ရှေးဟောင်းဖြစ်သော ရှေးကျသော အခါကာလ။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်နှင့် ပုံများသည် ပုဂံခေတ် ယောကျ်ားများ ခါးစည်း သို့မဟုတ် ပုဆိုးဝတ်ပုံ နမူနာများပင် ဖြစ်လေသည်။ ထိုပုံများကို ကြည့်ရှုရခြင်းဖြင့် ဟိန္ဒူများ ပုဆိုးဝတ်ပုံနှင့် သဏ္ဍာန်တူသည်ကို တွေ့ရသည်။

ခြေအိတ်

ငင်းပြင် ဆေးရေးကား အချို့တွင် ယောကျ်ားများခြေအိတ် စွပ်လျက် တွေ့ရသည်မှာလည်း ထူးခြားလှပေသည်။ ထိုခြေအိတ်များသည် အချပ် ၃(ဆ) အမှတ်ဖြင့် ဖော်ပြထားသည့်အတိုင်း ကျားရေ သစ်ရေ စသည်များကို ချုပ်လုပ် အသုံးပြုကြောင်း သိသာပေသည်။ ဤကား ပုဂံခေတ် ယောကျ်ားများ၏ ဝတ်စား ဆင်ယင်[၁] ပုံများတည်း။

## ပုဂံသူများ ဝတ်ဆင်ထုံးဖွဲ့မှု

ပုဂံခေတ်အမျိုးသမီးများ၏ ဝတ်ဆင်ထုံးဖွဲ့မှုသည် ပျူခေတ် အမျိုးသမီး များထက် အဆင့်အတန်း မြင့်လာလေသည်။ အာနန္ဒာလိုဏ်အတွင်းရှိ **မယ်တော် မာယာ**[၂] ပုံများတွင် ပုတီး၊ နားတောင်း၊ လက်ကောက်၊ လက်ကျပ်နှင့် ခါးကြိုး တန်ဆာတို့ဖြင့် ဆင်ပြင်ဝတ်စားထားသည်မှာ စုံလင်လှပေသည်။ အချို့ မယ်တော် မာယာပုံများ၌ အလှပြင်ပုံ တန်ဆာဆင်ပုံများပင် တွေ့မြင်နိုင်လေသည်။ မယ်တော် မာယာ၏ အဆင်အပြင်မျိုးသည် ပုဂံခေတ် မင်းမိဖုရားကြီးများ၏ အဆင်အပြင် မျိုးဟု ယူဆနိုင်လေသည်။


ငင်းပြင် အလယ်အလတ်တန်းစား သို့မဟုတ် မောင်းမမိဿံ ခြွေရံ သင်းပင်းများသည် ကုလားမများ ဝတ်ဆင်လေ့ရှိသော ခါးတို လက်ပြတ် အင်္ကျီ ကိုယ်ကျပ်မျိုး ဝတ်ဆင်၍သော်လည်းကောင်း၊ အချပ် ၄(က) အမှတ်ပုံကဲ့သို့ ရင်စည်း၍သော်လည်းကောင်း၊ ခါးအထက်ပိုင်းတွင် ဖုံးလွှမ်းဝတ်ဆင်ကြပြီးမှ ပဝါပါးများကို လွှမ်းတင်ထားတတ်လေသည်။ ထဘီမှာ ကွင်းစွပ်အိတ်ရှည်မျိုး ဖြစ်ပြီးလျှင် ပါးလွှာလှပေသည်။ အချို့လည်း အရောင်အသွေးစုံလှသော ကွက်ဆန်း

၁။ ဆင်ယင်=ယဉ်ကျေးစွာ ပြင်ဆင်ပြုလုပ်ပုံ။
၂။ မယ်တော်မာယာ=မြတ်စွာဘုရား၏ မယ်တော် မဟာမာယာမိဖုရားကြီး။

www.burmeseclassic.com

www.burmeseclassic.com

# ပုဂံခေတ်




အချပ်-၄

www.burmeseclassic.com

www.burmeseclassic.com



များ ရေးခြယ်ထားတတ်လေသည်။ အချပ် ၄(က – ခ) အမှတ်ပုံများနှင့် အချပ် ၅ ပုံသည် ပုဂံသူများ၏ ထဘီဝတ်ပုံနမူနာများပင်တည်း။

ပုဂံသူတို့၏ **ဆံကေသာ**[၁] ပြုပြင်ပုံမှာလည်း နောက်တွဲထုံးသက်သက်သော်လည်းကောင်း၊ နဖူးသင်းကျစ်များ တပ်ဆင်၍သော်လည်းကောင်း၊ လှပစွာ ထုံးနှောင်ပြီးမှ ဆံထိုး, ဆံညှပ်, ဆံကျင်တို့ဖြင့် တန်ဆာဆင်တတ်လေသည်။ လှပစွာ သီကုံးထားသော ပန်းခွေတို့ဖြင့်လည်း ဆံထုံးနှင့် လိုက်လျောစွာ ပန်ဆင်ကြပါသေးသည်။ အချပ် ၄ အတွင်းရှိ ပုံများတွင် ပုဂံသူများ၏ ဆံထုံးပုံ မှုကွဲများကို တွေ့မြင်နိုင်ပေသည်။

နာတောင်းများမှာ အချပ် ၄ (ဆ – ဇ) အမှတ်ပုံများကဲ့သို့ ၂ မျိုး တွေ့ရသည်။ (ဆ) အမှတ်ပါသော အမျိုးအစားသည် ယခုခေတ် နားသံသီးများကဲ့သို့ ရှိ၍ (ဇ) အမှတ် နားတောင်းများမှာ နားတွင်ကပ်လျက်ရှိသည့် နားတောင်း ၂ မျိုးစလုံးပင် ရှေးခေတ် အိန္ဒိယသူများ၏ နားတောင်းပန်ဆင်ပုံနှင့် တူလှပေသည်။

## လက်ကောက်နှင့် လက်ကျပ်

တတောင်ဆစ်အထက် ဝတ်ဆင်သမျှကို လက်ကျပ်ဟု ခေါ်၍ တတောင်ဆစ်အောက်ဝတ်သမျှကို လက်ကောက်ခေါ်ကြောင်းနှင့် အဘိဓာန်ဋီကာတွင် လာသည်။ မူလပဏ္ဏာသ မဟာသီဟနာဒ သုတ် ဋီကာအလိုမှာ လက်ကောက်သည် အထူးထူးသော ရတနာဖြင့်လည်းကောင်း၊ **ရွှေကွန်ရက်**[၂] ဖြင့်လည်းကောင်း၊ မွှေးယှက် ခြယ်လှယ်အပ်သည်ဟု သိရသည်။ လက်ကျပ်မှာ အထူးထူးသော နံ့သာမျိုးတို့ ဖြင့်လည်းကောင်း၊ ရွှေသက်သက်ကိုလည်းကောင်း၊ လက်ရုံးဝယ် ဆင်အပ်သော အတွင်းတန်ဆာမျိုးပင် ဖြစ်သည်။ ပုဂံသူများတွင် လက်ကောက် လက်ကျပ် ၂ မျိုးစလုံးပင် အသုံးပြုလေသည်။ လက်ကောက်ကို တတောင်ဆစ်ထိလုအောင်ပင် ဝတ်ဆင်တတ်၍ တစ်ခါတစ်ရံ၌လည်း ရတနာကွန်ရက်ဖြင့် မွှေးယှက်ခြယ်လှယ်ထားလေသည်။

---

၁။ ဆံကေသာ=ဆံ (ပေါရာဏ) ဆံပင်။ ကေသာ (ပါဠိ) ဆံပင် ဟောသဒ္ဒါ။
၂။ ရွှေကွန်ရက်=ရွှေကြိုးတို့ဖြင့် ကွန်သဖွယ် ရက်အပ်သော လက်ကောက်။

www.burmeseclassic.com

www.burmeseclassic.com



ခါးကြိုးတန်ဆာ

ခါးကြိုးတန်ဆာကို ပုဂံခေတ်ကလည်း အသုံးပြုခဲ့လေသည်။ မယ်တော်မာယာပုံများ၌ ခါးကြိုးတန်ဆာသည် ဘီလူးပန်းဆွဲရုပ်တို့ဖြင့် အဆန်းတကြယ်ရှိလေသည်။ ကျမ်းဂန်များ၌ ခါးကြိုးတန်ဆာသည် ကဋ္ဌိ၊ သတ္တတိ၊ မေခလာ၊ ရတနာ၊ ကလာပ စသည်ဖြင့် ကြိုး ၅ သွယ်မှ ကြိုး ၂၁ သွယ်အထိ ၅ မျိုးရှိကြောင်း တွေ့ရသည်။

ခြေချင်း

ခြေချင်းဟူသည်လည်း အခေါင်းရှိ၏။ အသံမြည်သော ခြေချင်းကို နူပုရ ခြေချင်းဟု ခေါ်သည်။ အခေါင်းမရှိ အသံမမြည်သော ခြေချင်းသည် ဟံသက ခြေချင်းမည်၏။ ပုဂံခေတ်ခြေချင်းမှာ အချပ် ၅ ပုံ တွင် တွေ့ရသည့်အတိုင်း "ဟံသက" ခြေချင်းဖြစ်ဟန်တူသည်။ ၎င်းပြင် လည်ရွဲတန်ဆာနှင့် ပုတီးသွယ်များကိုလည်း ပုဂံခေတ်က များစွာ အသုံးပြုခဲ့ဖူးလေသည်။

## ရင်ကွဲအင်္ကျီ

မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၌ ရှေးအခါက မိန်းမများသည် ယခုတောင်သားလူမျိုး ဝတ်ဆင်သကဲ့သို့ ထဘီအင်္ကျီများမှာ ရှေ့နောက်အကွဲမပါလုံခြုံသည်။ အင်္ကျီမှာ လည်ပင်းစွပ်၍ ဝတ်ရသည်။ ယခုအခါ ချင်းမများ ဝတ်သကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။ ဤဝတ်ဆင်ပုံမှာ ကုလားကျမင်းလက်ထက်မတိုင်မီက ပုဂံပြည်၌ ဝတ်ဆင်ကြသည်ဟု ဆိုသည်။ ထိုဝတ်ဆင်ပုံမျိုးကိုလည်း ပုဂံဆေးရေးကားအချို့၌ တွေ့မြင်နိုင်ပေသည်ဟု ညွှန်းထားလေသည်။ အချပ် ၃(ဇ) အမှတ်ပုံသည် ထိုသို့ ဝတ်ဆင်နည်းပင် ဖြစ်သင့်သည်ဟု ဆိုရန်ရှိသည်။ မိန်းမများမှာ ရှေ့ကွဲမပါသေးသော ကွင်းစွပ်အိတ်ရှည်မျိုးနှင့် ခေါင်းစွပ်အင်္ကျီတစ်မျိုး ဝတ်ဆင်ထားသည်ကို အချပ် ၅ ပုံတွင် တွေ့မြင်နိုင်သည်။ ၎င်းပြင် အာနန္ဒာလိုဏ်အတွင်းရှိ မယ်တော်မာယာပုံများ၌လည်း ထိုသို့ ဝတ်ဆင်နည်းပင် ဖြစ်သည်။

ရင်ဝတ်တော်

ရာဇဝင်တွင် နော်ရထာမင်းစောနှင့် နောင်တော် စုက္ကတေးမင်းတို့ မြင်းစီးချင်း လုံ့ဖြင့် ထိုးကြစဉ် စုက္ကတေးသည် နော်ရထာ၏ လုံ့ချက်ဖြင့် ကျဆုံးသည်။

www.burmeseclassic.com

www.burmeseclassic.com





ပုဂံခေတ်

အချပ် - ၅

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို နော်ရထာ မယ်တော်ကြားသော် (ရင်ဝတ်တော်) မျှ မကပ်ဘဲ ပုဏ္ဏလင်ဟု အော်၍ပြေးလာသည်ဟု ဆိုသည်။ ထိုစကားကို ထောက်သော် ထိုအခါ၌ ဝတ်ဆင်သော ရင်ဝတ်တော်သည် မလုံမခြုံဖြစ်ဟန်တူသည်။ အချပ် ၄(က) အမှတ်ပုံတွင် ရင်သားတစ်ဝက်ဖော်၍ ပဝါစည်းထားသည်ကို တွေ့ရပေလိမ့်မည်။ နော်ရထာမယ်တော်သည် ထိုသို့ပင် ဝတ်ထားလေသလောဟု တွေးစရာရှိသည်။ ဤစကားသည် ကုလားကျမင်းလက်ထက်မှ မလုံမခြုံ ဝတ်ဆင်သည် ဆိုသော စကားအတွက် စဉ်းစားဖွယ်ဖြစ်နေလေသည်။

သို့သော် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းမှ တွေ့ရသော ရှေ့ကွဲအင်္ကျီ အတ္ထုပ္ပတ္တိ[၁]ကို ဆက်လက် ရေးသားတော့အံ့။ ရင်ကွဲအင်္ကျီနှင့် ရှေ့ကွဲထဘီများသည် အလောင်းစည်သူ၏သားတော် နရသူခေါ် ကုလားကျမင်းလက်ထက်ကစ၍ ပေါ်ပေါက်လာသည်။ ထိုအင်္ကျီ ပေါ်ပေါက်ရခြင်းကား နရသူသည် **ပုံသုကူအရှင်မြတ်**[၂]ကို လုပ်ကြံ၍ နောင်တော် မင်းရှင်စောကို သတ်ပြီးလျှင် ထီးနန်းယူလေသည်။ မထေရ်ကြီးလည်း သီဟိုဠ်သို့ ကြွသွားတော်မူ၏။ တိုင်းပြည်၌လည်း ရဟန်းတော်များ မငြိမ်မသက် လှုပ်ရှားထကြွလေသည်။ နရသူမင်းလည်း တိုင်းပြည်တွင် သံဃာတော်အားကြီးသည်ဖြစ်၍ နောက်နောင်မထေရ်ကြီးအတွက် မိမိအား ရန်ပြုမည်ကို မြင်လေရကား ရဟန်းတော်များ လူထွက်စေလို၍ ပညာရှိ သိဒ္ဓိကာ အမတ်ကြီးနှင့် တိုင်ပင်ရာ၊ အမတ်ကြီး၏ ဥပါယ်တံမျဉ်ဖြင့် ကျောင်းကန်ဘုရားများတွင် ပွဲလမ်းသဘင်ပြုလုပ်၍ တိုင်းပြည်တွင်းရှိ မိန်းမအားလုံးတို့အား ရှေးက ကဲ့သို့ လုံခြုံသော အဝတ်မဝတ်စေဘဲ ရင်ကွဲအင်္ကျီ ရှေ့ကွဲထဘီကို ဝတ်ဆင်ကြစေရန် အမိန့်တော်ပြန်၍ ပွဲလမ်းသဘင်များကို ထွက်ဝင်သွားလာစေ၏။ ရဟန်းအချို့လည်း လူထွက်ကြသည်ဟု ဆိုလေသည်။ ထိုအချိန်မှစ၍ ပုဂံသူ မိန်းမကြီး ငယ် တို့သည် ရင်ကွဲအင်္ကျီ ရှေ့ကွဲထဘီများကို ဝတ်ဆင်သောအလေ့ ဖြစ်လာလေသည်။

---

၁။ အတ္ထုပ္ပတ္တိ=(ပါဠိ) အတ္ထ–ဥပ္ပတ္တိ၊ အတ္ထ–အနက်၊ ဥပ္ပတ္တိ–ဖြစ်ခြင်း၊ တစ်စုံတစ်ခုသော အနက်၏အကြောင်းဖြစ်ပုံ။

၂။ ပုံသုကူအရှင်မြတ်=ပုဂံခေတ်အခါ ပုံသုကူရွာတင် အမြဲဆောင်သော ရဟန္တာအလား အလွန်ကျော်ကြားသော အရှင်မြတ်။

www.burmeseclassic.com

www.burmeseclassic.com



## ပုဂံခေတ် အလှပြင်နည်းများ

ပုဂံခေတ် အလှပြင်နည်းများကား စာတမ်းတစ်စောင်တစ်ဖွဲ့ဟူ၍ သီးခြား မရှိခဲ့၊ ရာဇဝင်များမှ ကောက်နုတ် စုဆောင်းရခြင်းမျှသာ ဖြစ်လေသည်။ အာနန္ဒာ လိုဏ်အတွင်း၌ မယ်တော်မာယာပုံအချို့တွင် တန်ဆာဆင်ပုံများ အလှပြင်ပုံများကို တွေ့နိုင်လေသည်။ သို့သော် ပန်းချီပန်းပု လက်ရာမျှသာဖြစ်၍ အီဂျစ်ပြည်များမှ တူးဖော်ရရှိသကဲ့သို့ အလှပြင်ပစ္စည်းများနှင့် တစ်ပါတည်း ရရှိခြင်း မဟုတ်ပေ။

ရာဇဝင်တွင် အလောင်းစည်သူလက်ထက် သမီးတော်များကို ချစ်စနိုး၍ နေ့စဉ် ရွှေမှုန့် တစ်ယောက်သွားစီ ပေးသည်ကို နံ့သာပျောင်းများနှင့် ဖျော်လိမ်းကြ သည်ဟု တွေ့ရသည်။

ငှင်းပြင် နရပတိစည်သူမင်း၏ မိဖုရားကြီး ဝေဠုဝတီ[၁] သည် အလှပြင်ရာ၌ ပုဂံခေတ်တွင် ထင်ရှားသူတစ်ယောက် ဖြစ်လေသည်။ ဝေဠုဝတီသည် မြင်စိုင်း ဝက်ဝင် အရပ်၌ ဝါးတောတွင် သန္ဓေတည်သော သံသေဒဇမိန်းမဖြစ်၍ ငယ်စဉ်တွင် ပြော့လူမျိုးတို့က မွေးမြူခဲ့ရလေသည်။ အရွယ်သို့ရောက်သော် ပုဂံရွှေနန်းရှင် မင်းယဉ်နရသိင်္ခသို့ ဆက်သလေသည်။ ဝေဠုဝတီတွင် အပြစ်ဆိုစရာကား နားကျယ် ၍ ဝမ်းကယ်လေသည်။ တောတွင်းသူတစ်ယောက်အနေဖြင့် ကြီးပြင်းခဲ့ရသူဖြစ်သော ကြောင့် ရိုင်းဟန် ရိုင်းရုပ်လည်း ပေါ်နေလေသည်။ ထိုအပြစ်များကြောင့်လည်း မင်းယဉ်နရသိင်္ခသည် သိမ်းပိုက်တော်မမူဘဲ ညီတော် နရပတိစည်သူကို ပေးတော် မူ၏။ ထိုအခါ မယ်တော် မိဖုရားကြီးသည် သားတော် အိမ်ရှေ့မင်း နရပတိစည်သူ နှင့် အတူစံတော်မူသည်နှင့် မင်းကြီးပေးတော်မူသော ချွေးမတော်ကို နန်းမူနန်းရာ ယဉ်ကျေးသိမ်မွေ့အောင် သွန်သင်၍ နားကျယ်သည်ကို ပြုပြင်လေရာ လွန်စွာလှပ ခြင်းသို့ ရောက်လေသည်။ ယောကျ်ားတကာ[၂] တို့ မြင်လျှင် တိမ်းညွတ်ဘနန်း ရှိကြ၏ဟု ရာဇဝင်များတွင် ရေးကြ၏။ ဝေဠုဝတီမိဖုရားကြီး နားတော်ပြင်၍ နားတောင်းတပ်ရာအရပ်ကိုလည်း နောင်သောအခါ အထိမ်းအမှတ်ဖြစ်စေခြင်းငှာ

---

၁။ ဝေဠုဝတီ=(ပါဠိ) ဝေဠု–ဝါး၊ ဝတီ–ဝန္တုပစ္စည်း၊ ဝါးရှိသူ–ဝါး၌ သံသေဒဇ ပဋိသန္ဓေ တည်နေသူ။

၂။ ယောကျ်ားတကာ = ယောကျ်ားအများ။

www.burmeseclassic.com

www.burmeseclassic.com





ပုဂံသူတစ်ဦး ဝတ်ဆင်ပုံ။
ပုံနံပါတ် - ၆

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၅၃၇ ခုနှစ်တွင် ဘုရားတစ်ဆူ တည်ခဲ့လေသည်။ နားတောင်းတပ်ဘုရားဟု ဘွဲ့တော်တွင်သည်။

**ဆံထုံး ၅၅ မျိုး**

ထို့ပြင် ဦးသျှောင်ထုံးနည်း ၅၅ မျိုးသည်လည်း ပုဂံသူတို့၏ ဆံကေသာ အလှပြုပြင်နည်းဟု ဆိုသင့်ပေသည်။ ထိုဆံထုံးနည်း ၅၅ မျိုးကို ပုဂံခေတ်တွင် ပြည့်စုံစွာ မတွေ့ရသော်လည်း အင်းဝခေတ် ညောင်ရမ်းဆက်သို့ ရောက်လာသောအခါ နန်းတွင်း **စာဆိုတော်**[၁] ရဝေရှင်ထွေးက အန်ချင်းတစ်ပုဒ်ဖွဲ့၍ စုဆောင်းခဲ့သောကြောင့် ခေတ်သစ်လူတို့မှာ ပုဂံခေတ်၏ အပြုအပြင် တန်ဆာဆင်ပုံများကို အလွယ်တကူနှင့်ပင် သိမှတ်ရပေတော့သည်။

## ဆံထုံးတော်ဘွဲ့ အန်ချင်း

*အစောတို့လေ၊ ရတနာတွေ၊ ရွှေမိုးစွေ၍၊ သပြေမည်ခံ၊ ပြည်ပုဂံဝယ်၊ နိုင်ငံကျယ်ပြော၊ ရှေးမင်းစောတို့၊ မှနော့ဇမ္ဗူ၊ ခံတော်မူက၊ (၁) မြိတ်ဖြူ၊ (၂) မြိတ်စို့၊ (၃) သွယ်ညို့မြိတ်လွတ်၊ (၄) ရစ်ပတ်စုလည်း၊ (၅) ရော့ရည်းထုံးဖွဲ့၊ (၆) တုမဲ့ရွှေရောင်၊ တိမ်တောင်တက်သက်၊ (၇) လျှပ်စစ် ပြက်သို့၊ (၈) စဝက်ရောင့်ပြေး၊ (၉) နှင်းသွေးမစို့၊ (၁၀) ကြာညို့ဝတ်ဆံ၊ (၁၁) စုဝံနှိုင်းရှည့်၊ ရှုကြည့်မငြီး၊ (၁၂) ဦးပြည်းရွှင်ပျော်၊ (၁၃) ဇင်ယော်တန်းဝဲ၊ (၁၄) ပုလဲကိုးပုန်း၊ (၁၅) ဂမုန်းငုံအာ၊ (၁၆) လေသာဝေ့လည်၊ (၁၇) မြူခြည်မတင်၊ ယကင်ထုံးထုံး၊ (၁၈) လုံးတင်၊ (၁၉) ခရုချောင်၊ (၂၀) ထုံးကြောင်၊ (၂၁) ထုံးကြား၊ (၂၂) ငါးပါးမြိတ်စို့၊ (၂၃) အောင်မှို့နိမိတ်၊ မြိတ်ရစ်လှပ၊ (၂၄) ကရဝိကနှုတ်သီး၊ (၂၅) ဆိတ်သမီးနှင့်၊ (၂၆) ပြန်ပြီးဆယ်တွေ၊ (၂၇) နေအရုဏ်ခံ၊ (၂၈) ညဥ့်ယံသောက်ရှုး၊ (၂၉) တိမ်ဦးနဂါး၊ (၃၀) လေးပါးရာသီ၊ (၃၁) နှိုင်းပြီစံလွတ်၊ (၃၂) နဂါးပတ်ကြော့ကွင်း၊ (၃၃) နန်းတွင်းမဥ္ဇူ၊ (၃၄) ထွက်ပြူမုခ်ဝ၊ (၃၅) ပဒုမသိဒ္ဓိ၊ (၃၆) မဏိကိုးပါး၊*

---

၁။ စာဆိုတော်=ဆိုင်ရာ ဆိုင်ရာ ကဗျာစိကုံးရာ၌ အလွန်တတ်မြောက်သော နန်းတော်သုံး စာဆိုတော်ပညာရှိ။

www.burmeseclassic.com

www.burmeseclassic.com



*(၃၇) ချရားပွင့်သေး၊ (၃၈) ယုန်ရေးလဝယ်၊ (၃၉) နေလယ်ဥဒေါင်း၊ (၄၀) သုံးချောင်းခြူးယှက်၊ (၄၁) စဂုက် ရောင်ချော၊ (၄၂) သဘော် တန်းခွန်၊ (၄၃) အနန္တ ဖုသျှ၊ မောရဂီဝါ၊ (၄၄) ဟသ်ာစာခွဲ့၊ ထုံးအုံ တကွင်း၊ (၄၅) ပုစဉ်းတောင်ဖြန့်၊ (၄၆) သည်းသွန့်လက်သင်၊ (၄၇) ကွမ်းလင်၊ (၄၈) နောက်တွဲ၊ (၄၉) မုတ္တာစွဲနှင့်၊ (၅၀) ပုလဲ ကွန်ချာ၊ (၅၁) ရတနာမကျိုင်၊ (၅၂) ပွင့်ဆိုင် ပုဏ္ဏာရိတ်၊ (၅၃) နဂါး အိတ်လေးထောင့်၊ (၅၄) ရှစ်မြှောင့်၊ (၅၅) ပြန်ကာဘက်၊ ပန်းယှက် ခေါင်ဖွေ၊ နန်းလုံးဝေမျှ၊ မြူတေစံကျော်၊ နှိုင်းမမျှော်ကို၊ လွှမ်းတော် မမူလှည့်ပြီလောလေ။ ဖော်ချင်းတို့လေ ဖော်ချင်းတို့။*

ထိုဆံထုံးနည်း ၅၅ မျိုးအနက် အချို့ထုံးနည်းများကို အင်းဝခေတ်တွင် ဆက်လက်အသုံးပြုသည်ကို မယ်ဘွဲ့ကဗျာများတွင် ထင်ရှားစွာ တွေ့ရသည်။ ၎င်းနောက် အမရပူရခေတ်တိုင်အောင် အချို့ဆံထုံးနည်းများကို တွေ့ရ၏။ မင်္ဂလာ[၁] အခမ်းအနားဝင် ဆံထုံးတော်များလည်း ပုဂံခေတ် ဆံထုံးပုံများမှ ထုတ်နုတ်ထား ခြင်းပင် ဖြစ်လေသည်။

ထို့ပြင် စုံနံ့သာမြိုင် ရာပုံတော်ကြီးတွင် *"ကေသီတော်ညက် မြစမွှာယ်ငုံ၊ လလယ်ယုန်မှာ၊ ဆဆယ်ပုံပျက်ခဲ့ပေ့"* ဟူသော သီချင်းသွားဖြင့်လည်း ရတနာပုံ မန္တလေးခေတ်တိုင်အောင်ပင် (ယုန်ရေးလဝယ်) ဆံထုံးမျိုး တည်ရှိနေသေးကြောင်း သိရသည်။

## ပုဂံခေတ် နိဂုံးချုပ်

ရှေးဦးပုဂံခေတ်သည် ပျူလူမျိုးတို့၏ အနွယ်ဖြစ်၍ ပျူခေတ် ဝတ်ဆင် သကဲ့သို့ပင် ဝတ်ဆင်ထုံးဖွဲ့ကြလိမ့်မည်ဟု ယူဆရ၏။ ၎င်းနောက် သက္ကရာဇ် ၄၀၀ ကျော်မှ ၇၀၀ အတွင်း ရေးခြယ်ကြသော ပန်းချီကားနှင့် ရုပ်လုံးများကို ကြည့်ရှုအကဲခတ်ရခြင်းဖြင့် အိန္ဒိယနှင့် နွယ်လျက်ရှိလေသည်။ အထူးသဖြင့် ကျန်စစ်သားမင်းလက်ထက်၌ တွေ့ရသော ပန်းချီရုပ်လုံးများသည် အိန္ဒိယနှင့် ပိုမိုနီးစပ်လေသည်။ ရာဇဝင်များအရလည်း ပုဂံခေတ်တွင် ကုလားပြည်များနှင့်

---

၁။ မင်္ဂလာ=(ပါဠိ) ပါပညစ်ကျူ၊ မကောင်းမှုအကျိုးကို ပယ်ဖျောက်စေသော အမှု။

www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ဖြစ်ခဲ့ဖူးလေသည်။ ဘုန်းကြီးသော ပုဂံမင်းများလက်ထက်၌ကား ကုလားမင်းသမီးများပင် ဆက်သခဲ့ဖူးလေသည်။

ပုဂံခေတ်ကို ခြုံ၍ကြည့်သော် အဝတ်အစား ထုံးဖွဲ့မှုများတွင် အိန္ဒိယသူတို့၏ ယဉ်ကျေးသိမ်မွေ့မှုများ ဖုံးလွှမ်းလျက်ရှိချေသည်။ ပုဂံသူများ နှာခေါင်းချွန်ပုံ၊ နဖူးတွင် မှန်ကူကွက်ပုံနှင့် အတွင်းခံကိုယ်ကျပ်ကလေးများ ဝတ်ဆင်ထားပုံတို့သည် ကုလားတို့၏ အငွေ့အသက်ပင် မကင်းဟု ထင်ရပေသည်။ အစဉ်စကားရှိသည်မှာလည်း *"တောင်တွင်းမှန် ကတူး၊ ရှေဦးမှန် ကသည်း၊ ရမည်းသင်းမှန် ရှမ်း၊ ပုဂံမှန် ကုလား"* ဟု ဆိုကြသည်။ ဆေးရေးရုပ်များ ကြည့်ရှုရခြင်းဖြင့်လည်း ထိုစကားမှန်သလိုလို ရှိချေသည်။

၎င်းပြင် တရုတ်တို့နှင့်လည်း အဆက်အသွယ်ရှိခဲ့ပြန်၏။ နော်ရထာကျန်စစ်သားနှင့် တရုတ်ပြေးမင်းလက်ထက်တို့၌ ရာဇဝင်တွင်လောက်အောင် တရုတ်တို့နှင့် အဆက်အသွယ်ဖြစ်ခဲ့ဖူး၏။ သက္ကရာဇ် ၆၄၇ ခုနှစ် **သျှင်ဒိသာပါမောက္ခ**[၁] ကျောက်စာ၌ တရုတ်မင်းက ပုဂံသို့ သူရဲ ၂၀၀၀၀ စေလွှတ်ကြောင်းများလည်း တွေ့ရှိရသည်။ အချို့ဆရာများက တရုတ်ပြေးမင်းလက်ထက်တွင် တရုတ်စစ်သည်များ ၁၂ နှစ်ကြာအောင် နေသွားသည်ဟု ယူဆကြ၏။ သို့သော် တရုတ်တို့၏ ဝတ်မှုဆင်မှုမှာ ပုဂံခေတ်တွင် အရာမထင်ခဲ့ချေ။ ၎င်းနောက် ပုဂံခေတ် ကုန်ခါနီးလောက်တွင် ရှမ်းများ ရောက်လာကြပြန်၏။ သို့သော် ၎င်းတို့သြဇာ လွှမ်းမိုးလောက်အောင် အင်အားမရှိသေးသဖြင့် ၎င်းတို့၏ အပြုအမူ အလေ့အလာတို့မှာလည်း ပုဂံခေတ်ကို မလွှမ်းမိုးနိုင်ခဲ့ချေ။

စင်စစ်အားဖြင့် သက္ကရာဇ် ၄၀၀ ကျော်မှစ၍ ပုဂံခေတ် ဝတ်စားတန်ဆာများသည် အိန္ဒိယနှင့် အနွယ်ဆုံးဖြစ်ခဲ့လေသည်။ အဝတ်အစား မျိုးမည်မှာလည်း ကျောက်စာဟောင်းတို့၌ ပုချည်ဖျင်၊ ဖျင်မည်ကျုပ်၊ ခစည်း၊ တယင် စသော အသုံးများ တွေ့ရ၏။ အစောကြွမ်းကျောက်စာနှင့် **ဝိနည်းဓိုရ်**[၂] မင်စာများ၌ ပုဆိုး ဟူသော စကားကိုပင် တွေ့ရှိရလေပြီ။

---

၁။ သျှင်ဒိသာပါမောက္ခ = သျှင် – အရှင်၊ ဒိသာ – အရပ်ဆယ်မျက်နှာ၊ ပါမောက္ခ – အကြီးအမှူး။

၂။ ဝိနည်းဓိုရ် = (ပါဠိပျက်) ဝိနယ – ဓရ။ ဝိနယ – ဝိနည်း၊ ဓရ – ဆောင်သည်။ ဝိနည်းဆောင်ဆရာဟူလို။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် **ရွှေစည်းခုံ**[၁] ရင်ပြင်၌ စိုက်ထူထားသော နရပတိစည်သူ ကျောက်စာ၌ (မောက်တိုဝ်) အသုံးတွေ့ရ၏။ ၎င်းပြင် ယခုခေတ်ခေါ် ရက်ကန်းသည်ကို အစောကြွမ်းကျောက်စာ၌ "ရန်သည်" ဟု သုံးခဲ့၏။ ထိုစကားသည် ယန္တရား ဟူသော သက္ကတဘာသာမှ ဆင်းသက်လာဟန်တူ၏။ ၎င်းပြင် အဝတ်အစားနှင့် ဆက်သွယ်လျက်ရှိသော ယခုခေတ်ခေါ် ဒိုဘီ – ခဝါသည်များကိုလည်း ပုဂံခေတ် ကျောက်စာများ၌ "ကုဟာသည်" ဟု ရေးခဲ့လေသည်။

ဤမျှသော စကားစဉ်ဖြင့် ပုဂံခေတ် ဝတ်စားဆင်ယင်မှုတို့သည် ပြည့်စုံလောက်သင့်ပေပြီ။ ကြွင်းကျန်သည်များရှိလျှင်လည်း ဖြည့်စွက်နိုင်ကြပါစေသတည်း။


■

၁။ ရွှေစည်းခုံ = ရွှေ – ရွှေ၊ စည်းခုံ – ဇယခုံ၊ ဇယခုံ – အောင်ရာမြေမြင့်။ ရွှေဖြင့် မွမ်းမံအပ်သော အောင်မြေမြင့်၌ တည်သောဘုရား။

www.burmeseclassic.com




ပုဂံခေတ်
ပုံနံပါတ် ၇ နှင့် ပုံနံပါတ် ၈
ပုဂံခေတ်တွင် တွေ့ရသော အပျိုနှင့် အအိုတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများ



နရသူမင်းလက်ထက်မတိုင်မီ ရှေးပုဂံခေတ်တွင် တွေ့ရသော
အင်္ကျီတစ်မျိုး (သင်တိုင်းနှင့်တူသည်) ပုံနံပါတ် - ၅

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

## မြန်မာသက္ကရာဇ် (၇၂၆ မှ ၁၁၁၃) အင်းဝခေတ်

အင်းဝခေတ် ဝတ်ဆင်ထုံးဖွဲ့မှုနှင့်ပတ်သက်၍ အကိုးအကားပြရန်မှာ ရုပ်လုံးပန်းချီကားများထက် ကဗျာ လင်္ကာ စသော စာပေအကိုးအကားက ပေါများလေသည်။ အင်းဝခေတ်နှင့် သက်ဆိုင်သော ပန်းချီကားများကိုလည်း အင်းဝနယ်မှ မတွေ့ရသေးဘဲ ပုဂံနယ်၊ ပုခန်းနယ်များတွင် သွား၍တွေ့ရသည်။ စစ်ကိုင်း၌လည်း ရှိတန်သမျှ ရှိသေးသည်။ ဤစာတမ်း၌ ကိုးကားဖော်ပြထားသော ပန်းချီကား အချို့သည် ပုဂံနယ်မှ ရရှိခဲ့လေသည်။

## ပုဂံ ဥပါလိသိမ် ဆေးရေးကား

ပုဂံ ဥပါလိသိမ်အတွင်းရှိ ဆေးရေးကားများကို အင်းဝခေတ်ဟု ခန့်မှန်းရလေသည်။ ဝတ်ဆင်ထုံးဖွဲ့မှုများမှာ ယောကျ်ားများအဖို့သာ ကိုးကားစရာရှိ၍ မိန်းမပျိုတို့အတွက်မှာ အလွန်ပင် ရှားပါးလှပေသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ဘောထွက်ခန်းများသာ စုပေါင်းထားသောကြောင့် ၎င်းအခန်းများနှင့် သက်ဆိုင်သော မင်းညီမင်းသား နတ်သားများနှင့် ဝေါထမ်း ယာဉ်ထမ်းသမားများသာ အော်ပြစရာရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချပ် ၆ မြင်းစီးယောကျ်ားပုံမှာ ဥပါလိသိမ်[၁] အတွင်းမှ ကူးယူခဲ့သော ပန်းချီကားဖြစ်၍ အင်းဝခေတ် အဝတ်အစားကို ခန့်မှန်းနိုင်ဖွယ်ရှိသည်။ ထိုပုံသည် သိဒ္ဓတ္ထမင်းသား တောထွက်ခန်းမှ ကောက်နုတ်ချက်ဖြစ်၍ အင်းဝခေတ် မင်းညီမင်းသားများ၏ အဝတ်အစားမျိုးဟူ၍လည်း ဆိုနိုင်လေသည်။ ပေါင်းပုံ, ထုပ်ပုံ, ပုဆိုး, ဆီးပုံမှစ၍ ပုဂံခေတ်ပုံများနှင့် လုံးဝကွဲပြားလာပြီးလျှင် မြန်မာ့အမူအရာဘက်သို့ ပါနေလေသည်။ စင်စစ်အားဖြင့်လည်း ကုန်းဘောင်ခေတ် အဝတ်အစားများသည် ဤအင်းဝခေတ်ကပင် စတင်သည်ဟု ဆိုရတော့အံ့။ ပန်းချီကားအလိုအားဖြင့် ပိတ်ချော ပိတ်ပါးကို ချုပ်လုပ်ထားသော အင်္ကျီရှည်နှင့် အချိတ်ပုဆိုးကို ဝတ်ဆင်ထားကြောင်း တွေ့ရပေလိမ့်မည်။

## အချိတ်ပုဆိုး

ဆေးရေးကားများတွင် အချိတ်ပုဆိုးများကို ဤဥပါလိသိမ် ဆေးရေးကားမှ စတင်တွေ့ရသည်။ ဟံသာဝတီပါမင်း အမှားတော်ပုံ၌ *"လက်ချိတ်လွန်းပြန်၊ ကေနံ၊ သည်တွင်အစပေါ်လေသည်"* ဟု ဆိုရကား၊ အချိတ်ပုဆိုးခေတ်သည် မြန်မာသက္ကရာဇ် (၁၀၉၅–၁၁၁၃) အတွင်းဟု ခန့်မှန်းရပေလိမ့်မည်။ ထိုသို့ဖြစ်လျှင် ဥပါလိသိမ် ဆေးရေးကားများသည်လည်း အချိပ်ပုဆိုးခေတ်နှင့် တွက်၍ အင်းဝခေတ်နောက်ပိုင်းမှ ရေးခြယ်သော ပန်းချီကားများဟု ဆိုရန်ရှိသည်။

၎င်းပြင် အချပ် ၈(ဂ) အမှတ်ပုံသည်လည်း ဥပါလိသိမ် ဆေးရေးကားပင်ဖြစ်၍၊ အင်းဝခေတ် ယောကျ်ားများ၏ ရိုးသားသော ဝတ်ဆင်မှုကို တွေ့ရပေလိမ့်မည်။ ပဝါမသုံး သျှောင်ထုံးသက်သက်တွင် ဆံမြိတ်ကွင်းချ၍ ထုံးထားသည်မှာလည်း သပ်ရပ်လှပေသည်။ ကိုယ်အပေါ်ပိုင်းတွင် တဘက်တစ်ထည်ကို လွှမ်းခြုံထားခြင်းဖြင့် အင်္ကျီဝတ်ဆင်ရန် မလိုသကဲ့သို့ ဖြစ်တော့၏။ ပုဆိုးတောင်ရှည်ဝတ်ဆင်ပုံကား ယခုခေတ်နှင့် တူသလိုလိုရှိသော်လည်း (က–ခ) အမှတ်ပြထားသော အမရပူရခေတ်ပုံများနှင့် ကွဲပြားနေပေသည်။

---

၁။ ဥပါလိသိမ်=ဥပါလိ–သီမ၊ ဥပါလိ–ဥပါလိ အမည်ရှိသော ရဟန္တာအလား ဆရာတော်ဘုရားကြီး။ သီမ–သမုတ်အပ်သော သိမ်။ ဥပါလိဆရာတော်ကြီး သမုတ်အပ်သော သိမ်။ ၎င်းသိမ်၌ ရဟန်းခံ၍ ကောင်းစွာမကျင့်လျှင် ရှူးသွပ်သွားတတ်၏ဟူသတတ်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ကောက်စိုက်မ အိုင်ချင်းတစ်ပုဒ်၌ *"ပျိုကြိုက်တဲ့သူ၊ ပဝါထည်ကို၊ ထိပ်လယ်မှာပေါင်း၊ ဆံသွယ်ပြောင်းနှင့်"* ဟု အင်းဝခေတ်ယောကျ်ားများ ပဝါ ပေါင်းပုံကို တွေ့ရသည်။ ၎င်းပြင် *"ပဝါရက်သစ်၊ မယ်ကပေးတဲ့၊ ခေါင်းပေါင်းပြာ၊ လည်မှာရစ်လို့"* ဟူသော အိုင်ချင်းဖြင့်လည်း တစ်ခါတစ်ခါ လည်၌ ရစ်ပတ်ထားကြောင်း သိရသည်။ ဝန်ကြီးပဒေသရာဇာ၏ လယ်သမားဘွဲ့တွင် *"ကိုယ်တွင်အဝတ်၊ ပုဆိုးအင်္ကျီ စုပ်ပြဲပြီ၊ ချည်နီဖောင်း တွတ်တွတ်ကယ်နှင့်လေး"* ဟူသော စကားဖြင့်လည်း၊ အင်းဝခေတ် လယ်သမားများသည် နီသောဖျင်ပဝါ များဖြင့် ပေါင်းထုပ်ပြုပြင်ကြောင်း သိရလေသည်။ ဘုံခန်းဆရာကလည်း *"အင်္ကျီ လက်တို၊ တဘက်ယိုနှင့် ကိုယ်၏ဖြစ်လား၊ ဆင်းရဲသားလျက်"* ဟု အောက်တန်း စားတို့၏ ဝတ်ဆင်ပုံကို လင်္ကာဖြင့် ပြခဲ့လေသည်။

သိုးနှင့်ခမောက်[၁]

အင်းဝခေတ်တွင် ယောကျ်ားများအဖို့ အထက်တန်းကျလျှင် သိုး၊ အောက်တန်းကျလျှင် ခမောက် အသုံးပြုကြောင်းကို တောင်ဘက်ပိန်းဝင်ဘွဲ့တွင် *"ခမောက်မှာကောင်း၊ အုပ်ဆောင်းငယ်မပါ၊ သိုးလည်းမစပ်၊ ဝါးပတ်ကယ် တစ်ခွေသာ"* ဟူသော စကားဖြင့်လည်းကောင်း၊ တျာဘွဲ့တစ်ခု၌လည်း *"ခမောက်ရော၊ နေကာမိုယ်းပွတ်၊ သိုးနှင့်လဲဘူး၊ အထူးတော်င ဝါးပတ်ကယ်နှင့်လေး"* ဟူသော စကားများဖြင့် ထင်ရှားလေသည်။

ဖောင်းထုပ်

သက္ကရာဇ် ၇၉၃ ခု ထိုး၊ အင်းဝခေတ် ကျောက်စာတစ်ချပ်တွင် သူကြီးများကို ဦးပေါင်းဖျင် တစ်စုံစီပေးကြောင်း တွေ့ရသည်။ မဏိရတနာပုံနှင့် ရာဇဝင်များ၌လည်း သက္ကရာဇ် ၇၀၀ ကျော်တွင် ရခိုင်မင်း မြန်မာမင်းတို့ ဖောင်းထုပ်ဆင်ကြောင်း ဖော်ပြကြသည်။ သက္ကရာဇ် ၇၃၀ တွင် နန်းတက်တော်မူသော မင်းကြီးစွာစော်ကဲသည် ကန္နားနှင့်ထိ၍ ဖောင်းတော်ကျွတ်ကြောင်းများကို ရာဇဝင်တွင် တော်ရှုရလေသည်။

---

၁။ သိုးနှင့်ခမောက် = သိုး – သိုး၏ အမွေးဖြင့်ပြုလုပ်သော ဦးထုပ်၊ ခမောက် – ဝါးပတ် စသည်ဖြင့် ပြုလုပ်သော ခုံညားမောက်မိုသော ဆောင်းစရာ။

www.burmeseclassic.com

www.burmeseclassic.com



## တရုတ်မှတ်တမ်းများ

ခရစ်နှစ် ၁၃၉၆ ခုနှစ်တွင် မြန်မာလူမျိုးနှင့် ပတ်သက်၍ (ချွန်ခူးဆွန်) က မှတ်တမ်းတင်ခဲ့လေသည်။ ထိုအချိန်ကား အင်းဝတွင် မင်းကြီးစွာစော်ကဲ အုပ်ချုပ်နေခိုက် ဖြစ်သည်။ ၎င်းမှတ်တမ်းအရ မြန်မာတို့ကား ၎င်းခေတ်တွင် အင်္ကျီအဖြူရှည် လက်ပွများကို ဝတ်ဆင်ကြသည်။ ခါးဝတ်အဖို့မှာ အရှေ့မှ အနောက်သို့ ဖြတ်သန်းယှက်ပြီးလျှင် ပတ်ပတ်လည် ရစ်ထားသည်။ လူကုံထံတို့၏ ပုဆိုးမှာ ပေ ၂၀ ရှည်၍ လူသာမန်တို့၏ ပုဆိုးမှာ ၁၀ ပေသာ ရှိလေသည်။

ချေစိုးအဆိုအရ ယောကျ်ားများအကြောင်း အဝတ်အစားကို ထပ်လောင်း သိရပေသေးသည်။ ၎င်းအဆိုအရ ပန်းရိုက်ထားသော အဝတ်နှင့် ဦးခေါင်းကို ရစ်ပတ်ထားပြီးသကာလ ကျန်သော အစမှာ နောက်တွင် တွဲလွဲကျလျက် ရှိလေသည်။ သူတို့သည် ကိုယ်တစ်ပိုင်းသာ အင်္ကျီဆင်မြန်းလျက် ပခုံးကို ဗလာထား[၁] လေသည်။ ပန်းရိုက် ခေါင်းပေါင်းများနှင့် ပုဆိုးရှည်များ၊ ကိုယ်တစ်ပိုင်းပေါ် အင်္ကျီများမှာ ယောကျ်ားဝတ် တန်ဆာများ ဖြစ်လေသည်။ မိန်းမများသည်လည်း ကိုယ်ပေါ်မှာ ပိတ်ဖြူကို လွှမ်းခြုံကာ ပန်းရိုက်အဝတ်ကို လည်စည်းသဖွယ် ဆင်မြန်းကြသည်ဟု ဆိုသည်။

၎င်းတို့ မှတ်တမ်းအရ၊ အင်းဝခေတ် ယောကျ်ားများသည် လက်ပွသော အင်္ကျီအဖြူရှည်ကြီးများ၊ ပုဆိုးတောင်ရှည်များ၊ ခေါင်းပေါင်းများကို အသုံးပြုကြသည်ဟု ဆိုရပေလိမ့်မည်။ အချပ် ၆ ဆေးရေးကားသည် ၎င်းတို့မှတ်တမ်းနှင့် ကိုက်ညီသလို ရှိ၏။ သို့သော် အင်္ကျီလက်မှာ မပွဘဲ ခပ်ကျပ်ကျပ်ဖြစ်နေလေသည်။ စစ်ကိုင်းမီးပေါက်ကြီး ဘုရားအတွင်းရှိ အင်းဝခေတ် ဝန်ကြီးပုံများမှာမူကား အင်္ကျီလက်ကျယ်ကြီးများနှင့် တွေ့ရသည်။ ပုဆိုးဝတ်ပုံမှာ အချပ် ၇(ဂ) အမှတ်ပုံသည် ၎င်းတို့မှတ်တမ်းအဆိုနှင့် ပို၍ နီးစပ်သည်။


## အင်းဝသူများ ဝတ်ဆင်ထုံးဖွဲ့မှု

*အင်းဝခေတ်ကား စာဆိုတော်များ ထွန်းကားသောအခါဖြစ်၍ ၎င်းတို့ပေါ် မယ်ဘွဲ့ကဗျာများတွင် အင်းဝသူများ၏ ဝတ်ဆင်ပုံကို တွေ့မြင်နိုင်ပေသည်။*

---

၁။ ဗလာထား=(ပေါရာဏ) အပိတ်အကာမရှိ ဟင်းလင်းထားသည်။ တစ်နည်း(ပါဠိပျက်) ဗလာဟာက–ပါဠိမှပျက်၍ ဗလာ–ဖြစ်လာဟန်ရှိ၏။

www.burmeseclassic.com




အချပ်-၇

အချပ်-၇ အဝ နှင့် အမရပူရခေတ်

www.burmeseclassic.com



ရှင်ထွေးနာသိန် တောင်ငူရောက်မှ ရေးသော ရတု[၁] တွင် "*ကျောက်တိခံ၍၊ မင်းဝံချက်မ၊ ဒေသမင်္ဂလာ၊ သာသနာထွန်းစည်၊ ပြည်၏တန်းခွန်၊ နန်းဗိမာန်မှာ၊ ဆင်းကြန်နိကာယ်၊ ကြီးငယ်ရွယ်လတ်၊ ဆင်မှတ်ထွေပြား၊ ဝတ်စားနတ်နှိုင်း၊ သင်တိုင်း ရွှေပြောက်၊ စိန်ကျောက် လည်မှာ၊ သူဇာယိုးဘွယ်*[၂]*၊ ပျိုရွယ်ရုပ်သွင်၊ နဖူးပြင်ဝယ်၊ ရည်ရှင်ဇောတ၊ ကပ်ကြည်ရွှန်း၊ မှန်စက်ဝန်းနှင့်၊ ရွှေပန်းရွှေမြီး၊ ညီးရရီးတိ၊ မဏိကိုးပါး၊ စီခြားခြယ်မြောင်၊ ခရုချောင်နှင့် ရွှေတောင်ထက်တွင် နတ်သဘင်သို့ မွမ်းဖြင်ပည်းလှည့်လိမ့်တကား*" ဟု တွေ့ရသည်။

ရှင်မဟာရဋ္ဌသာရဆို တံတားဦးတည် မော်ကွန်း၌ "*တရွှေ တရွေ၊ အုပ်တွေများစွာ၊ မိုးသူလာသို့၊ မြူတာရွှက်ပြီး၊ ကြွယ်သမီးတို့၊ ညီးညီးသွယ်သွယ်၊ လှဆင်းရွယ်တိ၊ စံပယ်လိုက်ဖက်၊ ခြူးဆင့်ရက်သား၊ တဘက်ရင်ကန့်၊ ဝတ်စားသန့်နှင့်၊ ဆိတ်တွန့်ချည်ဘန်၊ ဆံထုံးရန်၍၊ သတ်ပြန်ရန့်၊ ထွားညံ့နှုတ်ခမ်း၊ ကွမ်းလည်းတပ်မောင်း၊ အဲသံညောင်းဖြင့်*" ဟူ၍ အင်းဝခေတ် သူကြွယ်သမီးများ၏ ဝတ်ဆင်ပုံကို ဖော်ပြထားလေသည်။

ဝန်တောင်လည် ဘုန်းကြီးကလည်း မယ်ဘွဲ့မေတ္တာစာ ရတုတွင် "*ဆယ့်သုံးနှစ်ဝင်၊ ဆံကေရှင်ကို၊ လက်သင်စည်းကာ၊ ငယ်ရုပ်ဝါနှင့်၊ ခါသာပိတ်ညို့၊ ရွှေရင်စိုကို၊ နှောင်ဖို့ပေပင်၊ ရေးရေးထင်လျက်*" ဟု ထိုခေတ်က ငယ်ရွယ်သူများ ဝတ်ဆင်ပုံကို စပ်ဆိုထားလေသည်။

အင်းဝခေတ်ပေါ် မယ်ဘွဲ့ကဗျာများအနက် ရှင်မဟာရဋ္ဌသာရ၏ တောင့်တဲ့ဘွဲ့ ရတုတွင် အင်းဝခေတ် အဝတ်အစားများကို အစုံလင်ဆုံး တွေ့ရလေသည်။

## အင်းဝခေတ် မယ်ဘွဲ့ကဗျာ

*ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်၊ လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို၊ နတ်တို့ဆင်ထိုက်တန်၊ ဆင်းစုံ ကြန်သား၊ အလွန်ရပေခက်၊ ဖြူမြိတ်ရွက်နှင့်*

---

၁။ ရတု–ဥတုအခါ စသည်အရ ဖွဲ့ဆိုအပ်သော အချီအချ ကာရန်တူရသော အဖွဲ့မျိုး။

၂။ သူဇာယိုးဘွယ်=သိကြားမင်း၏ မိဖုရားကြီး နတ်သူဇာလေလားဟု ယိုးမယ်ဖွဲ့လောက်သူ။

www.burmeseclassic.com

www.burmeseclassic.com



*လက်လက်လှထိန်ပြေး၊ ရွှေချည်ရေး သို့၊ ပုံ့မွေးရွှေအင်္ကျီ၊ ရွှေထဘီနှင့်၊ မြစီရွှေနားတောင်း၊ နွဲ့နွဲ့နှောင်းလျက်၊ ရောင်မောင်း ကွမ်းရည်သွား၊ သက်တင်လား[၁]သို့၊ လက်ဖျားဒန်းနီရောင်၊ လှတန်ဆောင်မှု၊ မျက်တောင်ကော့ညွတ်သေး၊ စုတ်ဖြင့်ရေးသို့၊ ကြိုင်အေးကတိုးရည်၊ ထုံမျိုးကြည်၍၊ နတ်ပြည်မိုယ်းသူဇာ၊ ပုံကျလာသို့၊ ရှုသာတင့်စနိုး၊ လှခေါင်မိုးလျှင်၊ ပြစ်မျိုးမှဲ့မထင်၊ နတ်ရုပ်သွင်သို့၊ ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို၊ ညတွင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်။ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။*

*ပဉ္စကလျာ၊ ညိုပြာတင့်ဆင်းရောင်၊ ရွှေကြက်တောင်ဝယ်၊ ဖြူရောင်ရထည်းဆွ၊ သွယ်ခွေချ၍၊ ထွန်းပကိုယ်ရောင်ဝင်း၊ ပြာနွဲ့ရှင်းမှု၊ ပုံ့ရွှင်းနုံ့သာပျောင်း၊ မမွေးတောင်းထည့်၊ တင့်ကြောင်းဆင်စံပယ်၊ ရှုချင်ဖွယ်တီ၊ နီကာယ်ဆင်းရောင်မြွ ဆယ်နှစ်စေ့ကို၊ ကျန်ရွှေ့သံရည်ထင်၊ မြင့်ကြာတင်ခဲ့၊ ပြင်ဆင်နတ်နှင့်လျော၊ ပြာနွဲ့ချောလျှင်၊ တင့်မောလွန်ကျစ်လျစ်၊ စုလည်းသစ်နှင့်၊ ပြေပြစ်တင့်ဆုံဆည်း၊ မိညက်ကြဉ်းသည်။ စုလည်းထုံးတုံ့ မထုံးတုံ့။*

*ဒေဝစ္ဆရာ၊ ပြင်လျာဆင်းတင့်ရောင်၊ ရွှေကြက်တောင်ဝယ်၊ လှခေါင်တင့်မျိုးလွတ်၊ ဆယ့်နှစ်ပတ်လျှင်၊ ရစ်လှတ်ခြူးမြှောင့်စီ၊ ရွှေထဘီနှင့်၊ အာနီသိန်းတန်မျိုး၊ ရွှေခါးကြိုးလည်း၊ စံမျိုးနေ့တိုင်းပင်၊ အမြဲဆင်၍၊ ကျွန်းတွင် ဇမ္ဗူလုံး၊ ပြိုင်တိုင်း ရှုံးသည်၊ ပြစ်သုံးကင်းဝေးစွာ၊ မိုးယ်သူဇာသို့၊ ဆည်းဆာညရီတွင်၊ ကျွန်ုပ်မြင်သည်။ ရွှေရင်ဖုံးတုံ့ မဖုံးတုံ့။*

အထက်ပါရတုတွင် ရွှေအင်္ကျီ ရွှေထဘီ မြစီနားတောင်းများနှင့် ရွှေခါးကြိုးကိုလည်း အသုံးပြုပြီးလျှင် မြိတ်ဖြူမြိတ်စို့ စုလည်းထုံး ကြက်တောင်စည်း စသောဆံထုံးများ ထုံးဖွဲ့ကြောင်း သိရသည်။

## မိဖုရားကြီးများ၏ အဆင်တန်ဆာတော်

မြန်မာသက္ကရာဇ် ၈၁၀ ပြည့်နှစ် ထိုး၊ အနန္တသူရိယကျောက်စာ၌ စကားပြေဖြင့် အင်းဝမင်းမိဖုရားကြီးများ၏ အဆင်တန်ဆာများကို ဤသို့ ဖော်ပြခဲ့လေသည်။

---

၁။ သက်တင်လား = သက်တန့်ရေးအလားသို့။

www.burmeseclassic.com

www.burmeseclassic.com



"မျောက်သားတော်ဖုရားရှင်အားလည်း ရတနာအတိပြီးသော ရွှေသင်းကျပ် ရွှေဥသျှောင် ဟူသော ဦးခေါင်းတော်၏ တန်ဆာ၊ ရတနာအတိပြီးသော ရွှေအင်္ကျီ၊ ပုလဲသန္တာအတိပြီးသော အင်္ကျီ စသော အဝတ်တန်ဆာ၊ ဇမ္ဗူရွှေစင် အမွှန်အတိ ပြီးသော ပန်းကုံး၊ ပုလဲအတိပြီးသော ပန်းကုံး၊ သန္တာအတိပြီးသော ပန်းကုံး၊ ရတနာခုနစ်ပါး ပြည့်ထလျက်၊ အလွန်ဆန်းကြယ်စွာသော ပန်းခက်၊ ပတ္တမြား၊ ပုလဲ၊ သန္တာ စသော ရတနာခုနစ်ပါးအတိ ပြည့်ထလျက်သော ရွှေထဘီလည်း တစ်သိန်းထိုက်၏၊ ရွှေလည်မားလည်း တစ်သိန်းထိုက်၏။ အလွန်ဆန်းကြယ်စွာ သော ဤခုနစ်စုံသော အဝတ်တန်ဆာတို့နှင့်တကွ၊ တစ်ဘက်ဘက်သော တစ်သောင်း ပေးသော ပတ္တမြား နားတောင်းဖြင့် ပြောင်ပြောင်တောက်သော မျက်နှာတော် တမူလည်းရှိထသော" ဟူ၍ တွေ့ရသည်။ ထိုကျောက်စာအလိုဖြင့် အင်းဝ မင်းမိဖုရားကြီးများ၏ အဆင်တန်ဆာတော်သည် အလွန်ပင် အထက်တန်းကျ ကြောင်း သိရပေသည်။

ပျို့ကဗျာလင်္ကာများ၌လည်း အင်းဝခေတ်သုံး အဆင်တန်ဆာများကို တွေ့နိုင်ပေသေးသည်။ ကိုးခန်းပျို့တွင် *"လက်ကောက်၊ လက်ကျပ်၊ လက်စွပ်၊ ပုတီး၊ ဆင်ပြီးနားတောင်း၊ စည်ဖောင်းလည်မှာ၊ ထွန်းဝါပြိုးပြက်၊ သင်တိုင်းဒက် လည်"* ဟု တွေ့ရသည်။ ဘုံခန်းဆရာကလည်း *"ဆွေညဲမင်းတို့၊ ကျိုးကျင်း ရယ်ပြုံး၊ ယဝင်ထုံးလျက်၊ ရွှေကုံးဆင်ရစ်၊ ပန်နစ်ဂီဝါ၊ ကေသာစိန်ပွင့်၊ ကြာနှင့် မြလျှောက်၊ တင်သျှောက်ပျပ်ပျပ်၊ ဖြူးကသပ်သား၊ ဆံစပ်ရေးရေး သွယ်ပတ် ကွေးလျက်၊ ဆယ်လေးတင်းတင်း၊ သနစ်သွင်းသို့၊ မင်းတို့အစဉ်၊ ဆံလျှဉ်မျက်မြွာ၊ ကုဏ္ဍလာလည်း၊ ခြူးကြာပြောက်ကွင်း၊ ခနုထွင်းလျက်၊ ခတ်ပြင်းရည်နု၊ ရောရု ရည်ကောင်း၊ အခြည်လောင်းမှု၊ နားတောင်းအရောင်၊ လောင်လလီလီ"* ဟု ထုံးဖွဲ့ပန်ဆင်မှုနှင့် ပတ်သက်၍ စပ်ဆိုထားပေသည်။

## အင်းဝခေတ် ဆံထုံးများ

ဘုံခန်းတွင် *"ကေသာနက်မည်း၊ ယဝင်ပည်းမျှ၊ စုလည်းသွယ်ပတ်၊ မမှီတတ်၍၊ မြိတ်လွတ်မထုံး၊ ပုလဲကုံးတီ"* ဟူ၍ ဆံထုံးထုံးပုံကို ဖွဲ့ဆိုထားလေ သည်။ ၎င်းပြင် အင်းဝခေတ်ထုံး ဆံထုံးနည်းများကို ၎င်းပျို့၌ပင် အတော်စုံလင်စွာ စပ်ဆိုထားလေသည်။ ၎င်းတို့ကို ကောက်နုတ်ဖော်ပြရသော် *"စုလည်းငုံသော်၊*

www.burmeseclassic.com

www.burmeseclassic.com



*ကုံးသွယ်နစ်လျက်" "စုလည်းထုံးသစ်၊ ရွှေကုံးရစ်လျက်" "စုလည်းထုံး၊ ရွှေကုံးလှနှင့်" "သပ်ချမြိတ်ဆံ၊ ရွှေကြာခံလည်" "ရွှေငုံမြိတ်ရစ်၊ ပေါ်သစ်သစ်က" "တချို့ငယ်ဖော်၊ မြိတ်စို့ပေါ်လျက်" "မြကုံးဆံစု၊ ပန်နစ်ပြုဖိမ့်" "ငယ်သွေးငယ်ယောင်၊ ငယ်ပြင်ဆောင်လည်း၊ ကြက်တောင်ဆံစည်း၊ ငယ်ချင်းရည်း၍"* ဟူ၍လည်းကောင်း၊ ထို့ပြင် အခြား ကဗျာလင်္ကာတို့၌လည်း၊ *"ထပ်ရစ်လက်သင်၊ ထုံးစတွင်၌" "မဏိကိုးပါး၊ စီခြားခြယ်မြောင်၊ ခရုချောင်နှင့်" "ရွှေကြက်တောင်ဝယ်၊ ဖြူရောင် ရထည်းဆွ၊ သွယ်ခွေချ၍"* ဟု အင်းဝခေတ်ထုံး ဆံထုံးနည်းများကို တွေ့ရှိရပေသည်။ တောင်ဖီလာဆရာတော်ကလည်း ဖျက်စု (၂၀) တွင် *"ဣတ္ထိယမူ၊ ရှုပကောင်းလျက်၊ ဆံထုံးဖျက်"* သည်ဟု စပ်ဆိုထားလေသည်။

## ဗျာပါဆံ

အင်းဝခေတ်တွင် ဖော်ပြခဲ့သော ပုဂံခေတ် ဆံထုံးနည်းများအပြင် "**ဗျာပါဆံ**"[၁] ခေါ်သော ဆံကေသာ ပြုပြင်ပုံတစ်မျိုးလည်း ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြ၏။ ၁၉၃၅ ခု၊ ဖွန်လထုတ် ပြုပြင်ရေးမဂ္ဂဇင်းတွင် ဗျာပါဆံနှင့်ပတ်သက်၍ "ရှင်မြတ်လှ၏ မိဖုရားသွေး" ဆောင်းပါးတွင် တွေ့ရှိရသည်။ ၎င်းမှ လိုရာကောက်နုတ်၍ အကျဉ်းချုပ်ဖော်ပြရသော်။

ရှင်မြတ်လှသည် အင်းဝပြည်ကြီးရှင် ဘုရင့်မိဖုရားကြီး ဖြစ်လိမ့်မည်ဟူသော အဟောရှိသဖြင့် မိဖုရားကြီးတို့၏ ဟန်ပန် အကြံအစည်ဖြင့် အလီလီစိတ်ကြီးဝင်လျက် ထင်တစ်လုံးနှင့် နေခဲ့သူဖြစ်လေသည်။ တစ်နေ့တွင် မိုးညှင်းမြို့စား (သတိုးမိုးညှင်း မင်းဥဒိန်) နှင့် ရှင်မြတ်လှကို စုံဖက်ရန် ဘုရင်မင်းခေါင်သည် ဘိုးရာဇာနှင့် တိုင်ပင်၍ စီမံတော်မူသည်။ ထိုအခါ ရှင်မြတ်လှသည် စစ်ကိုင်းဘက်တွင် ဥပုသ်ဆောင် ထွက်နေခိုက် ဖြစ်၏။ အမိန့်တော်ဖြင့်ခေါ်သော မင်းဥဒိန်ကိုပင် ကျွန်စုတ်က မိဖုရားလုပ်မည့်သူကို မိုက်မဲတဲ့စကားဖြင့် စော်ကားလေခြင်းဟု ကြိမ်းဝါးသေး၏။

သို့သော် အမိန့်တော်ကြီးနှင့်ဖြစ်၍ မငြင်းပယ်ဝံ့ရကား ရေဝတ်မြစ်ဆိပ်သို့ ဆင်း၍ လှေနံပေါ်တွင် ဆံထုံးတင်လျက် တစ်ချက်တည်း ခုတ်ဖြတ်ခါ

---

၁။ ဗျာပါဆံ = ဗျာပါများမှုကြောင့် မကောင်းသော ဆံပင်ကို ကောင်းမွန်လှပအောင် ပြုအပ်သော ဆံပင်။

www.burmeseclassic.com

www.burmeseclassic.com





ဗျာပါဆံ

အချပ် - ၈

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားဖြစ်မည်ဆိုသော ဟောစာတမ်းနှင့် ဇာတာပါ တစ်ခါတည်း ရေထဲသို့ မျောလိုက်လေသည်။

ရှင်မြတ်လှကား အလွန်လှပချောမောသူဖြစ်သည့်အတိုင်း၊ ထိုသို့ ဆံပင်ကို လှီးဖြတ်ပြီးနောက် တစ်ပတ်ကျော့ မမှီတမီ ထုံးထားသည်ကိုပင် ပြတ်ရှာလေသော ဆံပင်အတိုအစကလေးများသည် ဆံထုံးကြားမှာ ကားရယား ကော့ရော့ ကျော့ကျော့ကလေး ကျဆင်းပြီး တစ်မျိုးကြည့်ကောင်းနေပြန်လေသည်။ ထိုအခါ ဘိုးရာဇာက *"ကပိုကရို ဗျာဆံဝိုက်နှင့်၊ နန်းထိုက်တဲ့ တို့ခင်လေး"* ဟု မင်္ဂလာစကား ချီးကြူးသည်ကစလျက် "ဗျာပါဆံ" ဟူ၍ ပေါ်လာသည်ဟု ဆိုသည်။

အချပ် ၈ ပုံသည် နိုင်ငံကျော် ဓာတ်မင်းသမီး မထွေးလေး၏ ဗျာပါဆံပုံ ဖြစ်လေသည်။ စင်စစ်အားဖြင့် အင်းဝခေတ်တွင် ရှင်မြတ်လှ၏ ဗျာပါဆံမှတစ်ပါး အထောက်အထားပြစရာ မတွေ့ရသေးချေ။ ၎င်းပြင် ပြုပြင်ရေးတွင် ရေးသကဲ့သို့ "ရှင်မြတ်လှ" ရာဇဝင်အခေါ် "မင်းမြတ်လှ" သည် ဘုရင်မင်းခေါင်၏ နှမတော် ဖြစ်၍ နောင်သောအခါ (သုပဘာဒေဝီ) ဟူသောဘွဲ့ဖြင့် ရာဇာဓိရာဇ်၏ မိဖုရား ဖြစ်လေသည်။ မိုးညှင်းစား မင်းဥဒိန်ကိုမူကား၊ နန်းတင်၍ ငါးလမျှရှိသေးသော တောင်တွင်းမင်း၏ မိဖုရားငယ် (ရှင်မိမြတ်) ကို ပေးတော်မူသည်။ ဤကား ရာဇဝင်နှင့်အညီတည်း။ ပြုပြင်ရေးတွင် ဘုရင့်နှမတော် ရှင်မြတ်လှကို မိုးညှင်းစား အား ပေးသည်ဆိုရာ၌ ရာဇဝင်နှင့် ဆန့်ကျင်နေပေသည်။ သို့သော် ဤစာတမ်းတွင် ရာဇဝင်ဖြေရှင်းချက်ထက် ဝတ်ဆင်ထုံးဖွဲ့မှုအကြောင်းသာ အရေးကြီးရကား အင်းဝ ခေတ်တွင် ဗျာပါဆံပေါ်သည် မပေါ်သည်ကိုသာ အဓိကထား၍ စဉ်းစားဖွယ်ရှိလေသည်။

## အင်းဝခေတ် ကချေသည်

သက္ကရာဇ် ၁၇၁၁ ခုနှစ်ထိုး၊ စစ်ကိုင်းကောင်းမှုတော် ကျောက်စာ၌ "ထိုမှတစ်ပါး၊ အသောကမင်းကြီးသည်၊ ကိန္နရေ[၁] တို့၏ ကခြင်းသီချင်းတို့ကို ကြည့်နာတော်မူလိုသည်ဖြစ်၍ ဟိမဝန္တာသို့ လက်စွပ်တော်ကို လွှတ်လိုက်သော်လျှင် မင်း၏ အာဏာတော်ကြောင့် လာ၍ ကလာကုန်သော ပက္ခိကိန္နရေတို့၏ အရုပ်

[၁] ကိန္နရေ=(ပါဠိပျက်) ကိံ–နရ၊ ကိံ–စက်ဆုပ်ဖွယ်သော၊ နရ–လူ။ လူနှင့်မတူ၍ စက်ဆုပ်ဖွယ်ရှိသော်လည်း ငှက်အလား အလွန်လှပသော လူငှက်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်လည်း ရွှေအတိပြီးသော၊ အမြီးအတောင် ဘယက်တန်ဆာတို့ဖြင့် ဆင်ယင်၍ ကစေ၏။ ဒုမကိန္နရေ၊ စန္ဒကိန္နရေတို့၏ အဟန်လည်း၊ ရွှေဖြင့်ပြီးသော ဘယက်လည်မှာ ဒွါဒရာ၊ ခါးကြိုး၊ ချူမျိုးယှက်ဆိုင်း၊ သင်တိုင်း နားတောင်း အစရှိသော တန်ဆာတို့ဖြင့် တင့်တယ်စွာ ဆင်၍ ဟိမဝန္တာတောင်မှ ပျံကျလာသော အယောင်လွှန်တင်းထက်၌ ကစေ၏" ဟု အင်းဝခေတ် သဘင်တစ်ခုကို ဖော်ပြထားလေသည်။

တစ်နေရာတွင် ဖော်ပြထားသော ကချေသည်ပုံသည် ပုဂံ ရှင်ဥာဓမဏိ ဘုရားအတွင်းမှ ကူးယူခဲ့သော အင်းဝခေတ် ကချေသည်ပုံ ဖြစ်လေသည်။ ထိုပုံတွင် ဆံကေသာ ပြုပြင်ပုံမှာ စုလည်းထုံးနှင့်ပင် သဏ္ဍာန်တူ၍ အပေါ်ပိုင်းကို ဗလာကျင်းထားသည်မှာလည်း ထင်လင်းလှပေသည်။ နဝဒေး၏ "လှဘက်ရှင်း၍" ချီသော ရတု ဒုတိယပိုဒ်အချတွင် (ရထည်းရင်ရစ်ခါတကား) ဟု တွေ့ရဖူးသည်။ ထိုရတု အဖွင့်ကို မဟာဆွေ၏ စစ်ထွက်သူဝတ္ထု၌ *"ရွှေရင်သိမ်းသစ်အခြေမှ၊ ရင်သားများ ကြီးထွားတင့်တယ်လာပြီဖြစ်သဖြင့် ၁၀ နှစ်၊ ၁၁ နှစ်ရွယ်ကကဲ့သို့ မဟုတ်တော့ဘဲ ရထည်းများ ရစ်ပတ်၍ ထားရချေတော့သည်"* ဟု ဆိုသည်။ ယခု အင်းဝခေတ် ကချေသည်မှာ "ရထည်းများ" မပတ်မိဘဲ ထားလေရော့သလောဟု တွေးတော စရာပင်၊ တစ်နည်းအားဖြင့်လည်း *"ရွှေရင်ဖုငယ်ကို ၊ ကြွေလုံငယ် အိတယ်သာတည့် ငယ်မှာ ဖြစ်ခဲ့ပါ၊ နေနေ နေလ နှစ်ပါးပင်၊ ညကိုမြင်လျှင်ပင် ထင်ဝိုးဝါး၊ ဖြူပြာထွားသည်၊ ရင်သားနုငယ်ကို"* ဟူသော စာဆိုနှင့်ညီအောင်ပင် တမင် ဗလာကျင်းခဲ့လေသလောဟုလည်း တွေးစရာရှိလေသည်။

## အင်းဝခေတ် ဝတ်စားတန်ဆာများ စိစစ်ချက်

ဖျင်

အင်းဝခေတ်တွင် ဝတ်စားတန်ဆာမျိုးမည်မှာ ပျို့ကဗျာနှင့် ကျောက်စာများ အရ အတော်စုံလင်လာပေပြီ။ ပုဂံခေတ်တွင် သုံးခဲ့သော "ဖျင်" ကို အင်းဝခေတ်တွင် ဆက်လက်သုံးစွဲသည်ကိုလည်း တွေ့ရသည်။ သို့သော် "အင်္ကျီ" အသုံးလည်း ပေါ်ခဲ့လေပြီ။ ထို့ကြောင့် ပါရမီခန်းပျို့တွင် "အင်္ကျီ ဒုယင်၊ သင်တိုင်းဖျင်ကို" ဟု လည်းကောင်း၊ မဃ္ဃဒေဝပျို့တွင်လည်း *"အင်ပြည့်အညီ၊ အင်္ကျီဖျင်ကောင်း၊*

www.burmeseclassic.com



အင်းဝ - ကချေသည်



အင်းဝခေတ်ယောကျ်ားတစ်ဦး၏ ဝတ်ဆင်ပုံ
ပုံနံပါတ် - ၉

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



*ရွှေဖောင်းစွန်တောင်"* ဟူ၍လည်းကောင်း စပ်ဆိုခြင်းဖြစ်သည်။ ဘုံခန်းဆရာကလည်း *"ဖျင်လက်ပင့်၍၊ လွတင့်မင်းဘော၊ ဝင်စေသော"* ဟု စပ်ဆိုသည်။

သက္ကရာဇ် ၈၃၄ ခု စီရင်သည့် ပြည်စုန်မော်ကွန်းတွင် *"မြသည်အလို၊ မိဂသိုရ်ဟု၊ မြင်းမိုရ်တောင်စွန်း၊ နေခြည်ထွန်းသား၊ လဝန်းပေါ်ထွက်၊ ဆယ့်တစ်ရက်မှ၊ သန့်သက်ကောင်းကင်၊ စည်းလက်တင်ဟု၊ သဘင်ပွဲကြီး၊ ဖျင်တပ်ပြီးသော်"* ဟု စစ်လျှင်ထောင်မှူး ရှင်ထွေးညို စပ်ဆိုလေသည်။ အဓိပ္ပာယ်မှာ၊ အင်းဝမင်းများ လက်ထက် နတ်တော်လရောက်လျှင်၊ အခါနေ့ရက်တွေး၍ မင်းနှင့်တကွသော မှူးမတ်တို့သည် ရာထူးဌာနအလိုက် အင်္ကျီဖျင်တပ်၍ ဝတ်ဆင်ကြောင်း သိရလေသည်။ ထိုအထောက်အထားများအရ ဖျင်ဟူသည် အပေါ်ဝတ်အင်္ကျီ ရှိုးရှိုးကိုပင်ခေါ်ကြောင်း သိသာသည်။

**အင်္ကျီ**

အင်္ကျီဟူသော ဝေါဟာရမှာ အင်းဝခေတ်ပေါ် စကားပင် ဖြစ်လေသည်။ ထိုစကားမှာ တရုတ်ဘာသာစကားမှ ဆင်းသက်လာသည်ဟု ယူဆကြ၏။ အချို့ကလည်း "အင်ဂိ" ဟူသော ဝင်္ဂတိုင်းသား ဘင်္ဂလားလူမျိုးတို့စကားမှ ရွေ့လျောလာသည်ဟု မှတ်ယူကြသည်။ အင်္ကျီပါး ဒီပနီဆရာကမူကား၊ "အင်္က" ဟူသော ပါဠိမှ ဆင်းသက်လာသည်ဟု ဆို၏။ အင်္ကျီဝိဂြိုဟ်ကား အင်္က တာယတိရက္ခတိတိအင်္ကျီ။ **အင်္က**–အားအင်ဗလ ဟူသမျှ၏၊ တကွတည်ရာ၊ နုစွာသန့်စင်ခါးရင်ခွင်ကို၊ **တာယတိ ရက္ခတိ**–ချမ်းပူလည်းမဝင်ရ၊ မမြင်အပ်သည်ကိုလည်း မမြင်ရအောင်၊ နေ့ညမပြတ် စောင့်ရှောက်တတ်ပေ၏။ **ဣတ္တိ**–ထိုသဘောမျိုးကြောင့်၊ **အင်္ကျီ**–အင်္ကျီမည်၏ဟု ဆိုသည်။

**တုရင်၊ သင်တိုင်း**

အင်းဝခေတ်တွင် ကိုယ်ဝတ်တန်ဆာနှင့်ပတ်သက်၍ အင်္ကျီဖျင်ဟူသော အသုံးအပြင် တုရင် (ဒုယင်) သင်တိုင်း အသုံးများလည်း ရှိသေး၏။ ထို့ကြောင့် ဘုံခန်းပျို့၌ *"ရွှေဖောင်းရွှေဖျင်၊ ရွှေတုရင်လည်း"* ဟု လည်းကောင်း၊ *"ကြောင်မျက်ရွှဲနှင့်၊ ပုလဲသန္တာ၊ အချာရှုပ်ဆိုင်း၊ သင်တိုင်းဆင်ဝတ်"* ဟု လည်းကောင်း စပ်ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထဲနှီး

ပေါ်ရဏာတွင် အတွင်းခံအဝတ်ဟု အနက်ပေးသော "ထဲနှီး" ဟူသော စကား တွေ့ရသည်။

ထဘီ

သတိုးမင်းဖျားမြို့တည် စံနည်းနာသည်ကာလ၊ ***"ထဘီတောင်းစေ၊ ခြေကောင်းစေ၊ တဘက်ခါးစည်း၊ ချွေးကြီးတဖြာ၊ ပန်းမှုသာ"*** ဟူ၍ တဘောင် ပေါ်ဖူးသည်၊ ထိုတဘောင်အရ အင်းဝမြို့ မတည်မီကပင် ထဘီတဘက် အသုံးများ ရှိနေနှင့်ကြောင်း သိသာသည်။ "ထဘီ" ကို သခင်ဋီကာ၌ "**တောယဝတ္ထာယ**–ထိုအဝတ်ဖြင့်၊ **ထိသတြိ**–မိန်းမကို၊ **ဗန္ဓတိ**–လုံခြုံစေ့စပ်၊ လစ်မလပ်အောင်၊ ထိုးချုပ်ခါးတင်၊ ရင်ကိုမရှား၊ လွှား၍ကျပ်တည်း၊ ဖွဲ့ယှက်စည်း၏၊ **ဣတိတသ္မာ**–အနှာကြောင့်မို့၊ **တံဝတ္ထံ**–ထိုအဝတ်သည်၊ **ထိဗီ**–ထိဗီမည်၏ဟု သခင် ကိုယ်တော်မှိုင်းကြီး ဝိဂြိုဟ်ကြံထားလေသည်။ အင်းဝခေတ် ထဘီဝတ်ပုံ နမူနာကား၊ အင်းဝကချေသည်ပုံတွင် မြင်ရသည့်အတိုင်းပင် ဝတ်ဆင်ကြပေလိမ့်မည်။

ပုဆိုး၊ ကောနံ

ယောကျ်ားများ၏ ကိုယ်ဝတ်တန်ဆာနှင့် ပတ်သက်၍ ဟံသာဝတီပါမင်း အမှားတော်ပုံတွင် *"လက်ချိတ်လွန်းပြန် ကောနံ၊ သည်တွင် အစပေါ်သည်"* ဟု ဆိုသည်။ ကိုးခန်းပျို့၌ *"စုလျားပေါ်တင်၊ နီလွင်ကိုယ်ဝတ်၊ ဒုပင့်ကမ္ဗလံ၊ ကောနံနှင့်"* ဟု စပ်ဆိုလေသည်။

စုလျား

"စုလျားပေါ်တင်၊ နီလွင်ကိုယ်ဝတ်" ဟူသော စကားဖြင့် အပေါ်ရုံကိုပင် စုလျားခေါ်ကြောင်း သိသာသည်။ ရှေးရှေးပညာရှိ သူတော်ကောင်း လူအပေါင်း တို့သည် သီတင်းသီလ ဆောက်တည်သောအခါ တစ်စုံတစ်ခု မင်္ဂလာအမှု ပြုလုပ်သောအခါ ဘွဲ့ဖြူကိုယ်ဝတ်ကို ဝတ်၍ အပေါ်ရုံစုလျားတင်မြဲတည်းဟု ရာဇသေဝက ဒီပနီတွင် ဆိုသည်။ အချပ် ၇ (ဂ) အမှတ်ပုံသည် ထိုသို့ပင် ဝတ်ဆင်ထားသည်ဟု ယူဆသင့်လေသည်။ ထိုစုလျားကိုပင် ဘုံပတီးဟူ၍ လည်းကောင်း၊ ပတီးဟူ၍ လည်းကောင်း တစ်မျိုးခေါ်သေး၏။ ကဗျာများတွင်လည်း အစပ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဝါ တဘက်

ပဝါ တဘက် အသုံးများလည်း အင်းဝခေတ်တွင် အစပြုခဲ့၏။ ပဝါမှာ ပါဝါရ ဟူသော ပါဠိမှ ဆင်းသက်သည်ဟု ယူဆကြသည်။ အိုင်ချင်းများအရ ဝဝါကို ယောကျ်ားများသည် ခေါင်းပေါင်းလေ့ရှိသည်။ တစ်ခါတစ်ရံလည်း လည်ပင်းမှာ ရစ်ထားတတ်သည်။ ထိုပဝါမှာ စုလျားနှင့် သဘောတူပင် ဖြစ်သည်။ တဘက်အသုံးကား အင်းဝမြို့တည် တဘောင်တွင် စတင်တွေ့ရသည်။ ၎င်းနောက် ဘုံခန်းနှင့် တံတားဦးတည် မော်ကွန်းများ၌လည်း တွေ့ရသည်။

ခါးကြိုး

ခါးကြိုးအသုံးကိုလည်း ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့သည်။ တောင့်တဲ့ တွန့်ရတု၌ တွေ့ရ၏။ နဝဒေးကြီး၏ ညွှတ်သွယ်မြင့်၍ ချီသော ရတု၌လည်း *"လက်ကောက်လျှံဖြိုး၊ ခါးကြိုးအာနီ၊ မျက်စီရည်ရှင်"* ဟု စပ်ဆိုသည်။

ရွှေခြေချင်း

အင်းဝ ညောင်ရမ်း ၁၀ ဆက်တွင် ၇ ဆက်မြောက်ဖြစ်သော ဝမ်းဘဲ အင်းစံ မင်းတရားလက်ထက်၌ ပြည်သူ ပြည်သူသားတို့၏ ဝတ်စားဆင်ယင်မှု များသည် လျှပ်ပေါ်လော်လည်ကြသဖြင့် မြန်မာသက္ကရာဇ် ၁၀၄၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့တွင် အောက်ပါအမိန့်တော်ကို ထုတ်ပြန်ရလေသည်။

"ငါ၏နိုင်ငံတော်အတွင်း၊ ဆင်းရဲသား ကျွန်တော်မျိုးတို့သည်၊ ဘိုးဘ စဉ်လာအတိုင်း၊ ဝတ်စားဆင်ယင်ကြရမည်၊ မောင်မင်းတို့ ရွှေရှိကြောင်း အထိမ်း အမှတ်အဖြစ်ဖြင့်၊ သားသမီးများကို ရွှေခြေချင်း မဝတ်ဆင်စေရ" ထိုအမိန့်တော် သည် နောက်မင်းအဆက်ဆက်လည်း လိုက်နာကြသဖြင့် မြန်မာမင်းများလက်ထက် တော်၌ ဆင်းရဲသားများ ရွှေခြေချင်းမဝတ်ကြရ၊ မိုးကြိုးနှင့် ငွေခြေချင်းသာ ဝတ်ခွင့်ပြုသည်။

ရှင်လောင်းများ စလွယ်ဆင်ခြင်း

အင်းဝခေတ်တွင် အဝတ်အစားနှင့်ပတ်သက်၍ မှတ်သားဖွယ်ကောင်း သည်မှာ လောကသရုပ္ပ ဘုရားဒါယကာ ဟံသာဝတီရောက်မင်းတရားလက်ထက်၌ ရှင်လောင်းများကို စလွယ်၊ သင်းကျစ်ဆင်၍ သာကီဝင်မင်းမျိုးသို့ သွတ်သွင်းတော် မူခဲ့ခြင်း ဖြစ်လေသည်။ ထိုအကြောင်းကို အင်ရုံစာတမ်း၌ တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရက်ကန်းပညာ

ပုဂံ စုဠာမဏိ ဆေးရေးကားတွင် အင်းဝခေတ် ရက်ကန်းသည်ပုံများကို တွေ့ရလေသည်။ ကိုးခန်းပျို့ (သက္ကရာဇ် ၈၈၅) ၌ မြန်မာရက်ကန်းအလုပ်နှင့် ပတ်သက်၍ *"ဗိုင်းမှု ဝါမှု၊ ညီစေတုသို့၊ ပြုဖန်ဖျစ်ကြိတ်၊ အိမ်လုံးတိတ်မျှ၊ မဆိတ်မည်၊ ချည်ဝင့်သံလည်း၊ တစ်ရုံမပြတ်၊ ချားရဟတ်နှင့်၊ ချည်သွတ်မချာ၊ ချည်စာယူထ၊ မအားကြတည့်၊ ချည်ချချည်ရှယ်၊ လုပ်ဖွယ်မပျက်၊ လက်ရက်ယဉ်ခုံ၊ သုံးပါးစုံလျက်၊ ပြောဟုံများစွာ ပြောက်ထိုးမှာလည်း၊ အဝါအရွှေ ပြာခြေဖြူနီ၊ ဤကား ဤနှင့်၊ ဤသို့တင့်ဟု၊ ခြယ်သင့်ရာရာ၊ ပညာဖော်ထုတ်၊ စီရင်နုတ်ဖြင့်၊ တမုတ်နယ်နု၊ ပန်းဆိုးမှုက၊ စသည်ကျစ်လျစ်၊ ပန်းစစ်ပန်းလျက်၊ နှုန်းမုန့်ညက်နှင့်"* ဟု စပ်ဆိုထားလေသည်။

## အင်းဝခေတ် ခဝါသည်

နေမိဘုံခန်းပျို့၌ *"လတ်လတ်သစ်သစ်၊ စနစ်မပျောက်၊ ပိတ်အခေါက်ဖြင့်၊ မြကျောက်လုပ်လုပ်၊ ကျည်းတို့ဖွပ်လည်း၊ မစပ်လှည့်ကျင်၊ ကိုယ်ပေါ်တင်၏"* ဟူ၍လည်းကောင်း၊ *"ဖွပ်သစ်ရွှရွ၊ ဆွဆွဖြူစွာ၊ ကျည်းခဝါ*[၁]*သို့၊ သဒ္ဒါမညှိုး၊ ဖြူရောင်ထိုးလျက်"* ဟု လည်းကောင်း၊ အင်းဝခေတ် သက္ကရာဇ် ၈၀၀ ကျော်ခါ ကပင် ကျည်းခဝါ သို့မဟုတ် ကုလားဒိုဘီများ ရှိနေကြလေပြီ။ ဤတွင် ဝါဂွမ်းမှ အထည်အလိပ်အဖြစ်သို့လည်းကောင်း၊ ထိုနောက် ဖွပ်မှု လျှော်မှု၊ ဆေးဆိုးမှုပါမကျန် အင်းဝခေတ်တွင် ထွန်းခဲ့သည်ဟု သိရသည်။ ဤအတတ်များလည်း မြန်မာတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုတွင် အကျုံးဝင်လျက် ရှိလေသည်။

## နိုင်ငံခြားအထည်များ

ထိုအခါက ပြည်တွင်းဖြစ် အဝတ်အထည်များသာမက နိုင်ငံခြား အထည် အလိပ်များလည်း အင်းဝနေပြည်တော်သို့ ရောက်လာပေလိမ့်မည်။ ဘုံခန်းပျို့တွင် *"သဘော်ပါဟူ၊ အဖြူလုပ်လုပ်၊ သနဘပ်ရောင်ကီ၊ မည်သရီနှင့်၊ ရည်နည်ပြောက် လွင့်"* ဟူ၍ တွေ့ရသည်။ ၎င်းပြင် ညောင်ရမ်းဆက် စနေမင်းလက်ထက်

---

၁။ ကျည်းခဝါ = ကျေးကုလားလူမျိုးဖြစ်သော ခဝါသည်။

www.burmeseclassic.com

www.burmeseclassic.com



(မြန်မာ ၁၀၆၀–၁၀၇၆) တွင် အိန္ဒိယပြည် မဒရပ်မြို့ ဘုရင်ခံထံမှ သံတမန် ဗေလိဝုနှင့် လက်စလီတို့သည် လက်ဆောင်ပဏ္ဏာများနှင့် အင်းဝနေပြည်တော်သို့ ရောက်လာသည်။ ထိုလက်ဆောင်တော် စာရင်းတွင် ပိုးထည် ချည်ထည်အမျိုးမျိုး ရွှေစလည်သိုင်း အဝတ် ၃ ခု ရွှေရောစောင်တစ်ခု စသည်များကို တွေ့ရသည်။

## အင်းဝခေတ် နိဂုံးချုပ်

ပင်းယခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ်တို့ကား ရှမ်းတို့ လွှမ်းမိုးတွင်ကျယ်သောခေတ်ဟု ဦးဘသန်း ရာဇဝင်တွင် တွေ့ရ၏။ ပင်းယကို တည်ထောင်သော **တစ်စီးရှင်**[၁] သီဟသူမှာ ရှမ်းမင်း၊ စစ်ကိုင်းကို တည်ထောင်သော အသင်္ခယာစောယွမ်းမှာ တစ်စီးရှင်၏ သားတော်၊ အင်းဝကို တည်ထောင်သော သတိုးမင်းဖျားမှာ အသင်္ခယာစောယွမ်း၏ မြေးတော် ဖြစ်သည်။

သတိုးမင်းဖျားနောက် အင်းဝမှာ စံသော မင်းကြီးစွာစော်ကဲမှစ၍ သရက်မင်း ခြောက်ဆက်နှင့် ထိုမင်းတို့နောက် စိုးစံသော မိုးညှင်းမင်း ခြောက်ဆက်တို့မှာ ရှမ်းမင်းညီနောင်တို့၏ အနွယ်ဖြစ်ကြသည်။ မိုးညှင်းမင်း ခြောက်ဆက်နောက်စံသော မင်းများမှာ ရှမ်းလူမျိုးများ ဖြစ်ကြ၏။ ရာဇဝင်များအရ သက္ကရာဇ် ၆၆၀ လောက်မှ ၉၀၀ အတွင်း ခေတ်သည် ရှမ်းခေတ်ဟု ဆိုရကား ပထမ အင်းဝခေတ် အခြေအနေသည် ရှမ်းတို့အနွယ် မကင်းသောအခါ ဖြစ်လေသည်။ သို့သော် ရှမ်းညီနောင် သုံးပါးသည် ဗုဒ္ဓဘာသာဝင် ယဉ်ကျေးသော ရှမ်းမင်းများ ဖြစ်ကြ၍ ၎င်း၏ အနွယ်တော်များလည်း မြန်မာသွေးဘက် ပါလာသောကြောင့် ယဉ်ကျေးမှု အထွေထွေမှာ မြန်မာ့မှုအတိုင်းပင် ရှိချေမည်။ ၎င်းနောက် သိုဟန်ဖွား ဘုန်းကြီးစဉ်တွင် ရှမ်းတို့၏ ဩဇာလွှမ်းမိုးမှုများကြောင့် ၎င်းတို့၏ ယဉ်ကျေးမှုအချို့သည် အခိုက်အတန့်အားဖြင့် တည်မြဲနေပေလိမ့်မည်။ သို့သော် ၎င်းတို့မရှိသည့်နောက် ရှမ်းတို့၏ အမှုအရာများလည်း ကျန်ရစ်ခဲ့မည် မဟုတ်ပေ။

၎င်းနောက် ဒုတိယအင်းဝနိုင်ငံတော်ကြီးကို ညောင်ရမ်းမင်းတရားကြီး တည်ထောင်ပြန်၏။ ညောင်ရမ်းဆက်ခေါ်၍ သက္ကရာဇ် ၉၅၉ မှ ၁၁၁၃ အတွင်း

---

၁။ တစ်စီးရှင် = ရောဝတီ အထက်မြစ်ညာမှ မျောလာသော ဆင်ဖြူသေတစ်စီးကို ရသဖြင့် တစ်စီးရှင်ဟု တွင်သော မင်း။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ထိုညောင်ရမ်းဆက်၌ အချိုပ်ပုဆိုး ဇကန်များ ပေါ်ပေါက်ခဲ့၏။ ရှင်လောင်းများလည်း စလွယ်၊ သင်းကျစ်ဆင်၍ သာကီဝင် မင်းမျိုးအဖြစ်သို့ သွတ်သွင်းချီးမြှင့်ခြင်း ခံရ၏။ ၎င်းပြင် ဆင်းရဲသားများကို ရွှေခြေကျင်း မဝတ်ရ ဟူသော အမိန့်လည်း ပေါ်ပေါက်ခဲ့၏။

အဝတ်အစား ဝတ်ဆင်ရာ၌လည်း "*ခြယ်လွှင်တင့်မွမ်း၊ နီနှမ်းရွှေဝါ၊ စိမ်းပြာမည်းဖြူ၊ ဝတ်စားဟူသား၊ လူတို့တန်ဆာ၊ ရတနာ့ကား၊ လျော်စွာသဖြင့်၊ ငယ်သူ တင့်လည်း၊ ကြီးရင့်တို့ဝယ်၊ မတင့်တယ်ခဲ့၊ ကြီးရွယ်လျစ်လျူ၊ တင့်ကြွားမှုလည်း၊ ငယ်သူတို့မှာ၊ မတင့်စွာဟု၊ ဆိုရှာလေဖွယ်၊* **မသပ္ပာယ်ခဲ့**[၁]" ဟု ရှင်မဟာရဋ္ဌသာရ ဆရာတော်သည် ဆုံးမတော်မူခဲ့၏။ တောင်ဖီလာ ဆရာတော်ကလည်း "*ဣတ္ထိယမှု၊ ရှုပကောင်းလျက်၊ ဆံထုံးဖျက်သည်*" ဟု သတိပေးတော်မူခဲ့သေးသည်။

■

၁။ မသပ္ပာယ်ခဲ့ = မသင့်တင့် မလျော်ကပ်ပတ်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

## တောင်ငူ နှင့် ဟံသာဝတီဆက်

တောင်ငူနန်းဆက်မှာ အင်းဝရှမ်းဘေးမှ (သက္ကရာဇ် ၈၈၈) ပြေးလာရသူများလေသည်။ ၎င်းတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများလည်း အင်းဝခေတ် မြန်မာများ၏ ဝတ်ဆင်ပုံအတိုင်းပင် ဖြစ်ပေလိမ့်မည်။ တောင်ငူနတ်ရှင်နောင်၏ မယ်ဘွဲ့[၁] ရတုများ၌ တောင်ငူခေတ်၏ ဝတ်ဆင်ထုံးဖွဲ့မှုတို့ကို တစိတ်တဒေသ တွေ့ရှိနိုင်လေသည်။

ရာဇဓာတုကလျာ

တင့်လှပေဟန် အစချီသော ရတုတွင် *"ခြောက်တန် နတ်ရွာ၊ ဘုံကသာသို့၊ ပြာပြာလတ်လတ်၊ မွတ်မွတ်ရေးချေ၊ ထုံးနေမကြော၊ ပန်းရော ဆံကြာ၊ ချတိုင်းသာတည့်၊ ရွှေဝါပိတ်ရှင်း ထည်ချင်းစမွာယ်၊ နားဝယ်လှိုင်ကြူ၊ မဍ္ဍူချောက်မည်း၊ ပေါ်ထပ်စည်းနှင့်၊ မရည်းမဆင်၊ ဖြူတ်ချည်းမြင်က၊ နတ်ပင်ယိုးမှား၊ ဖိုးဝါးတွေးချွတ်၊ စိတ်လုံးညွတ်သည် ဘုံထွတ်နန်းတောင်နေတို့လော"* ဟူ၍ ရာဇဓာတုကလျာ၏ အဆင်အပြင်ကို ဖော်ပြလျက် ရှိသည်။

---

[၁] မယ်ဘွဲ့ = မိန်းမတို့ကို ရည်၍ ဖွဲ့ဆိုအပ်သော ကဗျာ။

www.burmeseclassic.com

www.burmeseclassic.com



မွန်ဆံဖြတ်

ငင်းပြင် တောင်ငူနန်းဆက် ထူထောင်သော တပင်ရွှေထီးလက်ထက် (၈၉၂-၉၁၂) မြန်မာဦးစွန်း ထုံးနှောင်သူက မွန်များကို မအုပ်စိုးနိုင်ဟု တဘောင်ထွက်သဖြင့် မွန်ကဲ့သို့ ဦးဆံဖြတ်ရသည်။ ဒါရင်ပိုင်း၏ အော်ရီယန်တယ် ရီပါတရီ (Dalrymple ၏ Oriental Repertory) ၌ မွန်လူမျိုးတို့ ဆံဖြတ်ပုံမှာ ရှေးက ဝိုင်းဖြတ်ပြီးလျှင် နောက်၌ နားရွက်မှ ဦးခေါင်းထိပ်အထိ လခြမ်းသဏ္ဌာန် ရိတ်ထားကြောင်းနှင့် ဆိုသည်၊ သဏ္ဌာန်မှာ သပိတ်ကို မှောက်ထားသည့်ဟန်ဖြစ်လျက် အစွန်းများကို ညီညီညာညာ ဖြတ်ထားသည်ဟု အယူရှိကြလေသည်။

တပင်ရွှေထီး တလိုင်းဆံဖြတ်ပုံ

တပင်ရွှေထီး ဆံဖြတ်တော်မူသော အကြောင်းကား၊ ဟံသာဝတီတွင် မွန် သူကြွယ်တစ်ယောက်သည်ရှိ၏၊ ထိုသူကြွယ်တွင် နွား ၅၀၀၀ ခန့် ရှိသည်၊ ထိုနွားခြံတွင် နွားမတစ်ခုသည် ပဋိသန္ဓေရှိ၍ နေ့လစေ့လျှင် အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သူငယ်မတစ်ယောက်ကို ဖွားသည်။ ယင်းသို့ ဖွားလျှင် အမိနွားမလည်း အခြားနွားများ ခြံကထွက်သွားသော်လည်း မထွက်မသွားနေလေ၏။ ထိုအကြောင်းကို မြင်၍ ကြည့်ရှုသော် အပြင်အလျာနှင့် ပြည့်စုံသော သူငယ်မကို မြင်၍ သူကြွယ်ယူ၍ မွေးလေ၏။ အရွယ်သို့ ရောက်လျှင် “ခေမနော” ဟူသော အမည်ကို သမုတ်၍ သူကြွယ်တွင် သားသမီး မရှိသောကြောင့် သမီးပြု၍ တန်ဆာပလာ အထိုက်အလျောက် ဆင်ယင် ဝတ်စားလျှင် အဆင်းသဏ္ဌာန် နတ်ကဲ့သို့ ထင်ကုန်၏။

သို့ ထွက်တော်မူရာတွင် မြင်တော်မူ၍ အသူ့သမီးနည်းဟု မေးတော်မူ၏။ မွန်သူကြွယ် မကျိုက်ကိုသမီး ဟူ၍ နားတော်လျှောက်၏။ မင်းတရားရွှေထီးလည်း ရှေးပြုဖူးသော ကံစေ့စပ်သည်ဖြစ်၍ အလွန်တိမ်းမတ်တော်မူသည်။ ထိုသူငယ်မကို သနားတော်မူ၍ အပါးတော်တွင် မပြတ် စေပါးတော်မူ၏။

ထိုသူငယ်မလည်း မွန်တို့လက်တွင် ကြီးသောကြောင့် မွန်တို့ဘာသာ အပြုအမူကိုသာ ကြိုက်နှစ်သက်သည်ဖြစ်၍ မွန်မင်းတို့ တန်ဆာ တင့်တယ်သည်။ ဗမာတို့ တန်ဆာမတင့်တယ်ဟူ၍ လျှောက်ဖန်များလတ်သော် သင်္ဘောသား ဘုရင်ဂျီကို နန်းတွင်းသို့ မပြတ်ခေါ်တော်မူ၍ စေပါးတော်မူရာတွင် သောက်စား တော်မူချေသည်နှင့် မွန်ဆံဖြတ်သည်ဟူ၍ ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သောစာမှာ မွန်ပြည်ကို ဗမာတို့ ဦးစွန်းအထွတ် မပြုရချေ၊ မွန်တို့ မင်းပြုလတ်မည် ကျိန်းခန်းအလိုက် နိမိတ်ရှိသည်ဟု ပညာရှိတို့ လျှောက်သော ကြောင့် မွန်ဆံဖြတ်သည်ဟူ၍လည်း ဆိုလေသည်။

၎င်းနောက် မင်းတရား ရွှေထီးသည် သက္ကရာဇ် ၉၀၆ ခုနှစ်တွင် မွန် ဦးဆံဖြတ်၍ "သမိုင်တင္ငတ်" ဟူသော မွန်ဦးဗောင်းကို၊ ဆောင်းတော်မူသည်။ တစ်ဖန် ၉၀၇ ခုနှစ်တွင် သမိန်တင္ငတ်မကိုင်ကို ဆောင်း၍ မြန်မာမင်းကေရာဇ်တို့၏ အဆောင်အယောင်နှင့် မွန်မင်းတို့ အဆောင်အယောင် အခမ်းအနားတို့ကို တွဲဖက်၍ ရာဇာဘိသေက ခံတော်မူပြန်သည်။

BURMESE CLASSIC

ထိုသို့ မင်းတရားရွှေထီးသည် မွန်တို့၏ ယဉ်ကျေးမှုဖြစ်သော မွန်မင်း တို့၏ အဆင်တန်ဆာကို ရုံဖန်ရံခါ ဝတ်ဆင်တော်မူခြင်း၊ မွန်ဆံဖြတ်၍၊ မွန်မင်း တို့၏ အစီအရင် အဆောင်အယောင်တို့နှင့်ပင် ဘိသိက်သွန်း ခံတော်မူခြင်းတို့သည် ရာဇပရိယာယ်အားဖြင့် မွန်နယ် အုပ်ချုပ်၍ မင်းပြုလုပ်နေသည့်အခါ မွန်တို့အကြိုက် လိုက်၍ မွန်များကို အရေးပေးလိုဟန် လိုက်လျောသည့်လက္ခဏာဖြင့် ပြုတော်မူ သည်ဟု ယူဆသင့်လေသည်။

## ဟံသာဝတီ ဆင်ဖြူရှင်

**ဟံသာဝတီ**[၁] ဆင်ဖြူရှင်လက်ထက် (၉၁၂-၉၄၃) သည် မွန်နယ်တွင် ဗမာတို့ ဦးစွန်းထူသောအခါဖြစ်၍ မွန်နှင့် ဗမာသည် ရောရောထွေးထွေးပင် ရှိချေမည်။ သို့သော် ဗမာတို့ ဘုန်းကြီးစဉ်ဖြစ်၍ နေရာတိုင်းပင် ဗမာ့ယဉ်ကျေးမှု များက ဖုံးလွှမ်းနေပေလိမ့်မည်။ ထိုခေတ်နှင့် သက်ဆိုင်သော ဝတ်ဆင်ထုံးဖွဲ့မှုများ ကိုကား ကောင်းစွာ မသိရပေ။ အောက်တွင် ဖော်ပြထားသော အက္ကပတ်ပြည် သံစေခန်းတွင် သံဘက်၍ ထည့်လိုက်သော စွန္နရာသီတို့၏ အဆင်အပြင်များမှာ ဟံသာဝတီခေတ် ဝတ်ဆင်ပုံမျိုးဟု ဆိုရပေလိမ့်မည်။ အဝတ်အစားနှင့်ပတ်သက်၍ ထိုအထောက်အထားတစ်ခုသာလျှင် တွေ့ရသေးသည်။

ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက် အက္ကပတ်သို့ ဗညားကျန်းတော ထူစွန္နရာသီနှင့်၊ ငါးဆယ်စား၊ ခွေးလင်းစားတို့ကို၊ သံဘက်၍ စေလွှတ်တော်မူ၏။

---

၁။ ဟံသာဝတီ=ယခု ပဲခူးမြို့သည်၊ ဟသ်ာဖိုမ နားသော သောင်ခုံနေရာ၌ မြို့တည် သောကြောင့် ဟံသာဝတီ မည်၏။

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂပတ်ပြည်သို့ ရောက်လျှင် အဂ္ဂပတ်မင်းလည်း ကောင်းမွန်စွာ ကြိုယူစေ၏။ ၎င်းနောက် ရွှေ့တော်သို့ ဝင်စေသော် မင်းသံတို့လည်း အဆန်းတကြယ်သော အဝတ်တန်ဆာတို့ကို ဝတ်၍ စွန္နရာသီကလည်း ဦးခေါင်းမထုပ်ဘဲ ရမန်ဆံ ဆိစက်နှင့် ထူးဆန်းလှစွာသော နားတောင်းကို ဝတ်၍ ခွေးလင်းစားလည်း ကောင်းမွန်စွာ အဝတ်တန်ဆာတို့ကို ဝတ်၍ ပန်းဆိုးခေါင်းထုပ်နှင့် ပန်းမန်ထူစွာ ပန်၍၊ အင်္ကျီမဝတ်ဘဲ မင်သေ့ခါးပြက်ပြက်နှင့်၊ အမွေးအထုံလိမ်း၍ တက်၏။ ခရီးတွင် များစွာသော ပြည်သူပြည်သားတို့သည် မမြင်စဖူးဖြစ်သောကြောင့် အံ့ဖွယ်သူရဲဟူ၍ စွန္နရာသီအဝတ်အစား၊ ဦးဆံအသွားအလာ ဟန်ပန်ကိုလည်းကောင်း၊ ခွေးလင်း အထုံးအမြိတ် မင်သေ့ခါးကိုလည်းကောင်း အံ့သြကြကုန်၏။ အဂ္ဂပတ်မင်းထွက်တော်မူသောအခါ နီးစွာချဉ်းနေရ၏။ ဆံမြိတ်အကြောင်း၊ မင်သေ့ခါး အကြောင်းကို မေးတော်မူ၏။

BURMESE CLASSIC

ဤတွင် ရမန်ဆံ၊ ပန်းဆိုးခေါင်းထုပ်၊ ဆံမြိတ်နှင့် မင်သေ့အကြောင်း တွေ့ရသည်။ အဂ္ဂပတ်မင်းနှင့် အဝတ်အစားအကြောင်း အမေးအဖြေကို၊ သံများသည် မှတ်တမ်းရေးခဲ့မည်ဆိုသော် ယခုနောက်လူတို့အဖို့မှာ အဖိုးတန်ပေလိမ့်မည်။

ဆေးရေးပုဆိုး

ငါးဆူဒါယကာလက်ထက် (၉၄၃–၉၆၁) တွင် သဘော်ပြည်သို့ မှာထား၍ မဖြစ်ဘူးမြဲသော အထူးထူးသော (၁၅) ပါး အပြားရှိသော ပုဆိုးပုံကွက်တို့ကို ရေး၍၊ အဆင်ပေးတော်မူလိုက်ပြီးလျှင် ရွှေမြို့တော်သို့ ရောက်လာရသည်ဟု ငါးဆူဒါယကာအမှာတော်ပုံတွင် တွေ့ရှိရသည်။ ထိုအချိန်တွင် နိုင်ငံခြားကုန်သည်များလည်း ဟံသာဝတီနေပြည်တော်တွင် ထွက်ဝင်ရောက်ပေါက်နေကြပြီဖြစ်၍ နိုင်ငံခြားဖြစ် အထည်အလိပ်များကိုလည်း အလွယ်တကူနှင့် ဝယ်ယူသုံးဆောင်နိုင်ကြသည်ဟု ဆိုရပေလိမ့်မည်။

## အင်းဝခေတ် ရနိုင်သူများ

"ဂ–ငယ်သုံးခု၊ ဥဿျစ်ထု" ဟူသော (၈၈၈) ခု အရေးတော်တွင် အင်းဝနေပြည်တော်ရှိ ကျမ်းတတ်ပုဂ္ဂိုလ်ကျော်နှင့် စာဆိုကဝိတို့သည် ရှမ်းမင်းများ အောက်တွင် မနေလိုရကား၊ ပြည်–တောင်ငူ စသော အရပ်များသို့ ထွက်ပြေးကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ရှင်တေဇောသာရမှာ ရခိုင်ပြည်သို့ ရောက်သွားလေသည်။ တစ်နေ့တွင် မဟာမြတ်မုနိသို့ ဘုရားဖူးသွားရာ ရခိုင်မင်းသမီးကို မြင်၍ "ဠာနတည်၍" အစချီသော မေတ္တာစာ ရတုကို ပေးမိလေသည်။ ထိုရတုပေးသည့်အတွက်လည်း ရှင်တေဇောသာရကို ရခိုင်ပြည်မှ နှင်ထုတ်လိုက်ကြောင်းနှင့် တွင်းသင်းရာဇဝင် သစ်တွင် တွေ့ရလေသည်။ ထိုရတုတွင် ရခိုင်မင်းသမီး၏ ဝတ်ဆင်ပုံကို တွေ့ရှိ ရပေသည်။

ပထမအပိုဒ်တွင် "*သိဂ်ရောင်ရွှန်း*[၁]*၊ ရွှေပုံသွန်းသို့၊ လန်းလန်းလက်လက်၊ လိုက်ဖက်တင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလွှ၊ ထုံးနောက်စနှင့်*" ဟူ၍လည်းကောင်း၊ ဒုတိယပိုဒ်တွင် "*ရွှေရည်ရုပ်တု၊ ပုံသွန်းပြုသို့၊ ဖျိုနုလတ်လတ်၊ ဝင်းရှိန်မွတ်မူ၊ သွယ်ဝတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်၊ တင့်နေ စလှ၊ ဆည်းရှည်ညဝယ်၊ လွလွပြုစင်၊ ပေါရုံတင်၍၊ ထမ်းစဉ်ယဉ်သာ၊ စီးစကာတည့်*" ဟူ၍လည်းကောင်း၊ *တတိယပိုင်း၌* "*ရွှေဖြင့်ပည်းဝယ်၊ စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်*" ဟူ၍ လည်းကောင်း၊ စပ်ဆိုထားလေသည်။ ၎င်းရတုအလိုဖြင့် ရခိုင်မင်းသမီးသည် ရွှေအဆင်းကဲ့သို့ ဝင်းဝါသော အသားအရေရှိ၍ စုလည်းမဆင် ထုံးနောက်ရှင်နှင့် သို့မဟုတ် ဆံပင်နောက်တွဲထုံးနှင့် တွေ့ရပေမည်။ ထို့ပြင် ဆွတ်ဆွတ်ဖြူသော အပေါ်ရုံ လွှမ်းခြုံထားသည်ကိုလည်း တွေ့ရသည်။

ရခိုင်တို့ ဆံနောက်တွဲထုံးသော အလေ့ကား၊ ပုဂံခေတ်ကပင် ရှိခဲ့ဟန် တူသည်။ ရာဇဝင်တွင် အလောင်းစည်သူမင်းကြီး ခေါင်းဆေးမင်္ဂလာ ပြုသောအခါ လက်ယာ မင်းနန်သည်၊ ရခိုင်တို့ဘာသာ ဆံပင်ကို နောက်တွဲထုံး၍ မင်္ဂလာမရှိသော အမူအရာဖြင့် နေသည်ဟု ဆို၏။

ဒက္ခိသိန်း၊ ရှစ်သောင်းဘုရား စသော ရခိုင်ပြည် ဘုရားပောင်းများ၌ တွေ့ရသော ရခိုင်သူပုံများသည်၊ ဆံပင်နောက်တွဲထုံးသော်လည်းကောင်း၊ တစ်ပတ်လျှိုဆံထုံးမျိုးနှင့်သော်လည်းကောင်း ထုလုပ်ထားလေသည်။ ၎င်းပြင် တဘက် သို့မဟုတ် အပေါ်ရုံများလည်း လွှမ်းခြုံထားတတ်သေး၏။ နားတောင်း ပန်ဆင်ပုံကား ပုဂံခေတ်နှင့် တူလှပေသည်။

---

၁။ သိဂ်ရောင်ရွှန်း = သိဂံနိတ်ရွှေရောင် ထွန်းလင်းသကဲ့သို့။

www.burmeseclassic.com

www.burmeseclassic.com



## ထိုးကွင်းဗဟုသုတ

ထိုးကွင်းကို ရှေးက "ကော်ရစ်" ဟုလည်းကောင်း၊ "မင်သေ့" ဟုလည်းကောင်း ခေါ်ကြ၏။ အနည်းငယ် နောက်ကျလာသောအခါ၌ "ထိုးကွင်းမင်ကြောင်" ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပေသည်။ သော်ကပင်ဆရာတော်က *"ငွေတွင်ဥမင်၊ ရွှေမင်ငေ့ငေ့၊ မင်သေ့ထိုးမြဲ၊ ဟာဆွဲမဖက်"* ဟူ၍ အက္ခရာခွဲထား သတ်ပုံတွင် စပ်ခဲ့လေသည်။ ဤကား သော်ကပင်ဆရာတော်တို့ခေတ်က "မင်သေ့" ခေါ်ကြောင်း ထင်ရှားသော သာဓကပေတည်း။ ၎င်းနောက် ရွှေဘိုကောက်စိုက်သံတစ်ပိုဒ်တွင် *"ကွယ်လေး၏မင်ကြောင် ဘယ်မှောင်မှာ ထိုး၊ ဘေးနဂါးလိမ်၊ ပုသိမ်ခင်းလို့ မှောင်တွင်းမှာထိုး"* ဟု ဆိုသည်။ ထိုခေတ်တွင် "မင်ကြောင်" ဟု ဖြစ်လာသည်။ ထို့နောက် *"ကွမ်းအစ်ကြီး နိတာရဲနှင့် ကျမ်းပြီမှာ သူပျော်၊ သာဆော်ရဲ့ဝရီး။ ထိုးကွင်းမင်ကြောင်နှင့် တွေ့မရှောင်အလွန်စား၊ ဖျားတဲ့ခင်ကြီး"* ဟု စာချိုးတစ်ခု ပေါ်လာပြန်၏။ ထိုအခါ "ထိုးကွင်းမင်ကြောင်" ဟု ဖြစ်လာ၏။ ယခုတိုင်ပင် ထိုအတိုင်း အတည်ဖြစ်နေလေပြီ။

## ထိုးကွင်းအစ မောင်ကံက

ကျောင်းသားသတင်းစာအလိုဖြင့် "ထိုးကွင်းအစ မောင်ကံက" ဟု ဆိုရပေမည်။ ထိုအကြောင်းကို (၁–၁၀–၄၀) နေ့ထုတ် ကျောင်းသားသတင်းစာ ဗဟုသုတခန်းတွင် ဤသို့ ရေးသားခဲ့လေသည်။

ထိုးကွင်းမင်ကြောင်ကို လက်ဦးပထမ စတင်တီထွင်ထားခဲ့သူမှာ ဘိုးတော်ဘုရားလက်ထက် (၁၁၄၃–၁၁၈၁) ထောင်မင်းကြီးသား မောင်ကံ ဖြစ်လေသည်။ မင်ကြောင်ဟူသော ဝေါဟာရမှာ ပေါင်တွင် မင်ဖြင့် ကြောင်ကြောင်ကျားကျားဖြစ်အောင် ထိုးထားသဖြင့် မင်ကြောင်ဟု ခေါ်ခြင်းမျှသာ ဖြစ်သည်။ မင်ကြောင်မှာ မြို့သုံးစကား၊ ထိုးကွင်းမှာ ကျေးတောစကား ဖြစ်လေသည်။ ရှေးအခါ၌ မြန်မာယောကျ်ားတို့သည် ပေါင်လုံးပြည့်အောင် မင်ကြောင်ထိုးခြင်း မပြုလုပ်ကြ ပေါင်နှစ်ဘက်တွင် တစ်ဘက်က ကြောင်ရုပ်၊ တစ်ဘက်က ကော်ဘုခေါ်သော အမည်းကွက်ကိုသာ ထိုးလေ့ရှိကြ၏။ မောင်ကံကမူ ထိုကဲ့သို့ ကွက်တိကွက်ကြား ထိုးခြင်းသည် ကြည့်၍မလှဟု အယူရှိပြီးလျှင် သူ့ကိုယ်ကို ခါးကစပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒူးအထိ ပေါင်နှစ်ဘက်စလုံးပြည့်အောင် မင်ကြောင်စ၍ထိုး၏။ ထိုစဉ်အခါက ကာလသားတို့သည် ယခုခေတ်ကာလသားတို့ကဲ့သို့ အတုခိုးနည်းယူဖို့ ဝါသနာပါသူများ ဖြစ်ကြသဖြင့် မောင်ကံ၏ အတုကို လိုက်၍ ပေါင်ပြည့်အောင် မင်ကြောင် ထိုးကြလေသည်။ နောင်လာနောက်သားတို့ကလည်း ထိုနည်းကို လိုက်၍ ထိုးကြပြန်၏။ မင်ကြောင်မပေါ်မီ ရှေးစာဟောင်းတစ်စောင်တွင် "ပုတီးသာဆောင်၊ ကြောင်တစ်ကောင်၊ ကော်တစ်ဘက်နှင့် ထိုးလက်စမသိမ်း" ဟု စပ်ဆိုရေးသားထားလေသည်။ ဤစာကိုထောက်၍ ရှေးလူများသည် ကော်ကိုသာ ထိုးကြကြောင်း ထင်ရှားသည်ဟု ဆိုပါသည်။

ထို "ကော်" ဟူသော အမည်းကွက်ကိုပင် ရှေးက "ကော်ရစ်" ဟု ခေါ်လေသလောဟုလည်း တွေးစရာရှိလေသည်။ ၎င်းပြင် ကော်ရစ် မင်သေ့ ခေါ်သော ထိုးကွင်းမှာ ရှေးကျကျအခါက ယခုကဲ့သို့ ရုပ်စုံမျိုး မထိုးကြသေးဘဲ ငါးကြင်းပါးဟက်၊ ခနွက်၊ မန်ကျည်းရွက်ဖတ်၊ ကစွန်းနွယ် စသော အပြောက် အမျိုးမျိုးသာ ထိုးလေ့ထိုးထရှိသောကြောင့် ရှေးအခါက ထိုးကွင်းကို အပြောက် ဈိုးတွင် ထည့်သွင်းရေတွက်ခဲ့လေသည်။ ဘကြီးတော်လက်ထက်ရေး ပန်းချီကား များ၌ ထိုးကွင်းပုံများသည် ယခုကဲ့သို့ အရုပ်အမျိုးမျိုးမဟုတ်သေးဘဲ မန်ကျည်း ရွက်ဖတ် ကစွန်းနွယ် သဏ္ဌာန်[၁]များသာ တွေ့ရသည်။

## ထိုးကွင်းမှတ်တမ်း

မြန်မာရာဇဝင်များအရ ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက် (၉၁၂–၉၄၃) အဣ္ဂပတ်သို့ သံစေသည့်အခန်းတွင် "ခွေးလင်းစားလည်း၊ ကောင်းမွန်စွာ အဝတ်တန်ဆာတို့ကို ဝတ်၍၊ ပန်းဆိုးခေါင်းထုပ်နှင့် ပန်းမာလ်ထူစွာပန်၍၊ အကျီမဝတ်ဘဲ 'မင်သေ့' ခါးပြက်ပြက်နှင့် အမွေးအထုံလိမ်း၍ တက်၏" ဟု ဆိုသည်။

၎င်းနောက် အီတလီပြည် ဗင်းနစ်မြို့သား၊ နီကိုလိုဒီကွန်တီ (Nicolo de Conti) ဆိုသူသည် ခရစ်နှစ် ၁၄၃၅ ခုနှစ်တွင် ယိုးဒယားမှ ဖြတ်၍ တနင်္သာရီနယ်သို့ ရောက်လာလေသည်။ ထိုမှတစ်ဖန် ရခိုင်ပြည်နယ်သို့လည်း

[၁] သဏ္ဌာန် = (ပါဠိပျက်) သဏ္ဌာန – ပုံဟန်အသွင်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ရခိုင်ပြည်နယ်မှ ကုန်းကြောင်းဖြတ်၍ ရောဝတီမြစ်ဘက်သို့ ကူးပြီးလျှင် (မိုးညှင်းမင်းတရားလက်ထက်) အင်းဝသို့ ရောက်လာလေသည်။ ၎င်း၏ မှတ်တမ်း၌ မြန်မာလူမျိုး များသည် မယားတစ်ယောက်သာ ယူခြင်း၊ ပေါင်တွင် ထိုးကွင်းထိုးခြင်း၊ သရဏဂုံ သုံးပါးကို ရှိခိုးခြင်း၊ ပေရွက်ပေါ်တွင် စာရေးခြင်းများကို မှတ်တမ်းတင်ခဲ့လေသည်။ သူ၏ မှတ်တမ်းတွင် အသားကို သံဆူးနှင့် ထိုးဖောက်ကာ ဖျက်မရသော ဆေးများ ပွတ်ထည့်သည်။ သို့မှလည်း ထာဝစဉ် ဆေးဆိုးပြီး ဖြစ်နိုင်သည်ဟု ယူဆသွားလေသည်။

ဤထိုးကွင်းမှတ်တမ်းများအရ မြန်မာသက္ကရာဇ် ၉၀၀ ကျော်ကပင် အင်းဝသား ပဲခူးသားများသည် ထိုးကွင်းထိုးလေ့ရှိနေပြီဟု ယူဆရပေတော့မည်။ မြန်မာတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုတွင် ဤထိုးကွင်းထိုးသော အလေ့သည်လည်း ရှေးခေတ် အယူအဆအားဖြင့် ယောကျာ်းများအတွက် ဂုဏ်ယူလောက်သော အလှပြင်နည်းမျိုးတစ်မျိုးဟု ယူဆကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

## ကုန်းဘောင်ဆက်

ကုန်းဘောင်ခေတ် ပထမပိုင်းကား အင်းဝအပျက်တွင် မြန်မာ့ဦးစွန်း ပြန်လည်ထူထောင်သောအခါဖြစ်၍ ဝတ်ဆင်ထုံးဖွဲ့မှုများမှာ အင်းဝခေတ် နမူနာ အတိုင်းပင် လိုက်နာကြလိမ့်မည်ဟု ယူဆရသည်။ သို့သော် ၎င်းခေတ်နှင့် သက်ဆိုင်သော ပန်းချီ ပန်းပု သက်သေခံပစ္စည်းများ မတွေ့ရဖူးသေးချေ။ သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် စီရင်သည့် ဩဝါဒထူးပျို့ဌ်မှုကား အဝတ်အစားနှင့်ပတ်သက်၍ ဆုံးမစာအချို့ တွေ့ရလေသည်။

## ဩဝါဒထူးပျို့

*“ရှောင်ပါစေချင်၊ အဝတ်တွင်လည်း၊ မစင်မကြွယ်၊ ရွံဖွယ်စက်ဆုပ်၊ မည်းပုပ်မွဲပြာ၊ စာမချေသေး၊ ဖွပ်ဆေးမလျှော်၊ ညှီစော်မြွေးသန်း၊ ဟောင်းနွမ်းစုတ်ပြတ်၊ ညှိုးညစ်ပတ်က၊ မဝတ်လေရာ၊ ဉစ္စာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားယာလယ်၊ လိုမယ်မတ၊ စိတ်တိုင်းကျလျက်၊ ကြွယ်ဝပြည့်စုံ၊ ကုံလင့်ကစား၊ စိုးမင်းလားသို့၊ သောကားသမ္ဘူ၊ ဝတ်တုမမှု၊ ရှေးရှုနောက်ချင့်၊ ကိုယ်နှင့်အင်တန်၊ သင့်အောင်ဖန်၍၊ ခံ့ရန်တော်ရာ၊ ကောင်းမြတ်ပါလည်း၊ စိတ်မှာချင်ချင်၊ မရှိလျှင်မူ၊ မဆင်ဝတ်သင့်၊ တိုးမြင့်ကဲကျူး၊ ဝတ်ထူးစားဆန်း၊ ပွင့်လန်းရောင်ဝါ၊ ယဉ်ကျေးစကို၊*

www.burmeseclassic.com

www.burmeseclassic.com



*ချိန်ခါမဲ့ပဲ၊ မဝတ်လဲနှင့် တွဲလွဲများလျား၊ ဖားရားမြေထိ၊ ရှေ့ငြီနောက်ကျ၊ ခြေချဖဝါး၊ နင်းသွားမသာ၊ ဝါဝါကားကား၊ ကြွားကြွားဝင့်ဝင့်၊ ဝတ်သဖြင့်လည်း၊ မတင့်တယ်ရာ၊ ဓမ္မတာလျှင်၊ ညာဘယ်နောက်ရှေ့၊ ညီစေလျှဉ်လျှဉ်၊ မယဉ့်မတောင်း၊ ဝတ်ဆင်ကောင်းသည်၊ ကျိုးကြောင်းပြစ်ကင်း မျှော်ရှုတင်း*" ဟူ၍လည်းကောင်း၊ ထို့ပြင် အဆင်တန်ဆာနှင့်ပတ်သက်၍လည်း "*တန်ဆာပလာ၊ ဆင်ဖွယ်မှာလည်း၊ ရတနာရွှေငွေ၊ လွန်မြတ်စေတော့၊ အနေဆုတ်ယုတ်၊ ခါမဟုတ်က၊ ဖော်ထုတ်ပြူပြင်၊ မဆင်ယင်နှင့် ဆံကျင်ဆံထိုး၊ ခါးကြိုးဦးစောက်၊ လက်ကောက်လက်ကျပ်၊ လက်စွပ်နားပန်၊ ပန်းမန်ခြေချင်း၊ သျှောင်ကွင်းလည်မှာ၊ ဆင်တန်ဆာလည်း၊ ကာလဒေသ၊ နေ့ညမှတ်ကြိုး၊ အမျိုးအနွယ်၊ အရွယ်အသက်၊ ချင့်တွက်ယုတ်မြတ်၊ ဆင်ယင်တတ်မှ၊ ဆင်ဝတ်သရွေ့၊ သူစိတ်တွေ့၏*" ဟူ၍ ကာလဒေသလိုက်၍ ဝတ်ဆင်ကြရန် ဆုံးမထားလေသည်။

## အလောင်းဘုရားလက်ထက်

၁၁၁၈ ခုနှစ် သံလျင်[၁]တိုက်ပွဲ၌ လက်ရွေးစင်သူရဲကောင်း (၉၃) ယောက်တို့ကို ပုဆိုးဆေးရေး၊ သက္ကလပ်အင်္ကျီ၊ ရွှေခါးစည်း၊ ငွေခါးစည်း၊ ရွှေခေါင်းပေါင်း၊ ငွေခေါင်းပေါင်းကိုယ်စီ သနားတော်မူသည်ဟု ရာဇဝင်တွင် တွေ့ရသည်။

၎င်းနောက် သံလျင်မြို့ကို အလိုတော်ပြည့်လျှင် အချုပ်အလုပ်တတ်သသူ၊ ရွှေဓာ ငွေဓာရက်တတ်သူ၊ ဆေးရေး ပန်းပု ပန်းပွတ် စသော လက်မှုပညာတတ်သသူများကိုလည်း ရတော်မူသည်ဟု ဆို၏။ သက္ကရာဇ် ၁၁၂၀ ခုနှစ်တွင် မဏိပူရကသည်းပြည်ကို အောင်မြင်တော်မူပြန်သည်။ ထိုအခါလည်း ကသည်းရက်ကန်းတတ်သူများလည်း ပါလာခဲ့မည်ဟု တွေးထင်ရ၏။ ၎င်းပြင် နိုင်ငံခြားများနှင့်လည်း အဆက်အသွယ် ရှိခဲ့သောကြောင့် အထည်အလိပ်မျိုးမည်မှာ ကုန်းဘောင်ခေတ်တွင် စုံလင်နေပေလိမ့်မည်။

**လက်ဆောင်တော်အချို့**

အလောင်းမင်းတရားကြီးထံ ဆက်သသော လက်ဆောင်တော်စာရင်းများ၌ "ရွှေဒုယင်၊ ပုဆိုးစက်နားရွှေရေး၊ ရတနာမကိုဋ် စသည်များ၊ ၎င်းပြင် ပုဆိုးဆေးရေး

၁။ သံလျင်=သံလျင် အမည်ရှိသော ဝိဇ္ဇာတည်သော သံလျင်မြို့။

www.burmeseclassic.com



ရွှေပါ ငါးအုပ်၊ ခါးစည်းတော်လုပ်ရန် ရွှေပုစွန်ဆီအုပ် တစ်၊ ခါသာကောင်းအုပ် ငါး စသည်များလည်း တွေ့ရသည်။ ပွဲရသော သူရဲကောင်းများကိုလည်း ငွေတစ်ပိဿာ၊ ပုဆိုးဆေးရေး၊ ဝတ်လုံ၊ ခေါင်းပေါင်း သနားတော်မူကြောင်းများ ဖတ်ရသည်။ ထိုခေတ်က ပုဆိုးဆေးရေးများ ခေတ်စားခဲ့ဟန် တူလေသည်။

## အလောင်းမင်းတရားကြီး၏ အဆင်တန်ဆာတော်

သက္ကရာဇ် ၁၁၁၈ ခုနှစ် ပြာသိုလ့တွင် မွန်မင်းသမီးကို သိမ်းပိုက်သည့် အခမ်းအနား၌ အလောင်းမင်းတရားကြီးသည် "ပန်းဆိုးပေါင်းထုပ် ဆင်တော်မူ၍ အဘိုးအနဃ္ဃ[၁] ရှိသော မြနားတောင်းကို ဝတ်ဆင်တော်မူလျက် ရွှေရေးစက်နား ဝတ်လဲတော်ကို ဝတ်၍ ပတ္တမြားလက်ကောက် ပတ္တမြားလက်စွပ်တို့ကို လက်တော် နှစ်ဘက်တွင် ဝတ်ဆင်တော်မူသည်။ ရတနာအတိပြီးသော ရွှေချူညောင်ရွက်နှင့် တကွသော စစ်ဝတ်ရတနာ ဒုယင်တော်ကို ဝတ်ဆင်တော်မူပြီးလျှင် ရွှေကြိုး နှစ်ဆယ့်လေးသွယ်ရှိသော ရတနာ စလွယ်တော်ကို ဆင်တော်မူလျက် ပတ္တမြား အတိစီသော လက်သုံးတော် ဓား၊ သားမြီးယပ် စွဲတော်မူ၍ ဖေတဝန်ဆောင်တော် ကသည် သံဆယ်တောင်ရှိသော မြေနန်းပလ္လင်သို့ ကြမ်းဆင့်ကို လကျာခြေတော် အလျဉ်ချီလျက် ထွက်တော်မူသည်" ဟု ရာဇဝင်တွင် တွေ့ရသည်။

## အလောင်းမင်းတရားကြီး ပုံတော်

မင်းတရားကြီး၏ ပုံသဏ္ဍာန်ကို ကပ္ပိတန်ဗေကာ၏ မှတ်တမ်း၌ "သူသည် အသက် (၄၅) နှစ်ခန့်ရှိ၍ အရပ် ငါးပေဆယ့်တစ်လက်မခန့် မြင့်ရာ ကျန်းမာသန်စွမ်း ပြေပြစ်သော ကိုယ်လုံးကိုယ်ပေါက် ရှိလေ၏။ အသားအရေမှာ အများသော မြန်မာလူမျိုးတို့ကဲ့သို့ ညို၏။ မျက်နှာသည် အနည်းငယ်သွယ်၍ ကျောက်ပေါက်မသက်သက်ရှိလေ၏။ နဂိုရ်နေ အမူအရာသည် ဣန္ဒြေကြီး၍ ပလ္လင်တော်ပေါ်၌ ညီလာခံနေသည့်အခါ များစွာ ရာဇဣန္ဒြေနှင့် ပြည့်စုံလေ၏။ စိတ်သဘောမှာ မြန်ဆန်ခက်မာပုံရ၏" ဟု ရေးသားထားလေသည်။

အလောင်းမင်းတရားကြီး၏ ခေတ်ကား သက္ကရာဇ် ၁၁၁၅ ခုနှစ်မှ ၁၁၂၂ ခုနှစ်အတွင်းဖြစ်၍ နေပြည်တော်ကို ရတနာသိင်္ဃမြို့မှာ ပြုလုပ်လေသည်။

၁။ အဘိုးအနဃ္ဃ=အနဃ္ဃ–ပါဠိ၊ န–အဃ္ဃ=န–မ၊ အဃ္ဃ–အဖိုး၊ အဖိုးမဖြတ်နိုင်သော မြ။

www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် သားတော် နောင်တော်ကြီးလက်ထက်တွင် စစ်ကိုင်းတစ်လှည့် ရွှေဘို တစ်လှည့် စံနေတော်မူသည်။ ထို့နောက် ညီတော် ဆင်ဖြူရှင်လက်ထက်တွင် အင်းဝမြို့ဟောင်းသည် နေပြည်တော် ဖြစ်လာပြန်သည်။ တတိယအင်းဝနိုင်ငံတော်ကား သက္ကရာဇ် ၁၁၂၇ ခုနှစ်မှ ၁၁၄၃ ခုနှစ်အတွင်း ဖြစ်သည်။ အဝတ်အစားရာဇဝင်ကား အင်းဝမြို့သို့ တစ်ဖန်ရောက်လာပြန်လေပြီ။

## ကုန်းဘောင်ခေတ် အင်းဝသူများ

ရွှေတောင်နန္ဒသူဆို မေ့ွနွန်းရကန်၌ မေ့ွနွန်း၏ ချောမောလှပပုံကို ဖွဲ့ထားလေသည်။ ထိုအဖွဲ့သည် ထိုခေတ်က မိန်းမပျိုတို့၏ အဆင်အပြင်မျိုးဟု ယူဆနိုင်လေသည်။ မေ့ွနွန်းအဖွဲ့၌ "*သဒ္ဒါလီအခင်းနှင့် ပြတင်းတော်အဝဝယ်၊ အိပ်နိုးထမွှံတလှံ့လှံ့၊ လိမ်းသားက မကုန့်တကုန်၊ ကွမ်းရာကို ငုံလျက်မို့၊ လက်ျာဘက်ပါးနုက၊ စုတုတုသင့်ရှံရှံ၊ ဝတ်လဲတော် မခြို့တခြို၊ ရင်သိမ်းတော် ပန်းပြေ့က၊ လျော့တော့တော့ မလုံ့တလုံ*" ဟု စပ်ဆိုထားလေသည်။ ထို့နောက်ဆက်လက်၍ "*ရတနာရင်သိမ်းကို၊ **မိန်းမတော**[၁] မှာမို့၊ လျှောချင်လျှောရော့၊ လျှောသကဲ့သို့၊ နိုးလို့ပြီးခါ၊ ဗလာပြီပြီ၊ အကျီကိုလည်း၊ ယူခဲ့ဘဲနှင့်*" ဟု တွေ့ရပြန်သည်။

ရင်သိမ်း

ဤတွင် မိန်းမတို့၏ အဝတ်အစားနှင့်ပတ်သက်၍ "ရင်သိမ်း" ဟူသော စကားကို တွေ့ရသည်။ ရကန်အလိုသော် "ရင်သိမ်း" သည် လျော့ရိလျော့ရဲနှင့် ကောင်းစွာ မလုံခြုံတတ်ကြောင်း တွေးစရာပင်၊ အင်းဝခေတ်တွင်လည်း ရမည်းသင်းစား သီလဝ၏ မိဖုရားသည် မြို့ရွာအနီးသို့ စစ်ကြီးရောက်လာသည်ကို ကြား၍ အပန်းတကြီး ရင်ဝတ်မျှမကပ် လင်ရှိရာသို့ ပြေးလာသည်ဟု ရာဇဝင်တွင် တွေ့ရသည်။ ယခု မေ့ွနွန်းမင်းသမီး၏ ရင်သိမ်းတော်နှင့် သဘောတူဖြစ်ချေမည်။ နဝဒေးကြီး၏ ညွှတ်သွယ်မြင့်၍ အစချီသော ရတုတွင် "*ခါးကြိုးအာနီ၊ မျက်စိရည်ရှင်၊ ရွှေရင်သိမ်းသစ်*" ဟု အစပ်ရှိသည်။ ရတုအချပိုဒ်တစ်ခုတွင်ကား "ရထည်ရင်ရစ်ခါတကား" ဟု တွေ့ရသည်။ ဤတွင် ရင်သိမ်း၊ ရင်ဝတ်၊ ရင်ရစ်တို့သည်

---

၁။ မိန်းမတော=မိန်းမတို့ချည်းနေသောနေရာ။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



အမရပူရခေတ်
အချပ် - ၉

www.burmeseclassic.com

www.burmeseclassic.com



နောင်သောအခါ နန်းတွင်းသူတို့၏ ရင်စည်းမျိုးနှင့် သဘောတူပေလိမ့်မည်ဟု ယူဆရသည်။

တံပီတံပက်

သက္ကရာဇ် ၁၁၃၉ ခုနှစ် ထိုး၊ ငစဉ့်ကူးမင်းကောင်းမှု အင်းဝမြို့ မိုးထိကျောင်းကျောက်စာ၌ "ထိုမှတစ်ပါး များစွာသော သက်ကြီးသူအို ယောကျ်ား မိန်းမ ဖုန်းတောင်းယာစကာ ၁၀၀၀ မကသော သူတို့အားလည်း ပုဆိုး၊ အင်္ကျီ၊ တံပီ၊ တံပက်၊ ကြေးငွေ၊ ဆန်စပါး များစွာစွန့်ကြဲ ပေးလှူတော်မူ၏" ဟု တွေ့ရသည်။ ထိုခေတ်က အင်္ကျီ၊ ထဘီ၊ တဘက် ရေးထုံးများသည် ကျောက်စာတွင် တစ်မျိုးသုံးထားကြောင်းလည်း သိရသည်။

ကိန္နရာက

ၚင်းပြင် ထိုကျောက်စာ၌ပင် *"ထိုမျှတုံလည်း အလုံးစုံ ရှုစားရာ တင့်တယ်လှသော ဟိမဝန်က လာသော ဒုမ၊ စန္ဒ၊ ပက္ခိ စသော နတ်ကိန္နရာ ကိန္နရီတို့ကဲ့သို့ ရွှေဖြင့်ပြီးသော ဘယက်၊ တန်ဆာ၊ ဒွါဒရာ၊ ခါးကြိုး၊ ချူမျိုး ယှက်ဆိုင်း၊ သင်တိုင်းဒေါင် စသဖြင့် ဆင်ယင်၍"* ဟူသော စကားဖြင့် ထိုခေတ် ကချေသည်များ၏ အဆင်တန်ဆာကို ဖော်ပြလေသည်။

## အထည်မျိုးမည်များ

ကုန်းဘောင်ခေတ်တွင် မြန်မာ့အင်ပါယာသည် ယိုးဒယားနှင့် အာသံ၊ မဏိပူရတိုင်အောင်ပင် ကျယ်ပြန့်ခဲ့လေသည်။ ပင်လယ်လမ်းပေါက်တို့မှာလည်း မြန်မာတို့လက်ဝယ် ရောက်ရှိခဲ့သဖြင့် နိုင်ငံခြားဖြစ် အထည်ပစ္စည်းများလည်း ပြည်တွင်းသို့ ဝင်ရောက်လာလေသည်။ ကျော်စောသော ဆာပါပုဝါ, ဖဲပုသိမ် ပုဝါတို့သည် ပုသိမ်သင်္ဘောဆိပ်မှတစ်ဆင့် ရောက်လာရသောကြောင့် ပုသိမ်ထည်ဟု ခေါ်ခြင်းဖြစ်လေသည်။

ထိုအခါက အသုံးပြုသော အထည်များမှာ မိုင်းလုံ ခေါ်သော ကတ္တီပါ ပြောက်၊ မည်သရီ ခေါ်သော ပိုးကတ္တီပါ၊ ခါသာ ခေါ်သော သရက်ထည်မျိုး၊ မာရဘက်၊ မာတရက် ခေါ် ပိတ်တွန့် သုကန္တရာ ခေါ် ပန်းခက်ပါသော ပိတ်ချော ပိုးချော ပုဝါတစ်မျိုး၊ မော်ယော် ခေါ် ရှမ်းနှင့် တရုတ်ပြည်ကလာသော အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အပြင် အသွေးမခြားသည့် ဖဲမျိုး၊ ဖက်ခန့်မှာ အသွေးခြားသည်၊ သဟာန်မူရီတို့မှာ ရှေးပဝါတစ်မျိုး၊ သီဂီမှာ ဝါသောအဆင်းရှိသော ပါးလွှာချောမွတ်သော အထည်မျိုး ဖြစ်သည်။ ရွှေပုစွန်ဆီကိုမူကား ခါးစည်းတော်လုပ်သည်ဟု သိရသည်။ ၎င်းပြင် ဆေးရေးပုဆိုးများလည်း အလောင်းဘုရားလက်ထက်တွင် ခေတ်စားခဲ့လေသည်။ သက္ကလတ်ထည်များလည်း ထိုအခါတွင် ပေါ်နေလေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com



အမရပူရခေတ်တွင်တွေ့ရသော မင်းသား မင်းသမီးတို့ ဝတ်ဆင်ပုံ။
ပုံနံပါတ် - ၁၂



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

## အမရပူရခေတ်
## ဘိုးတော်လက်ထက် (၁၁၄၃ - ၁၁၈၁)

**အမရပူရ**[၁]ခေတ်တွင်၊ ဝတ်စားတန်ဆာနှင့်ပတ်သက်၍ ရှာဖွေစုဆောင်းရာ၌၊ စာပေပညာသာမက၊ ပန်းချီပညာများလည်း ပြန်လည်ထွန်းကားလာသောကြောင့်၊ အဝတ်အစားနှင့်ပတ်သက်သော အကိုးအကားများလည်း ပြည့်စုံသိုက်မြိုက်လာပေသည်။

အမရပူရခေတ် ပန်းချီကားများမှာ အင်းဝခေတ်မှာထက် အခြားနယ်များတွင် ပို၍များလေသည်။ အထူးသဖြင့် ပုဂံနယ်မှာ ပို၍များပြားလေသည်။ စင်စစ်အားဖြင့် ပုဂံနယ်သည် ခေတ်အမျိုးမျိုးမှ ပန်းချီကားများ စုဆောင်းထားရာ ပြတိုက်ကြီးနှင့်လည်း သဏ္ဌာန်တူပေသည်။ ယခု ကိုးကားဖော်ပြထားသော အမရပူရခေတ် ပန်းချီကားများလည်း ပုဂံနယ်မှ ရှာဖွေစုဆောင်းခဲ့သော ပုံအချို့ဖြစ်လေသည်။

အချပ် ၉ နှင့် ၁၀ ပုံများသည်၊ ဘိုးတော်လက်ထက် သက္ကရာဇ် ၁၁၄၈ ခုနှစ် ရေးဆွဲပြီးသော အာနန္ဒာအုတ်ကျောင်း ဆေးရေးကားများမှ တစ်စိတ်တစ်ဒေသ ဖြစ်လေသည်။ ထိုပုံများတွင် တွေ့ရသော ဝတ်ဆင်ထုံးဖွဲ့မှုတို့သည်

---

၁။ အမရပူရ=(ပါဠိ) အမရ–မသေရာ။ ပုရ–မြို့။ မသေရာနိဗ္ဗာန်နှင့်တူသော မြို့တော်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအင်းဝခေတ်သူတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများနှင့် ကွာခြားလှမည် မဟုတ်ဟု ယူဆရသည့်အပြင် ကုန်းဘောင်ခေတ် ပထမပိုင်း၌လည်း ဤအတိုင်းပင် ဝတ်ဆင်ကြပေလိမ့်မည်။

အချပ် ၉ ပုံသည်၊ အမရပူရခေတ် နန်းတွင်းသူတစ်ဦး၏ ဝတ်ဆင်ပုံဖြစ်၍၊ ယဉ်ကျေးသိမ်မွေ့လှသည်ဟု ဆိုရမည်။ ဆံပင်နောက်တွဲထုံး၍ ပန်းကို အခွေလိုက် ဆင်ထားသည်မှာလည်း ကြည့်ကောင်းလှပေသည်။ နားတောင်းတံမှာ ရှည်လျားလှပေသည်။ ၎င်းပြင် အင်္ကျီမှာ ထိုင်မသိမ်းပုံကဲ့သို့ လက်ကျပ် ကိုယ်ထည်ကျပ် ဖြစ်လေသည်။ ရင်စည်းကိုလည်း အသုံးပြုထား၍ တဘက်တစ်ထည်ကို ပခုံးပေါ်တွင် လွှမ်းတင်ထားလေသည်။ ထဘီမှာ မြေတွင် ဒယဉ့်တိုက်လျက် ရှိချေသည်။ တစ်ခုထူးခြားသည်မှာ ခြေနင်းစီးထားခြင်းပင် ဖြစ်လေသည်။ ခရစ်နှစ် ၁၇၉၅ ခုနှစ်က အင်းဝသို့ သံအမတ်အဖြစ်ဖြင့် ရောက်လာသော ကက်ပတင်ဆိုင်းနှင့် အတူပါလာသည့် အင်္ဂလိပ်ပန်းချီဆရာများ ကူးယူသွားသော ဝန်ကတော်ပုံများ၌လည်း ထိုကဲ့သို့ပင် ခြေနင်းစီးလျက် တွေ့ရသည်။ ထိုအထောက်ထားများသည် ထိုခေတ်က အမျိုးသမီးများ ခြေနင်းစီးလေ့ရှိကြသည်ဟု ဆုံးဖြတ်ရမည်ကဲ့သို့ ရှိချေသည်။

အချပ် ၁၀ ပုံသည် အမရပူရခေတ် ကချေသည်ပုံဖြစ်၍ အပေါ်ဝတ် အင်္ကျီမပါဘဲ ထဘီရင်ရှားလျက် တွေ့ရသည်။ အင်းဝခေတ် ကချေသည်ကဲ့သို့ကား ရင်သားကို ဖော်မထားပေ။ ဆံထုံးမှာ အချပ် ၉ ပုံနှင့် အနည်းငယ်ကွဲသော်လည်း နောက်တွဲထုံးတစ်မျိုးပင် ဖြစ်လေသည်။ ခြေချင်း လက်ကောက်နှင့် နားတောင်းများလည်း ဝတ်ဆင်ထားလေသည်။

ခါးတင်ထိုး

ရှေးအခါက အထက်ဆင့် ရှည်စွာတပ်၍ ပထမ ရင်ရှားသည်၊ တစ်ဖန် ထဘီကို ခါးဆီ၌ အတန်ငယ် အထက်ကို ဆွဲတင်ပြီးမှ တစ်ချက်လိမ်၍ ဝတ်ပြန်သည်။ ဤသို့ ပြုသည်ကို ခါးတင်ထိုးသည်ဟု ဆိုကြ၏။ ယခု အမရပူရခေတ် ကချေသည် ထဘီဝတ်ပုံမှာ ခါးတင်ထိုးမျိုးပင် ဖြစ်ပေလိမ့်မည်။ ယခုခေတ်တွင် တွေ့မြင်ရသော ရခိုင်သူများ ထဘီဝတ်ပုံမှာလည်း ထိုသို့ပင် ရင်ရှားဝတ်ပြီးမှ ခါးစည်းကြိုးဖြင့် ရစ်ပတ်ထားလေသည်။ ၎င်းတို့သည် ယခုခေတ်တိုင်အောင်ပင် ရှေးမူမပျက်လှသေးပေ။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



ကချေသည်

အချပ် - ၁၀

www.burmeseclassic.com

www.burmeseclassic.com



ခါးချပ်ဝတ်

နန်းတော်သူတို့ကား ရင်စည်းသတ်သတ်ရှိ၍ ရင်စည်းပြီးမှ ထဘီကို ခါးတွင် ဝတ်လေ့ရှိသည်။ ထိုသို့ ဝတ်သည်ကို ခါးချပ်ဝတ်သည်ဟု ဆို၏။ ရခိုင်ရာဇဝင်လင်္ကာ၌ "ညှံ့နုကျောလွတ်၊ ခါးချပ်ဝတ်လျက်၊ ရစ်ပတ်ခါးကြိုး၊ မပတ်ပိုးတည့်" ဟု ပျို့ သို့မဟုတ် ရှေးခေတ်မြန်မာတို့ ထဘီဝတ်ပုံ ဖော်ပြထားလေသည်။ သခင်ကိုယ်တော်မှိုင်း၏ ထဘီဝိဂြိုဟ်၌လည်း "*ထိုးချပ်ခါးတင်၊ ရင်ကို မရှား၊ လွှား၍ကျပ်တည်း၊ ဖွဲ့ယှက်စည်း၏*" ဟု ယခုခေတ် ထဘီဝတ်ဆင်ပုံကို ဖော်ပြလေသည်။

တစ်နေရာတွင် ဖော်ပြထားသော အမရပူရခေတ် အိမ်ထောင်စုံပုံသည်၊ ထိုအခါက ယောကျ်ား မိန်းမတို့၏ ဝတ်ဆင်ပုံကို ခန့်မှန်းနိုင်ဖွယ်ရှိသည်။ ၎င်းပြင် အချပ် ၇ ပုံတွင် ဖော်ပြထားသော (က – ခ) အမှတ်ပုံများသည် အမရပူရခေတ် ယောကျ်ားများ၏ ဝတ်ဆင်ထုံးဖွဲ့မှုများ ဖြစ်လေသည်။ (က) အမှတ်ပုံတွင် "*ပဝါထည်ကို ထိ်ုလယ်မှာပေါင်း၊ ဆံသွယ်ပြောင်းနှင့်*" ဟူသော အင်းဝခေတ် ယောကျ်ားများ ပေါင်းပုံ ထုပ်ပုံအတိုင်းပင် တွေ့ရချေသည်။ ၎င်းပြင် ပုဆိုး တောင်ရှည်ကို မြေတွင် ဒယဉ်ဖို့တိုက်မျှ ဝတ်ဆင်ထားသော်လည်း အင်္ကျီမပါချေ။ ထိုအခါက အင်္ကျီအသုံးပြု နည်းပါးဟန်တူချေသည်။ သို့သော် ခ – အမှတ်ပုံကဲ့သို့ အခမ်းအနား ပွဲလမ်းသဘင် ဝင်သည့်အခါများ၌ ခါးအောက် ဖားလျားကျသော သိုရင်းအင်္ကျီမျိုးကိုလည်း ဝတ်ဆင်တတ်သည်ဟု ယူဆရပေမည်။

ပုဆိုးဝတ်ပုံများသည် စိန္တကျော်သူ၏ ဩဝါဒအတိုင်း မလိုက်နာပေ။ ဩဝါဒထူးပျို့တွင် "*တွဲလွဲများလျား၊ ဖားလျားမြေထိ၊ ရှေ့ငြိနောက်လျှ၊ ခြေချဖဝါး၊ နင်းသွားမသာ၊ ဝါဝါကားကား၊ ကြွားကြွားဝင့်ဝင့်၊ ဝတ်သဖြင့်လည်း၊ မတင့်တယ်ရာ*" ဟု ဆိုသည်။ စိန္တကျော်သူ အလိုရှိအပ်သော ဝတ်ဆင်နည်းကား "***ဓမ္မတာ**[၁] **လျှင် ညာဘယ်နောက်ရှေ့၊ ညီစေ့လျဉ်လျဉ်၊ မယဉ်မတောင်း**[၂]၊ ဝတ်ဆင်ကောင်းသည်*" ဟု ဆိုခဲ့လေသည်။

---

၁။ ဓမ္မတာ=(ပါဠိ) တရားသဘော။

၂။ မယဉ်မတောင်း=မယဉ်တယဉ်။

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံခြားသားများနှင့် အမရပူရခေတ်

ကျွန်ုပ်တို့သည် ရှေးဟောင်း ပန်းချီကားများအပေါ် အခြေခံပြု၍ အမရပူရခေတ် ဝတ်ဆင်ပုံများကို ဖော်ပြခဲ့ပေပြီ။ ၎င်းပြင် ဆက်လက်ဖော်ပြလိုသည်မှာ ထိုခေတ်က အင်းဝသို့ ရောက်လာကြသော နိုင်ငံခြားပန်းချီဆရာများ၏ မှတ်တမ်းမှ ကောက်နုတ်ချက် ဖြစ်လေသည်။

ဘိုးတော်လက်ထက် သက္ကရာဇ် ၁၁၅၆ (A.D - 1795) ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်က အင်းဝနိုင်ငံသို့ စေလွှတ်သော ကက်ပတင်ဆိုင်းမ်စ် (Captain Symes) ကြီးမှူးသည့် သံအဖွဲ့နှင့် အတူပါလာသော ပန်းချီဆရာက၊ ဝန်ကြီး, ဝန်ကတော်, ဝန်ထောက်, ဝန်ထောက်ကတော်, အတွင်းဝန်, အတွင်းဝန်ကတော်နှင့် စာရေးတော်ကြီးများကို ပုံတူကူးယူသွားလေသည်။

ဝန်ကြီး, ဝန်ထောက်, အတွင်းဝန် စသော ပုဂ္ဂိုလ်များမှာ **ရတနာပုဥ္ဇ**[၁] မန္တလေကြငှန်းတွင် တွေ့မြင်ရသော ဝန်ကြီး၊ ဝန်ထောက်များကဲ့သို့ ဖောင်း၊ နားတောင်း၊ စလွယ်ဆင်လျက် ဝတ်လုံရှည်ကြီးများ ဝတ်ဆင်ထားလေသည်။ ၎င်းပြင် ထန်းရွက်ယပ်ဝန်းကို ကိုင်လျက် ခြေနင်းကိုလည်း စီးထားသည်။ ခြေနင်းများမှာ ယခုခေတ် ခြေနင်းပုံများကဲ့သို့ မဟုတ်သေးဘဲ ကုလားခြေနင်းနှင့် တူလေသည်။ ပဝါဖြူများကိုမူကား ပခုံးပေါ်တွင် စုလျားတင်လျက် တွေ့ရသည်။ ဝန်ကြီး, ဝန်ထောက်တို့ပုံ၌ မုတ်ဆိတ်မွေးများပင် ပါရှိလေသည်။ ထိုခေတ်က ရေးခြယ်ခဲ့သော မြန်မာပန်းချီကားများ၌လည်း ဝန်ကြီး ဝန်ထောက်တို့သည် မုတ်ဆိတ်များ ပါရှိနေပေသည်။ ထို့ပြင် ဘိုးတော်ဘုရား၌လည်း မုတ်ဆိတ်မွေး အနည်းငယ်ရှိကြောင်း ကပ်ပတင်ကောက် မှတ်တမ်း၌ တွေ့ရသေးသည်။ ထိုအထောက်အထားများဖြင့် အမရပူရခေတ် ကောင်းစားစဉ်က ယောကျ်ားများသည် မုတ်ဆိတ်ထားလေ့ရှိသည်ဟု မှတ်ထင်ဖွယ်ရှိလေသည်။

အချပ် ၁၁ နှင့် ၁၂ ပုံများသည် သံအမတ်ဆိုင်းနှင့် အတူပါလာသော အင်္ဂလိပ်ပန်းချီဆရာများ၏ လက်ရာမှတစ်ဆင့် ကူးယူထားသော ဝန်ကြီးကတော်နှင့် အတွင်းဝန်ကတော်များ၏ပုံဖြစ်လေသည်။

---

၁။ ရတနာပုဥ္ဇ=(ပါဠိ) ရတနာ–ရတနာအမျိုးမျိုး၊ ပုဥ္ဇ–အစုအပုံ။ ရတနာ ၇ မျိုးတို့၏ စုပုံရာမြို့တော်။

www.burmeseclassic.com

www.burmeseclassic.com





အင်းဝခေတ် ဝန်ကြီးကတော်
ခရစ်နှစ် ၁၇၉၅ ခုနှစ်တွင် အင်းဝသို့ သံအမတ်ဆိုင်းနှင့်အတူပါလာသော ပန်းချီဆရာတစ်ဦး ရေးဆွဲခဲ့သော ဝန်ကြီးကတော်၏ ဝတ်စားဆင်ယင်ပုံ

www.burmeseclassic.com

www.burmeseclassic.com



အချပ် ၁၁ ပုံသည် ဝန်ကြီးကတော်၏ အဝတ်အစားဖြစ်၍ မြန်မာပန်းချီကားများတွင် တွေ့ရှိရသော ဟန်အမူအရာအတိုင်းပင် ယဉ်ကျေးသိမ်မွေ့စွာ တွေ့ရလေသည်။ သို့သော် တရုတ်ယပ်တောင် ကိုင်ပုံကား ထူးခြားသည်ဟု ဆိုရပေမည်။ ထိုပုံတွင် ယခင်ဆံထုံးမျိုးနှင့် တွေ့ရ၍ လက်ကျယ် ကိုယ်ထည်ပွလျက် ခါးအောက်ဖားလျားကျသော ရင်ခွဲအင်္ကျီတစ်မျိုး ဝတ်ဆင်ထားလေသည်။ ၎င်းပြင် ပဝါရှည်ကြီးကိုလည်း ကိုယ်တွင် စလွယ်သိုင်းရစ်ပတ်လျက် အစ ၂ ဘက်မှာ ဝဲယာကျလျက်ရှိချေသည်။ ထဘီမှာ ရှေးမူအတိုင်းပင် မြေတွင် ဒယဉ်တိုက်[၁] လျက် ရှိသည်။ သို့သော် ထဘီဝတ်ဆင်ပုံသည် ရတနာပုံခေတ်မှာကဲ့သို့ ဘေးဖုံး မဟုတ်သေးဘဲ၊ အလယ်တည့်တည့်တွင် အစ ၂ ဘက်ကို နဘေထပ်လျက် ဖုံးထားလေသည်။ ထိုဝတ်ဆင်နည်းသည် ပုဂံနရသူလက်ထက် အဆန်းထွင်ခဲ့သော ရှေ့ကွဲထဘီမျိုးနှင့် တူလေသည်။

အချပ် ၁၂ ပုံသည် အတွင်းဝန်ကတော်ပုံဖြစ်၍ ဆံထုံးကို ထိပ်လယ်တည့်တည့်တွင် ခပ်ပုံ့ပုံ့ကလေး ထုံးထားလေသည်။ အင်္ကျီ၊ ထဘီ၊ ပဝါခြုံပုံများသည် ဝန်ကြီးကတော်ပုံများနှင့် အတူတူပင် ဖြစ်လေသည်။ သို့သော် ၎င်း၏ အမူအရာနှင့် ပဝါစ ကျပုံ၊ ယပ်တောင်ကို ခပ်မူမူ ကိုင်ထားပုံများကို ခြုံ၍ကြည့်သော် ရှေးအဝတ်အစားမျိုးနှင့် တွေ့ရသော ဂျပန်အမျိုးသမီးများနှင့် တူသယောင်ယောင်ပင်။ ၎င်းတို့၏ ဖိနပ်များမှာ မြန်မာပန်းချီကားများတွင် တွေ့ရသည့်အတိုင်း ခြေနင်းများ စီးထားကြလေသည်။

## ဘိုးတော်၏ အသွင်အပြင်

သက္ကရာဇ် ၁၁၅၇ ခုနှစ်၌ ဘိုးတော်မင်းတရားကြီးသည် မင်းကွန်းစံနန်းတော်၌ ခေတ္တစံမြန်းတော်မူဆဲဖြစ်၏။ ထိုအခါ ကပ္ပတင်ကော့(က်စ်) (Captain Cox) သည် သံတမန်[၂] အဖြစ်ဖြင့် ဘိုးတော်ဘုရားကို ဖူးမြော်ခွင့်ရလေသည်။ ကပ္ပတင်ကော့(က်စ်) မှတ်တမ်း၌–

---

၁။ ဒယဉ်တိုက် = ဒရွတ်တိုက်။

၂။ သံတမန် = ဘုရင်မင်းမြတ်တို့၏ အမိန့်တော်ပြန် အသံတော်ကို ဆောင်ယူလာသော တမန်တော်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မင်းမြတ် ထွက်တော်မူလာ၍ ရာဇပလ္လင်တော်ပေါ်တွင် ထိုင်တော်မူလေသည်။ သူသည် ရွှေနားဖြင့် ကွပ်ထားသော ပိတ်ဖြူအင်္ကျီကို ဝတ်ဆင်လျက် ဦးခေါင်းတွင် (၁၅) လက်မခန့် မြင့်သော မကိုဋ်ဖြင့် တန်ဆာ ဆင်ထားလေသည်။ သူ၏လက်တွင် ဒေါင်းမြီးဖြင့် ပြုလုပ်ထားသော ခြင်ယပ်တစ်ခုကို ကိုင်ထား၍ ၎င်းနှင့် ခြင်များ ယင်များကို ဖယ်ရှားပစ်လေသည်။ ရုပ်ရည်မှာ **ရမ္မက်**[၁] ကြီးပုံရ၍၊ ဘွင်းဘွင်းပြော ဘွင်းဘွင်းလုပ်တတ်သော စိတ် သဘောရှိပုံရသည်။ အသားအရေမှာ အများသော မြန်မာတို့နှင့်မတူဘဲ ဖြူလေသည်။ မေးတွင်ဖြူသော မုတ်ဆိတ်မွေး အနည်းငယ် ရှိလေသည်" ဟု ရေးသားထားလေသည်။ ထိုမှတ်တမ်းအရ ဘိုးတော်ဘုရား၏ အဝတ်အစားနှင့် ပုံသဏ္ဌာန်ကို ခန့်မှန်းနိုင်ဖွယ်ရှိသည်။

## ဆံထုံး ငါးမျိုး

အမရပူရခေတ်တွင် ဆံထုံးငါးမျိုး အသုံးပြုကြောင်းကို ဘိုးတော် ပညက္ကမဒီပနီတွင် တွေ့နိုင်လေသည်။ ၎င်းပြင် ဖောင်းထုပ်အကြောင်းလည်း အကျယ်တဝင့် ပါရှိလေသည်။ ထိုစာတမ်း၌–

မင်းဧကရာဇ်, မင်းညီမင်းသား မျိုးမတ်တို့၊ ဖောင်းထုပ်ဆင်ယင်သည့် ဖောင်းသည် အစည်ထုံးစံ ရှိသည်။ ဟံသာဝတီပါ အဝမင်းတို့ လက်ထက်သာ ဆင်ယင်ကြသည်များကို လျှောက်မေးရာ၊ ဦးဖောင်းဆင်သည့်အကြောင်း ဆင်ဟန်အခြင်းအရာမှာ၊ သိဒ္ဓတ်မင်းသားကို ဆင်မြဲဆတ္တာသည် အသွင်ဖြင့် ဝိသကြုံ နတ်သားလာ၍ ပုဆိုးဖြင့် ဥဏှောင်းကို ရစ်ပေါင်းကြောင်း၊ ၎င်းအပေါ်တွင် မကိုဋ်နှင့်တကွ ဦးသျှောင်ကို ဖြတ်ယူလျှင်၊ သိကြားမင်း ခံယူကြောင်း၊ ဥဏှောင်းတော်၌ လက်ျာရစ် ဆံတော် ၂ သစ်ခန့်သာ ကျန်ကြောင်းများကို အပဒါန် အဋ္ဌကထာ၌ လာသည်။ ဆံတော် ၂ သစ်ခန့်သာ ကျန်ကြောင်းကို ဆိုသောကြောင့် **ကပိလဝတ်ပြည်**[၂] သာကီဝင်မင်းမျိုးတို့မှာ ဆံအုပ်လုံးထားလေ့ရှိသည်ကို သိရသည်။ ဘုရားရှင် ညီတော်နန္ဒမင်းသား မကိုဋ်ဘွဲ့ခြင်းငှာ၊ သူငယ်

၁။ ရမ္မက်=(ပေါရာဏ) လောဘဇော။ (ရမက်ဟုလည်း ရေးကြ၏)
၂။ ကပိလဝတ်=(ပါဠိပျက်) ကပိလဝတ္ထု–ကပိလရှင်ရသေ့၏ နေရာ။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



အတွင်းဝန်ကတော်

အချပ်-၁၂

www.burmeseclassic.com

www.burmeseclassic.com



လက်ထက် ဘွဲ့သည့်ဆံကို ဖြေ၍၊ အသစ်ထုံးခြင်း၊ မင်္ဂလာ, ဘွဲ့နာမည် တပ်ခြင်းမင်္ဂလာ, အိမ်သိမ်းမင်္ဂလာ, ထိမ်းမြားမင်္ဂလာ, ထီးဆောင်း မင်္ဂလာ ၅ ပါး တစ်ချက်တည်းပြုကြောင်းကို ဝိနည်း အဋ္ဌကထာ၌ လာသည်။ သျှောင်ထုံး၊ ကြက်တောင်စည်း၊ ပေါက်ချပ်၊ ဦးစွန်း၊ မိန်းမထုံး ဟူ၍ အထုံးအမြိတ် ငါးထွေရှိကြောင်း၊ သျှောင်ထုံးအရပ် အမျိုးအမြဲ မရှိကြောင်းကို အဘိဓာန်ဋီကာ၌ လာသည်။ ဆံစွန်း၊ ဆံထုံးမမြင်အောင် ဥက္ကောင်း ရင်း ပေါင်းသမျှမဆို မကိုဋ် စသည်ကိုပင် ဦးဖောင်းဟူ၍ ဝိနည်းအဋ္ဌကထာ၌ လာသည်။ ရွှေကူဒါယကာ နရပတိ စည်သူမင်းကြီး ဦးဖောင်းကျား ဖောင်းထုပ်ကြောင်းကို ရာဇဝင်၌ လာသည်။ ဘုရားသုံးဆောင်ရာ ကျောက်ဖျာထက်တင်ကြောင်းကို ရှင်ဖြူရှင်လှသမိုင်း၌ လာသည်။ မင်းကြီးစွာစော်ကဲ နန်းတက်တော် မူသည်တွင် ကန္တားနှင့်ထိ၍ ဖောင်းတော် ကျွတ်ကြောင်းကို ရာဇဝင်၌ လာသည်။ ဆံအုပ်ထုံး ပေါင်းသူတို့အား ဆဗ္ဗဂ္ဂီရဟန်းတို့ တရားဟော သည်တွင် သိက္ခာပုဒ် ပညတ်တော်မူသည်ကို ဝိနည်း၌ လာကြောင်း၊ မှူးမတ် စသည်များမှာ ဦးပေါင်း သာမည ပေါင်းထုပ်ကြသည်ဟု သိရသည်။ ဘုရားလောင်း ဟသ်ာမင်းအား မကိုဋ်ပါ သင်းကျစ်ဖြင့် ဗာရာဏသီမင်း ပူဇော်ကြောင်း လာသည်။ ဦးပေါင်းဆောင်ခြင်း အကျိုးကိုလည်း ဆံကို စင်ကြယ်စေခြင်း၊ လေ, နေ, မြူကိုပယ်ခြင်း၊ ချမ်းသာခြင်း၊ အနံ့ကောင်းခြင်း၊ အသက်ရှည်ခြင်း၊ အကျိုးပွားခြင်း၊ ခွန်အားကြီး ခြင်းဟူ၍ ဒြပ်ပြဂုဏ်၌ လာသည်ဟု စာသွင်းသည်။

## ဖောင်းတော်ဆောင်

ရွှေဘုံနိဒါန်း၌ ဖောင်းတော်ဆောင်မှာ ဖောင်းတော်ထားသည်၊ အထွတ် အမြတ် အဦးဖြစ်၍ နန်းမ နန်းဦးတည့်တည့် ဆောက်လုပ်ခြင်း၊ ဖောင်းတော်, သရဖူတော်, မကိုဋ်တော်, ပတ္တမြားဖောင်းတော်, နဝရတ်ဖောင်းတော်, ရွှေသား ဖောင်းတော်, ငွေသားဖောင်းတော်, ပကတိဖောင်းထုပ်တော်တွင် ရွှေသားရွှေတွန့် ဖောင်းတော်, စိန်တွယ်ဖောင်းတော်, မြတွယ်ဖောင်းတော်များကို ခေါက်တုံ့ပြင်ဆင် ထားရာဖြစ်၍ ဖောင်းတော်ဆောင် ခေါ်ဝေါ်သမုတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မင်းခမ်းဝင် ဆံထုံးတော် ခုနစ်မျိုး

သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် တောင်တွင်းကြီး မင်းသမီး နားတော်ထွင်း, ဆံထုံးထုံး, ဒက်ဆင် တဘက်ဝတ် မင်္ဂလာဆောင်တော်မူသည့်စာတမ်း၌–

နားတော်ထွင်း, ဆံထုံးထုံး, တဘက်ဝတ် မင်္ဂလာဆောင်တော်မူမည့် အခါတော်ပြည့်စုံပြီဘုရားဆိုပြီးလျှင် "ဇယန္တော ဗောဓိယာမူလေ" အစရှိသော ဂါထာကို ရွတ်ရသည်။ နားထွင်းခန့်သူ မင်းသမီး ၂ တို့ ရွှေအပ်ကို ကိုင်၍ နားထွင်းရသည်။ နားထွင်းပြီးလျှင် ဆံထုံးထုံးသူတို့ ဆင်စွယ်ဘီး၊ နံ့သာဘီး၊ ဘီးဖို၊ ဘီးမ စုံလင်အောင် ဖြီး၍ ထုံးပြီးလျှင် ပတ္တမြားစီ မြိတ်ဖြူဆံထုံးကို စွပ်ပြီးလျှင် ရွှေကုံးဆင်ရသည်။ ဆံထုံးထုံး လျှောက်ခန့်သူ ဗြတိုက် အဆောင်မြ ငနိုး ပုရပိုက်နှင့် ကိုင်၍ လျှောက်ရသည်။

(၁) ဆံထုံးတော် မြိတ်ဖြူ၊ နတ်တူတင့်မည့်သူဘုရား။ ၎င်းနောက် ပတ္တမြားစီ မြိတ်စို့ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကလည်း (၂) ဆံထုံး တော် မြိတ်စို့၊ နတ်သို့ ကောင်းမည့်သူဘုရား လျှောက်ရသည်။ ၎င်းနောက် မြိတ်လွယ်ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကလည်း (၃) ဆံထုံးတော် မြိတ်လွတ်၊ နန်းထွတ်စံမည့်သူဘုရား လျှောက်ရသည်။ ၎င်းနောက် စုလည်း ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကလည်း (၄) ဆံထုံးတော်စုလည်း၊ **ပစ္စည်း**[1] **ရတနာ**[2] များစွာရောက်မည့်သူဘုရား၊ ၎င်းနောက် ယဂင်ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကည်း (၅) ဆံထုံးတော်ယဂင်၊ နတ်သွင်စံ မည့်သူဘုရား လျှောက်ရသည်။ ၎င်းနောက် လုံးတင်ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကလည်း (၆) ဆံထုံးတော် လုံးတင်၊ နန်းတွင်စံမည့်သူဘုရား လျှောက်ရ သည်။ ၎င်းနောက် ပတ္တမြားစီ မြိတ်ရစ်မြိတ်ခံ ဆံထုံးကို ဆင်ရသည်။ ရွှေကုံး ဆင်ပြီးလျှင် ဆံထုံးလျှောက်ရသူက (၇) ဆံထုံးတော်မြိတ်ရစ်၊ နန်းသစ်စိုးမည့်သူ ဘုရား လျှောက်ရသည်။

၎င်းဆံထုံးထုံးပြီးလျှင် တင်းတိမ်ဖြူ ကာသန်းမြဲ၊ သံတော်ဆင့် နန္ဒဘယ ကျော်ထင် ကာသန်း၍ ရွှေပုစွန်ဆီ ဖဲ ကတ္တီပါတို့ဖြင့် ဆန်းကြယ်စွာလုပ်သော


---

၁။ ပစ္စည်း=(ပါဠိပျက်) ပစ္စယ–ပစ္စည်းဥစ္စာ။

၂။ ရတနာ=(ပါဠိပျက်) နှစ်သက်စရာ ဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com




၁-မြိတ်ဖြူ၊ ၂-မြိတ်စို့၊ ၃-မြိတ်လွတ်၊ ၄-စုလည်း၊
၅-ယကင်၊ ၆-လုံးတင်၊ ၇-မြိတ်ရင်

www.burmeseclassic.com

www.burmeseclassic.com





အမရပူရခေတ် ဘကြီးတော်လက်ထက် ခရစ်နှစ် ၁၁၈၆ ခုနှစ် ရေဆေးကားမှ
အမျိုးသမီးတစ်ဦး ဝတ်ဆင်ပုံ။
ပုံနံပါတ် - ၁၃

www.burmeseclassic.com

www.burmeseclassic.com



ထဘီကို ဝတ်ဆင်၍ ဖန် မှန် ပုလဲ ရွှေချုပ်သောင်ရှက်ဆွဲသော တဘက်ကို ဝတ်ဆင်ပြီးလျှင် မွေ့ရာတော်ပေါ်တွင် နေမြဲနေသည်။ ဤကား ဘိုးတော်ဘုရား လက်ထက် အိမ်ရှေ့မိဖုရား၏ မင်္ဂလာတော် အခမ်းအနားတွင် ဆင်မြန်းရသော အဆင်တန်ဆာတော်များ ဖြစ်လေသည်။ အချုပ် (၁၃) ပုံသည် မင်္ဂလာဆံထုံးတော် (၇) မျိုးပုံဖြစ်၍ မန္တလေးမြို့ မိုးတားဝန်ထောက်မင်း၏ ပုရပိုက်ဖြူမှ မူအတိုင်း ကူးယူဖော်ပြခြင်း ဖြစ်လေသည်။

## အမရပူရခေတ် ဗျာပါဆံ

အင်းဝခေတ်တွင် စတင်ပေါ်ပေါက်သည်ဟု ယူဆရသော ဗျာပါဆံသည် အမရပူရခေတ်တွင် ကောင်းစွာ ထင်ရှားခဲ့လေသည်။ ဦးတိုး၏ ရာမရကန်၌ *"ဗျာပါဆံစွယ်စုံကို၊ အပုံကြီးလည်း မချာဘူး၊ ပါးအထက်မှာ ငှက်လိပ်ပြာမျှ၊ ရွှေတောင်ပံသွဲ့၊ နွဲ့သနှင့် စိမ်းသနှင့်၊ ပလိမ်းတုံးမို့၊ လက်သန်းလုံးခန့်၊ ယဉ်စုံလို့ ချတတ်သည့်၊ မိန်းမဂုဏ်စံ၊ နည်းရစ်တန်နှင့်"* ဟု ဆိုသည်။ ၎င်းအဖွဲ့ဖြင့် ဗျာပါဆံ၏သဏ္ဌာန်မှာ ပေါ်လွင်ထင်ရှားလှပေသည်။

သီချင်းပဒေသာ စုဆောင်းရေးသားသူ ဦးဖိုးလတ်က *"ဗျာပါဆံ ဟူသည် ရှေးအခါ မိန်းမငယ်များ နားနောက်၌ ခပ်တိုတိုဖြတ်၍ ချထားသော ဆံပင်များကို ခေါ်သည်။ ပူပန်သောကရှိသူ မိန်းမများ၏ ဆံပင်များသည် မသိမ်းနိုင်သဖြင့် ထိုသို့ကျနေသည်ကို တင့်တယ်သည်ဟု၍ အခြားမိန်းမများက အတုလိုက်၍ ပြုကြသည်မှ အလေ့ဖြစ်သွားဟန်တူသည်"* ဟု ဆိုသည်။

ဗျာပါဆံ စပ်ထုံးများကား ရွှေဘို ကောက်စိုက်သံ တစ်ပိုဒ်တွင် *"ဖုံပွဲကိုတဲ့ ရှမဲ့လာ၊ ကိုက်ဗျာပါဆံပါလှတယ်၊ သားများမေလား"* ဟု တွေ့ရသည်။ ထို့ပြင် ရှေးသီချင်းတစ်ပုဒ်၌လည်း *"ဗျာပါဆံက တစ်ဘက်တစ်ဆုပ်၊* ***မုတ်ပုတီး***[၁]*က တစ်သွယ် နှစ်သွယ်"* ဟု ဆိုလေသည်။ မိဖုရားရှင်မင်း၏ သံဝေဂ လေးဆစ်သဖြန် ၌လည်း *"ဗျာကေကို သာခွေရုပ်ပါလို့၊* ***ခွံလျှော်တေ***[၂] *ဖန်ရေအုပ်ကယ်နှင့် လဲ့လုပ်ကဲ့ကြော့ဒေဝီမှာ၊ ယောဂီတို့ ကျင့်နည်း"* ဟူ၍ ကာရန်ငဲ့ပြီး "ဗျာကေ" ဟု

---

၁။ မုတ်ပုတီး = ပုလဲပုတီး။

၂။ ခွံလျှော်တေ = လျှော်တေသစ်ခွံ။

www.burmeseclassic.com

www.burmeseclassic.com



စပ်ခဲ့သည်။ ဖျာကေကား ဖျာပါရ–ကေသ ဟူသော ပါဠိစကားပင် ဖြစ်သည်။ မြန်မာလိုကား ဖျာပါဆံပင်တည်း။

## အမရပူရခေတ် အလှပြင်ပုံများ

ဦးတိုး၏ ရာမရကန်၌ *"နံ့သာသွေး၊ အမွှေးလောင်း၊ ပန်းပေါင်းစွက်၊ ကရမက်ရှာသူရှာ၊ နံ့သာနီဖြူ၊ ယူခဲ့သူ ထည့်သူ၊ ဆင်သူ ပြင်သူ၊ ဦးကာငင်ဆီလိမ်း၊ ဆံသိမ်းတုန်း၊ ခေါင်းဖြီးတုန်း၊ ကြွက်ကြွက်ဆူဦးတော့သည်၊ ဘရုန်းဘရင်းများ ရယ်၍"* ဟုလည်းကောင်း၊ ထို့နောက် *"တစ်ယောက်တစ်လှဲ့၊ ခနဲ့ရင်းများ၊ ခြေဆင်းလဲလူ၊ အသားဖြူ၊ အသားပြာ၊ အသားညို၊ အသားဝါ၊ နံ့သာကြောင်ကျား၊ ပွဲစားဖို့ကွမ်း၊ ဗန်းခင်းလို့ ယာတုန်း၊ ပန်းကုံးရင်းတချို့ တို့ဖတ် တို့ရောင်၊ ဆံစုပေါင်မှန်ပြင်၊ သက်တင်ရေးစ၊ ဖျာပါဆံများ ချလို့"* ဟူ၍ ထိုခေတ်က မိန်းမပျိုတစ်စု ဖီးလိမ်းဝတ်ဆင် အလှပြင်ပုံများကို စပ်ဆိုထားလေသည်။ ၎င်းစာတွင် "တို့ဖတ်" အသုံးလည်း တွေ့ရသည်။

## ဘကြီးတော်လက်ထက် (၁၁၈၁ - ၁၁၉၈)

မှန်နန်းရှင် ဘကြီးတော်မင်းကား၊ အင်းဝမြို့ဟောင်းကို လေးကြိမ်မြောက် တည်ထောင်သောမင်း ဖြစ်လေသည်။ ရာဇဝင်များ၌ ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီးဟူ၍လည်း ရေးသားကြသည်။ ထိုမင်းခေတ်ကား အမရပူရနှင့် အင်းဝ နှစ်မြို့စလုံးပင် သက်ဆိုင်လျက်ရှိချေသည်။

အချပ် ၁၄ ပုံသည် ဘကြီးတော်ခေတ်တွင် တွေ့ရသော အမျိုးသမီး တစ်ဦး၏ ဝတ်ဆင်ပုံ ဖြစ်လေသည်။ ၎င်းပုံသည် မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ်တည် ပုဂံဘုရားတစ်ဆူမှ ကူးယူခဲ့သော ပန်းချီကားဖြစ်၍၊ မျက်နှာပေါက် နှင့်တကွ ဝတ်ဆင်ပုံများသည်၊ ဘိုးတော်ခေတ်တွင် တွေ့ရသော ပုံများထက် မန္တလေးခေတ်ဘက်သို့ နီးလာလေသည်။ ဆံပင်ထုံးပုံ ဆံလျှော်ကျပုံများသည် ယခုခေတ်ဘက်သို့ပင် ယိုင်လျက်ရှိချေပြီ။ တဘက်ခြုံပုံများသည် အလှအယဉ်ထင် လုံခြုံသိပ်သည်းမှုဘက်သို့ ပါနေလေသည်။ အင်္ကျီ ထဘီ ဝတ်ဆင်ပုံကား ရတနာပုံ ခေတ်နှင့် မခြားတော့ပေ။ သို့သော် အင်္ကျီတွင် ရတနာပုံခေတ်မှာကဲ့သို့ ကုလားနို့ ခေါ် တွဲလောင်းကျနေသော ပိတ်စကလေး ၂ ခု မပါသေးချေ။

www.burmeseclassic.com

www.burmeseclassic.com






အမရပူရခေတ်

အချပ် - ၁၄

www.burmeseclassic.com

www.burmeseclassic.com



ၡင်းပုံနှင့်တွဲလျက် တစ်ကြောင်းဆွဲဖြင့် ဖော်ပြထားသော ပုံသည်လည်း ဘကြီးတော်ကောင်းမှု၊ တောင်မြို့ ပုထိုးတော်ကြီးစဥ့်ကွင်းမှ ကူးယူထားသောပုံ ဖြစ်သည်။ ထိုပုံ၌ တွေ့ရသော အင်္ကျီဝတ်ဆင်ပုံသည် ဆေးရေးကားနှင့် မတူလှပေ။ သို့သော် ဘိုးတော်ဘုရားလက်ထက်တွင် အင်္ဂလိပ်ပန်းချီဆရာများ ရေးဆွဲခဲ့သော ဝန်ကတော်ပုံများ၌ တွေ့ရသည့် အင်္ကျီနှင့်တူလေသည်။ ဆံထုံးပုံမှာ ဘိုးတော်ခေတ်တွင် ထုံးနှောင်သကဲ့သို့ မူမပျက်လှသေးပေ။

## ယောကျ်ားများ၏ အဝတ်အစား

ဘကြီးတော်ခေတ်တွင် ယောကျ်ားများ ဝတ်ဆင်ပုံမှာ၊ ဘိုးတော်ခေတ်တွင် ဖော်ပြခဲ့သောပုံများအတိုင်း ဝတ်ဆင်ကြလေသည်။ ၁၁၈၆ ခုနှစ်တည် ပုဂံဘုရားတစ်ဆူ၌ ယောကျ်ားများတွင် ရဲကွက်ပုဆိုးများ ဝတ်ဆင်ကြသည်။ ခါးတောင်းကျိုက်သောပုံများ၌ ထိုးကွင်းများပင် ပါရှိလေသည်။ ဤတွင် ထိုးကွင်းပုံများကို မြန်မာပန်းချီကားများ၌ စတင်တွေ့ရလေသည်။ ထိုးကွင်းဗဟုသုတကိုကား အခန်း ၄ တွင် သီးခြားဖော်ပြခဲ့ပေပြီ။

## ပုသိမ်ပဝါအသုံး

ဘကြီးတော်လက်ထက်ရေး ဗုံကြီးသံတွင် *"ပုသိမ်ထည်ပဝါနှုနှင့်၊ ကျေးဥ ရွှေရုပ် ခေါင်းပေါ်တင်၊ ခမောက်ရွှေလက်ဝါးရယ်၊ နွားစအုငင်"* ဟူ၍လည်းကောင်း၊ ရွှေဘိုကောက်စိုက်သံတွင် *"ကွယ်လေးရဲ့မင်ကြောင် ဘယ်မှောင်မှာထိုး၊ ဘေးနဂါး လိမ် ပုသိမ်ခင်းလို့ မှောင်တွင်းမှာထိုး"* ဟူ၍လည်းကောင်း၊ နန်းမတော် မမြကလေး ရေး ဒွေးချိုးတွင် *"ဆင်ဘောင်းတော် ရွှေပုသိမ်နှင့် လာချိန်တန်ပေါ့"* ဟူ၍ ရှိသည်။ ထိုအခါက ပုသိမ်မြို့သည် သင်္ဘောဆိပ်မြို့ဖြစ်၍ နိုင်ငံခြားမှ ပိုးထည် ဖဲထည်များ ရောက်ရှိလာသည်။ သင်္ဘောဆိပ်ကို အစွဲပြု၍ ပုသိမ်ထည်၊ ပုသိမ်ပဝါ တွင်ခြင်းဖြစ်လေသည်။ ဦးပုညကလည်း *"လက်ပေါင်းငယ်မှန်၊ အဝါခံ ပုသိမ်စစ် ကိုမှ၊ သည်ခေတ်တွင် သူမခြုံလို့၊ မူတစ်ဖုံဆန်း"* ဟူ၍ ပဒုမပေါင်တိုဇာတ်တွင် ရေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပူပုံထုံး

မြန်မာသက္ကရာဇ် ၁၂၀၇ ခုနှစ် (ရွှေဘိုမင်းလက်ထက်) ပြည်မင်းသားနှင့် ကြိုရာပါဆို၍၊ အနောက်နန်းမတော် မမြကလေးမှာ မယ်တော် မယ်အိနှင့်အတူ ရာဇဝတ်တော်သင့်လေသည်။ ၁၂၀၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့တွင် အနောက်တံခါးမှ ထုတ်တော်မူသည်။ မမြကလေးမှာ စိတ်တော် ငြိုငြင်ခိုက် ဘီးနှင့်ရောစ၍ ကပိုကရိုထုံးပုံကို တစ်မျိုးကြည့်ကောင်းသည်ထင်၍ ရွှေမြို့တော်သူတို့သည် "ပူပုံထုံး" အမည်ဖြင့် အတုယူ၍ ထုံးကြလေသည်။

ဤပူပုံထုံးသည် အင်းဝခေတ်တွင် ရှင်မြတ်လှက အစပြုသော ဗျာပါဆံကဲ့သို့ ချောမောလှပသူတို့က အစထွင်သော ဖက်ရှင်များ ဖြစ်လေသည်။ ဆံထုံးပုံ ၂ မျိုးစလုံးပင် ပူပင်သောကနှင့် မကင်းသော ဆံထုံးများ ဖြစ်လေသည်။ သို့သော် ချောမောလှပသူများက အစထွင်လျှင် ခေတ်မီရမည်မှာ ဓမ္မတာလို ဖြစ်နေပေသည်။

ပူပုံထုံးအစပ်ကား စလင်း ဦးမြတ်သာထွန်းရေး၊ ဟေမဝန်ဘွဲ့ ရှာပုံတော်ကြီးတွင် *"ကောသာရစ်ရုံ၊ ရွှေဆံပါင်၊ ပူပုံငယ်ထုံး၊ ထွာသုံးတောင်ပိတ်၊ ကေသီမြိတ်၊ ဆိတ်ကယ်မျှပင်၊ မပြင်ချင်"* ဟူသော စကားဖြင့် သိရသည်။

■

www.burmeseclassic.com

အမရပူရခေတ်- အိမ်ထောင်စုံ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

## ရတနာပုံ မန္တလေးခေတ် (၁၂၁၄-၁၂၄၇)

ရတနာပုံ မန္တလေးခေတ်သို့ ယခုမှ ပြန်လည်ရေတွက်သော် အနှစ် ၅၀ ကျော်နှင့် ၈၀ အတွင်းသာ ရှိသေးသဖြင့်၊ ထိုခေတ်၏ ပြုမူဝတ်ဆင်ပုံများကို ယခုတိုင်အောင်ပင် တစ်စိတ်တစ်ဒေသ တွေ့မြင်နိုင်ပေသေးသည်။ ယခုအခါ ပွဲနေပွဲထိုင်များ၌ တွေ့မြင်ရသော အမျိုးသမီးအချို့၏ ဝတ်ဆင်ပုံများသည် ဆံထုံးပုံမှတစ်ပါး ရှေးခေတ်အဝတ်အစားအတိုင်းပင် တွေ့မြင်နိုင်လေသည်။ အချပ် ၁၅ ပုံသည် နန်းတွင်းသူတို့၏ ဝတ်ဆင်ပုံမျိုးဖြစ်၍ အချပ် ၁၆ ပုံသည် အရပ်သူတို့၏ အဆင်အပြင်မျိုးဟု ယူဆရလေသည်။ ထိုအရပ်သူတို့၏ အဆင်အပြင်မျိုးကို မန္တလေးပျက်ပြီးနောက် အနှစ်နှစ်ဆယ် အစိတ်အတွင်းထိပင် တည်မြဲနေပေသေးသည်။ မန္တလေးမြို့ မဟာမုနိအုတ်တန်ဆောင်းများ၌ ရေးခြယ်ထားသော ပန်းချီကားများသည် မန္တလေးခေတ် အခြေအနေပင် ဖြစ်လေသည်။

## ဘိုးဝဇီရ၏ မန္တလေးသူများ

မန္တလေးသူများ၏ အဆင်အပြင်မျိုးကို ရတနာပုံသတင်းစာဆရာ ဘိုးဝဇီရက တောပု ဘုရားပွဲသတင်းမှနေ၍ ဤသို့ ရေးပြခဲ့၏။ *"နွဲ့နှောင်းညို့စင်၊ အပျိုခင်တို့၊ ဟိုခွင်တိုင်းဖြစ်၊ လှိုင်းရစ်ဆန်းပုံ၊ ကွမ်းတုံ့စက်ချိတ်၊ ကွက်မိုတ်ကွက်လှဲ*

www.burmeseclassic.com

www.burmeseclassic.com



*ဖက်ကဲ့ရွှန်းလျှံ၊ လွှမ်းပျံ့ကိုက်ဆင့်၊ ပိုက်နှင့်ဗလာ၊ ပြုချက်မှာ၊ သူ့ထက်ငါ ညာမြေ ဘောင်၊ ရှာဖွေဆောင်၊ သာလေအောင် ဝတ်ထဘီ၊ အင်္ကျီက ငွေပွင့်ထိုး ရွှေဆင့်ကြိုး နှစ်ထပ်လိမ်၊ နဂါးပတ်အိမ် သန္တာပေါက်၊ ဇာပြောက်က အဆန်းဆန်း၊ အခန်းခန်း ပျံ့ပြောကြွယ်၊ အံ့သြဖွယ်ပဝါများမှာ၊ အသားကောင်း အပါးကောင်း၊ အများဒေါင်း အဖိုးတန်၊ အမျိုးမှန်အဆင်ထပ်၊ ကြင်ခပ်နှင့် ရောင်ရှိန်ဖဲ၊ ပြောင်ထိန်ကဲ ကွမ်းတုံ ဆန်း၊ ပန်းတဲ့ကာ ရန်းတဲ့ကာ၊ သန်းလဲ့ပြာ မှုန်ညက်တို့ စုံမက်ဖွယ် ဆင်မြဲ နုံ့သာငွေလွှင်မှုံကို၊ ယဉ်ရုံသာ သူတို့၍၊ မှုနဂိုရ်မျက်နှာထားနှင့်၊ တစ်ဖက်သားမြင်သူ တို့၊ ဘွင်ဆူလောက်စရာ၊ နော်ဇာနှင့် ရွှေလည်ကပ်၊ ခွေရှည်တပ် ကျောက်ကြိုး၊ နေခြည်ဟပ်ပြောက်ထိုးက၊ တောက်နီးလု ရည်ပေါ်သစ်၊ ပြည်တော်ဖြစ် မန်းနွယ်၊ ဆန်းကြွယ်သော စိန်မြခံ၊ ထိန်ပလျှံ ဆွဲပုတီးကလည်း၊ ဂုဏ်ခြီးလို့မပြောနိုင်၊ အဆိုင်ဆိုင် ဝတ်စားလျက်”* ဟူ၍ တောပု ဘုရားပွဲသွား မန်းသူများကို ပန်းချီဆေးစုံ ခြယ်လှယ် သကဲ့သို့ ရေးထားလေသည်။

ငင်းပြင် *“ရွှေပယင်းရယ်နှင့်၊ ဝေဝင်းလို့ဝါ၊ လေညှင်းငယ်လာ၊ ရွှေဟသာ ပျံသင်စလိုပ၊ ဟန်ပြင်ကြအမှုပွေသည်၊ ဆံစုတွေ ရုံနှောင်ဖုံးပါလို့၊ မြန်အောင်ထုံး လမ်းပေါ်မြူတယ်၊ နန်းတော်သူ ကြာစကားတွေနှင့် မံဘုရားကြွားလို့ဝါ၊ ငှားခဲ့တာ ကွမ်းတုံချိပ်ကယ်နှင့်၊ ကမ်းကုန်နိုပ် ပေါင်ပါလံအောင်၊ မောင်သာဇံ စွန်တောင်ဆွဲ သည့်နှယ်၊ လွန်အောင်ပဲ ဘုရားလယ်သည်၊ ငါးသယ်ရှူးတဲ့သင်းပေလေး”* ဟူ၍ မန္တလေးသူတို့ ဝတ်ပုံ စားပုံကို စပ်ဆိုထားလေသည်။ ထိုကဗျာအရ မန္တလေးခေတ် တွင် မြန်အောင်ဆံထုံးများ ခေတ်စားခဲ့ဟန် တူပေသည်။ *“ကမ်းကုန်နိုပ်၊ ပေါင်ပါ လံအောင်၊ မောင်သာဇံ စွန်တောင်ဆွဲသည့်နှယ်”* ဟူသော စကားဖြင့်လည်း ရှေးထဘီများသည် ခတ်ကြမ်းကြမ်းလှမ်း၍ မသင့်ကြောင်း သိရသည်။ ထို့ကြောင့် လည်း စလေဆရာကြီး ဦးပုညက *“နုနုကလေးလှအောင်လို့၊ ရှူရှူကလေး လှမ်းတဲ့ မေ”* ဟူ၍ ရေးခဲ့ခြင်း ဖြစ်လေသည်။

ထို့ပြင် *“အပျိုကညာစင်၊ ကြာငါးအင်နှင့်၊ အရွယ်မှာစစ်၊ ဆယ့်ငါးနှစ်၊ သွားကျစ်ငွေရောင်၊ ဆံတောင် ဇျာဆံပြွတ်၊ ဖိနပ်မှာဘိန်း၊ အစိမ်းမှာ သဲကြိုးနီ၊ ထဘီမှာ ပန်းစိမ်း၊ အင်္ကျီမှာ စရန်တာ၊ ပဝါကြီးတစ်ဘက်၊ လက်ျာဘက် ညာပခုံး က၊ ရုံးကာ ရုံးကာ အသာတင်၊ ဆံကေရှင် ထုံးနှစ်ဘက်လည်း အရောင်ပက်ကာ ကရော၊ စိန်ဘက်တဲ့ဒါလီ၊ သာစွာရောင် ငွေခြေကျင်းနှင့်၊ မနင်းတစ်ခါ နင်းတစ်ခါ”*

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



ရတနာပုံ မန္တလေးခေတ်က ခေတ်ဆန်သူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တွေ့ရပြန်သည်။ ဤမျှလောက်သော စာပေအကိုးအကားဖြင့် မန္တလေးခေတ် ဝတ်ဆင်ပုံများကို ခန့်မှန်းနိုင်လောက်ပေပြီ။

## မန္တလေးခေတ် ဗျာပါဆံ

မန္တလေးခေတ် ဗျာပါဆံမှာ အချပ် ၁၅ နန်းတွင်းသူပုံတွင် တွေ့မြင်ရသည့်အတိုင်းပင် ဖြစ်လေသည်။ ထို့ပြင် အချပ် ၈ ဓာတ်မင်းသမီး မထွေးလေး၏ ဗျာပါဆံလည်း မန္တလေးခေတ်တွင် တွေ့ရသော ဗျာပါဆံပုံပင် ဖြစ်လေသည်။ ၎င်းပြင် မန္တလေးခေတ်ပေါ် ရုပ်လုံးများ၊ ပန်းချီကားများ၌လည်း ဗျာပါဆံနှင့်ပင် ပြုလုပ်ရေးခြယ်ကြလေသည်။

ဗျာပါဆံနှင့် ပတ်သက်၍ စလေဆရာကြီး ဦးပုညကလည်း လူပျိုလှည့်သည်ဟု သမုတ်သည်ကို ဖြေရှင်းသော မေတ္တာစာ၌ *"ဘုန်းကြီးကျိုက်၊ မင်းကျိုက်၊ ကာလသားများနှင့် လားလားမျှ မထိုက်၊ ဗျာဆံဝိုက် ဗျာဆံခါ"* ဟူ၍ ရေးခဲ့လေသည်။ မန္တလေးခေတ်ပေါ် ကောက်စိုက်သံတစ်ပိုဒ်၌လည်း *"ကျွဲခတ်သည့်ဟန်၊ ချ–ဗျာဆံ စုံပါးရိုက်ကို၊ ခါလိုက်ချည့် တို့အပျိုမှာ၊ ယဉ်နဂိုရ် မူကြစို့"* ဟူ၍လည်း လမိုင်းသူတို့၏ ဗျာပါဆံကို တွေ့ရှိရလေသည်။

## ခေါင်းပေါင်းဖြူ ဖော့လုံး

ယောကျာ်းများ၏ ဝတ်ဆင်ထုံးဖွဲ့မှုအချို့ကို တိုးတက်ရေးမဂ္ဂဇင်း (နံပါတ် ၅၄) ဦးမောင်မောင်တင် ကေ–အက်စ်–အမ်, အေ–တီ–အမ်–ရေး ခေါင်းပေါင်းဆောင်းပါးမှ ကောက်နုတ်ဖော်ပြလိုပေသည်။ ထိုဆောင်းပါးတွင် မန္တလေးခေတ်က နန်းတော်သားများ ခေါင်းပေါင်းပုံ၊ ပုဆိုးတောင်ရှည် ဝတ်ပုံမှစ၍ ယခုခေတ်တွင် ခေါင်းပေါင်း ဘယ်ချ၊ ညာချသူများ၏ စာရင်းပါ စုံလင်လှပေသည်။ သို့သော် ဤစာတမ်းတွင် မန္တလေးခေတ်နှင့် ဆီလျော်ရာကိုသာ ရွေးထုတ်၍ အတိုချုပ်အားဖြင့် ဖော်ပြလိုပေသည်။

ခေါင်းပေါင်းဖြူ ဖော့လုံး

နန်းတော်သားတို့အနက် ကွမ်းရည်တော်၊ လက်ဖက်ရည်တော်၊ ဖိနပ်တော်တို့မှာ ပုဆိုး၊ ခါးပုံထိုးဝတ်ဆင်၍ ခါးစိုက်အင်္ကျီခေါ် ထိုင်မသိမ်းအင်္ကျီကို ဝတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် ခေါင်းပေါင်းဖြူ ဖော့လုံး၊ ဆင်က၊ နရန်းထုတ်၊ တစ်စထောင် ပေါင်းကြ၍ ဆန်အိတ်ကျသွင်ပာန်မှာ အင်မတန်သိုက်မြိုက်ပေသည်။ ဤကာလက ကွမ်းရည်တော်တို့တွင် သက်ပန်းမောင်မောင်ကြီး၊ လက်ဖက်ရည်တော်တို့တွင် ပထမတောင်သမန်လယ်စား မောင်ဘိုးကြီး၊ ဖိနပ်တော်တို့တွင် မောင်မောင်ဂျင်တို့သည် ခေါင်းပေါင်းဖြူ ဖော့လုံးအပေါင်း၌ အကောင်းဆုံး အတတ်ကျွမ်းဆုံးဟူ၍ ကျော်စောကိတ္တိရှိကြသူများ ဖြစ်သည်။ ခေါင်းပေါင်းဖြူပေါင်းနည်းကား အလွန်ခဲယဉ်းသည်။

ခေါင်းပေါင်းဖြူနှင့် တံခါးနီ

မြန်မာဘုရင်မင်းမြတ် ရှိတော်မူစဉ်ကာလက ရွှေနန်းတော်တံခါးနီအတွင်းသို့ ဝင်လျှင် မည်သည့်အရာရှိ အမှုထမ်းမဆို ခေါင်းပေါင်းဖြူကို ပေါင်းရသည်။ ခေါင်းပေါင်းဖြူ ပေါင်းလျက် မပါလျှင် ဘယ်အရာရှိမဆို တံခါးနီက ဝင်ခွင့်မရ၊ ဤစဉ်ကာလ ခါသမယက နန်းတော်၊ အိမ်တော်၊ လွှတ်တော်၊ ရုံးတော်၊ ဌာနများတွင် ခေါင်းပေါင်းဖြူချင်း ထွေး၍ အယဉ်အကျေး တဖွေးတည်းဖွေးလျက်ရှိသောဟူ၏။

ခေါင်းပေါင်းဖြူ ပေါင်းနည်း အမျိုးမျိုး

ဤစဉ်အခါက ခေါင်းပေါင်းဖြူ ပေါင်းနည်းမှာ မင်းညီမင်းသားပေါင်း၊ ဝန်ကြီး၊ ဝန်ထောက်မှစ၍ လွှတ်ရုံး ငါးရပ်ပေါင်း၊ နန်းတော်သားပေါင်း၊ စာရေးစာချီပေါင်းဟူ၍ အမျိုးမျိုးရှိကြရာ မင်းသားပေါင်း၊ ကွမ်းရည်တော်ပေါင်း၊ လက်ဖက်ရည်တော်ပေါင်း၊ ဖိနပ်တော်ပေါင်းတို့မှာ တစ်စထောင် ဘေးနရန်းဆင်က ထုတ်၍ ဖော့လုံးပေါင်းကြသည်။

လွှတ်တော်၊ ရုံးတော်၊ အရာရှိတို့မှာ ခေါင်းပေါင်းနှစ်စ အညီထောင်၍၊ ၎င်းနှစ်စကို ခပ်ထပ်ထပ်ထားပြီးလျှင် ဆင်ကနရန်းမပါဘဲ တစ်မျိုးအားဖြင့် ရိုးရိုးပေါင်းကြသည်။ စာရေးစာချီတို့မှာ ခေါင်းပေါင်းဖြူပါလျှင် ပြီးရောဆိုသလို ခပ်လိမ်လိမ် ကျစ်၍ နဖူးထက်၌ ရစ်ပြီးလျှင် တစ်စ တိုရှည်ဖြစ်သလို ပေါင်းကြသည်။

၎င်းပြင် မြန်မာမင်းတို့ ထီးနန်းရှိစဉ်ကာလက ပဝါစကို လကျ်ာက ထုတ်၍ ပေါင်းလျှင် ဘုန်းကြီးလူထွက်ပေါင်းဆို၍ အချင်းချင်း လက်တို့ကာ ပြုံးရယ်ကြသည်။ အမှန်ကား ပဝါစကို လက်ဝဲမှ ချရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



ရှေးအဝတ်အစား

အချပ် - ၁၆

www.burmeseclassic.com

www.burmeseclassic.com



## ပုဆိုးတောင်ရှည်ဝတ်ပုံ

ပုဆိုးတောင်ရှည် ဝတ်ဆင်ပုံနည်းလမ်းရှိသည်ကို သိသူမှ သိကြသည်။ အချို့ကလည်း ပုဆိုးတောင်ရှည်ကို နှစ်ပိုင်းဖြတ်၍ လုံကွင်းချုပ်ပြီးလျှင် တစ်ကွင်းကို ခါးမှာ စည်းပြီး၊ တစ်ကွင်းကို ခါးပုံထိုး၍ ရုံးတက်ကြသည်။ ရုံးသို့ရောက်လျှင် ခါးပုံထိုးသည့် လုံချည်ကို ခေါက်၍ထားသည်။ တစ်နည်းမှာ ပုဆိုးတောင်ရှည် တစ်ပိုင်းကို ခါးတွင်စည်း၍ တစ်ပိုင်းကို ခါးပုံထိုးလိုက်ပါက နည်းလမ်းကျသည်ဟု ထင်ယူကြလေသည်။ ၎င်း ၂ မျိုးလုံးပင် ပုဆိုးဝတ်ပုံ၊ ဝါ–ပုဆိုးစည်းပုံ နည်းလမ်း ကျသည်ဟု မဆိုထိုက်သေးပါ။

နှစ်ဘက်လှ အမရပူရ ရက် ပိုးဗလာပုဆိုးနှင့် ဗန်ကောက်ပုဆိုးတို့ကို ဝတ်ဆင်နည်းတစ်မျိုး၊ တစ်ဖက်လှ လွန်းများပုဆိုး၊ စပ်ပုဆိုး၊ အမရပူရရက် နှတ်လေးလွှားပုဆိုးများကို ဝတ်ဆင်နည်းတစ်မျိုး၊ ဤကဲ့သို့ နှစ်မျိုးနှစ်စားရှိရာ နှစ်ဘက်လှ ပုဆိုးကို ဝတ်ဆင်သည့်အခါ အတွင်းသွင်းဝတ်သည့် ပုဆိုးအိတ်ထောင့် ကို လူဘက်သို့လှည့်ပြီးလျှင် ကျန်အိတ်ထောင့်တစ်ဘက်ကို လက်ဝဲဘက်သို့ လှည့် ထားလျက် ပုဆိုးအလယ်ချုပ်ရိုးကြောင်း တည့်တည့်က ကိုင်ပြီးမှ အလိုရှိသလောက် ချိုး၍ ခါးပုံထိုးလိုက်လျှင် ပုဆိုးစွန်တောင်နှင့်တကွ ရှေ့ခါးပုံစတို့ နေရာတကျ ဖြစ်လေ၏။

တစ်ဘက်လှဖြစ်သည့် ကြိုးပုဆိုး၊ စပ်ပုဆိုး၊ ဖဲပုဆိုးတို့မှာ အလှဘက်ပြင် ထား၍ ဆီးပြီးကာလ၊ ကျန်အိတ်ထောင့် တစ်ဘက်ကို လကျာ်ဘက်သို့ လှည့်ထား လျက် ပုဆိုးအလယ်ချုပ်ရိုးကြောင်းတည့်တည့်က ကိုင်ပြီးမှ အလိုရှိသလောက် ချိုး၍ ခါးပုံထိုးလိုက်လျှင် ပုဆိုးစွန်တောင်မှာ အလိုက်သင့် မဖြစ်ဘဲ ရှိနေလိမ့်မည်။ အလိုက်သင့်ဖြစ်အောင် ပုဆိုးအိတ်ထောင့်ကို လက်ဝဲဘက်လှည့်နေစေရန် လှန်လိုက် လျှင် မလှဘက် ပြင်ကနေမည်ဖြစ်သဖြင့်၊ တစ်ဘက်လှပုဆိုးမှာ ဤနည်းအတိုင်းသာ ဆီးရသည်။

## ဂျေ – ဂျော့ စကော့ စုဆောင်းခဲ့သော မြန်မာပုဆိုးအမည်များ

ဂျေ–ဂျော့ စကော့ (J.George Scott.) ရေးသားသော၊ ဘားမားဂေဇက် တီးရား (Gazetteer Part I, Vol. II) တွင် မြန်မာပုဆိုးအမည်များကို စုဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထားလေသည်။ ၎င်းစာရင်းသည် ဝတ်ဆင်ထုံးဖွဲ့မှုကို စိတ်ဝင်စားသူတို့အဖို့ အသုံးဝင်လှပေသည်။

## ပုဆိုး - ထဘီ - အဆင် အမည်

| အမျိုးကြီး | အမျိုးစု |
|---|---|
| ဇလာ | ၃၇ |
| အချိတ် | ၃၀ |
| ကိုက် | ၁ ပန်းစုံကိုက် |
| စပ် | ၁ ပန်းဆင်စပ် |

ဇလာပုဆိုး၊ ဇလာထဘီ အဆင်အမည်

၁။ စောင်းတော်ပိုက်၊ ၂။ လေးပွင့်ဆိုင်၊ ၃။ ပေါင်တူစင်း၊ ၄။ ပေါင်ဖို၊ ပေါင်မ၊ ၅။ ရဲစင်း၊ ၆။ တစ်ကြောင်းထိုး၊ ၇။ လောကဓာတ်၊ ၈။ နဒီ၊ ၉။ နဒီအံကွဲ၊ ၁၀။ ပတိန်းဆင်၊ ၁၁။ နှစ်ကိုယ်တွေ့၊ ၁၂။ ဆောင်တော်ကူး၊ ၁၃။ ရွှေဘိုရိုး၊ ၁၄။ ရွှေဘိုနန်းသိမ်း၊ ၁၅။ ရွှေဘိုထိပ်တင်၊ ၁၆။ တိမ်ခိုးစင်၊ ၁၇။ ကွက်တုံး၊ ၁၈။ စလွယ်စင်း၊ ၁၉။ အဝါစင်း၊ ၂၀။ လိမ္မော်စင်း၊ ၂၁။ ရဲကွက်၊ ၂၂။ လိမ္မော်ကွက်၊ ၂၃။ အဝါကွက်၊ ၂၄။ ၂ထပ်လောကဓာတ်၊ ၂၅။ လောကဓာတ်အံကွဲ၊ ၂၆။ သံပတ်ဆင်၊ ၂၇။ ငွေပန်းဆင်၊ ၂၈။ ဒေဝီစင်း၊ ၂၉။ ကျောက်စိမ်းစင်း၊ ၃၀။ မရမ်းစင်း၊ ၃၁။ ဒေါနစင်း၊ ၃၂။ ဘုံဘိုင်ဆင်၊ ၃၃။ ရာသက်ပန်၊ ၃၄။ အဖြူကွက်၊ ၃၅။ ဖူးညိုဆင်၊ ၃၆။ ပတ္တမြားဆင်၊ ၃၇။ ဖရဲအုဆင်။

အချိတ်ပုဆိုး၊ အချိတ်ထဘီ အဆင်အမည်

၁။ မြို့ရေ့ကြီး၊ ၂။ မြို့ရေ့ကွဲ၊ ၃။ ကာလိတ်ဝဏ္ဏ၊ ၄။ ကြက်မီး၊ ၅။ ကြိုးကြီး၊ ၆။ စိန်နဘန်၊ ၇။ သုံးစင်းပန်းဝတ်၊ ၈။ စိန်တိုင်စင်။ ၉။ အတွင်းဆင်၊ ၁၀။ ကုလားပန်း၊ ၁၁။ စိန်တစ်ခက် မြတစ်ခက်၊ ၁၂။ နှစ်ပွင့်ခိုင်၊ ၁၃။ လိပ်ပြာဆင်၊ ၁၄။ ရဲချိပ်၊ ၁၅။ ကျေးတရာ၊ ၁၆။ စာတိုးဆင်၊ ၁၇။ ကြာသား ကြာခိုင်၊ ၁၈။ ရွှေတဆုပ် ငွေတဆုပ်၊ ၁၉။ ရှစ်ပွင့်ဆိုင်ကြိုးကြီး၊ ၂၀။ ခုနစ်အိမ်ဆင်၊ ၂၁။ ကြိုးကြီးထိပ်ခေါင်တင်၊ ၂၂။ ရဲစင်းပန်းဝတ်၊ ၂၃။ သုံးစင်းနဝတတ်၊

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



ရတနာပုံခေတ် အပျိုချောတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



၂၄။ ဆောင်တော်ကူးဆင်၊ ၂၅။ ဒင်္ဂါးပန်း၊ ၂၆။ ဖယောင်းပန်း၊ ၂၇။ ကျွဲချိုကိုက်၊ ၂၈။ တောင်ထိပ်ပန်း၊ ၂၉။ ဖီလာချိပ်၊ ၃၀။ ကိုက်ချိပ်။

ဤကား ဂေဇက်တီးရာမှ တွေ့ရသော မြန်မာပုဆိုး မြန်မာထဘီတို့၏ အဆင်အမည်များတည်း။ လက်ပံစည်မိဖုရားကျောင်း ဆုတောင်းစာ၌ *"ကောဇ္ဇမ္ဗရ၊ ပဋ္ဋုဏ္ဏက၊ ခေါမ,ရောမ၊ သောဠသဖြစ်၊ ထည်သစ်အုပ်မျိုး၊ ပုဆိုးပန်းပန်ပဲ၊ တင့်ကဲဆန်းပြား၊ လွန်းများထဘီ"* စသည်ဖြင့် ရတနာပုံ မန္တလေးခေတ် ကောင်းစားစဉ်က နိုင်ငံခြားဖြစ် အထည်အလိပ်များ အသုံးပြုကြောင်း တွေ့ရသည်။ ၎င်းပြင် မင်းတုန်းမင်းတရားကြီး လက်ထက်တော်၌ တည်လုပ်သော စက်ရုံတော် ၅၀ ကျော်အနက် ထည်မျိုး အုပ်မျိုး ရက်လုပ်သော ရက်ကန်းစက်ရုံတော်များလည်း ပါဝင်လေသည်။ မဲနယ်စက်ရုံတော်တစ်ခုကိုလည်း အမရပူရမြို့ဟောင်းအတွင်းမှာ တည်လုပ်ခဲ့လေသည်။ ထိုအထောက်များသည် မန္တလေးခေတ်တွင် အဝတ်အစားနှင့် ပတ်သက်၍ တိုးတက်ခဲ့သော သက်သေခံများပင် ဖြစ်လေသည်။

## ကုန်းဘောင်ခေတ် နိဂုံးချုပ်

ရှေးအခါက ဝတ်ဆင်ထုံးဖွဲ့မှုများ စည်းကမ်းကြီးလှပေသည်။ ငွေကြေးတတ်နိုင်သည်ဆို၍လည်း၊ ယခုခေတ်မှာကဲ့သို့ ဝင့်ဝါနိုင်သည်မဟုတ်။ မိမိတို့အတန်းအစားအလိုက် ထိုက်တန်သမျှသာ ဝတ်ဆင်သုံးဆောင်ကြရသည်။ အောက်တွင် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းမှ ကောက်နုတ်ဖော်ပြထားသော ရှေးခေတ်အဝတ်အစား အသုံးအဆောင်များသည် မြန်မာတို့ စည်းကမ်းရှိမှုကို သိရှိနိုင်ပေသည်။

ရှေးအခါက အဝတ်အစားမှာလည်း ယခုကဲ့သို့မဟုတ်၊ တင့်တယ်လှပသည်မဟုတ်၊ အဖိုးလည်းတန်ရုံ၊ လူဂုဏ်နှင့်လိုက်၍ ထိုက်ရာ သုံးဆောင်ကြပုံများ။

အမြင့်တန်းကျသူများမှာ အစားအသောက်ထည့်ရန် လူတွင် ဝတ်ဆင်ရန်၊ ဆင်, မြင်း, နွား စသော ယာဉ်များတွင် တပ်ဆင်ရန်ရှိသမျှ ထွေထွေရာရာ ရွှေကိုသာ အသုံးပြုကြသည်။ အဝတ်အထည်မှာလည်း အခြားနိုင်ငံဖြစ် ပိုး၊ ဖဲ၊ ပုစွန်ဆီ၊ ကတ္တီပါ စသော အထည်အလိပ် မြန်မာနိုင်ငံဖြစ်ပိုးထည်များကို အသုံးပြုကြသည်။ အထက်တန်းကျသူများမှာ အခမ်းအနားဝင် မင်းပေးအသုံးအဆောင်များမှာ မိုးကြိုး၊ ငွေကို လုပ်သော အသုံးအဆောင်၊ ယွန်းထည် အသုံးအဆောင်၊

www.burmeseclassic.com

www.burmeseclassic.com




မြေထည် အသုံးအဆောင်များပါ နေရာလိုက် ထိုက်သက်ရာ အသုံးပြုကြသည်။ အဝတ်အထည်များမှာ ပိုးသက်သက်သော်လည်းကောင်း၊ ချည်နှင့်ပိုး ၂ မျိုးစပ်သော်လည်းကောင်း၊ အသုံးပြုကြသည်။ အလတ်တန်းကျသူများမှာလည်း ဆိုခဲ့သည့်နည်းပင် မင်းပေးသည့် အသုံးအဆောင်မှတစ်ပါး အခြားအချက်များမှာ ငွေထည်၊ ကြေးထည်၊ သံထည်၊ ယွန်းထည်၊ မြေထည်များပါ နေရာလိုက် ထိုက်သက်ရာ အသုံးပြုကြသည်။ အဝတ်အထည်များမှာ ချည်နှင့်ပိုး ၂ မျိုးစပ်သော်လည်းကောင်း၊ ချည်ချောနံကြီးသော်လည်းကောင်း အသုံးပြုကြသည်။ အောက်တန်းကျသူများမှာလည်း ဆိုခဲ့သည့်နည်းပင်၊ မင်းပေးအသုံးအဆောင်များမှတစ်ပါး၊ အခြားအချက်များမှာ ကြေးထည်၊ သံထည်၊ ယွန်းထည်၊ မြေထည်များပါ နေရာလိုက် ထိုက်သက်ရာ အသုံးပြုကြသည်။

၁၁၆၄ ခုနှစ်အတွင်း၊ ဟင်္သာတနယ်က ရှာခေါင်းတစ်ဦးကို၊ ရွာသားများက ကြေးတွက်သော အမှုတစ်မှုတွင် ထိုရွာခေါင်းသည် သင်းပိုင်လျှာ ဖျင်ချောကို ပေါင်းခြင်း၊ ကြာခံ ဒေါင်းလန်းကို စားခြင်း၊ အိမ်မှာ နေရောင်ကာထည့်၍ ဆောက်ခြင်းများနှင့် မယား ၂ ယောက်ယူခြင်း စသော ရွာခေါင်းနှင့်မတန်သော အပြုအမူကို လုပ်သည့်အတွက် ကြေးငွေ အကုန်အကျများသော မတရားသဖြင့် ရွာသားများအပေါ် ကြေးခွဲခြင်း၊ ဆန်ခွဲခြင်းကို ပြုသည်ဟု စွဲဆိုဖူးသည်။ ကြေးဆိုသည်ကား ခဲပုပ်ကို ဆိုလိုသည်။ ထိုအခါက ခဲကို သုံးစွဲကြ၍ ခဲကိုပင် ကြေးဟုလည်းကောင်း၊ ကြီးဟု လည်းကောင်း ခေါ်ကြသည်။

ဤကား ရှေးခေတ် အခြေအနေတည်း၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် သီပေါမင်း ရတနာဂီရိသို့ ပါတော်မူပြီးနောက် မန္တလေးခေတ်အပျက်တွင် ရှေးက ယဉ်ကျေးမှု၊ သိမ်မွေ့မှုနှင့်၊ စည်းကမ်းကြီးမှုတို့သည် နိုင်ငံခြား အတုအပများ တစ်စစ ဝင်ရောက်လာမှုကြောင့် ပျက်စီးရလေတော့သည်။ ထို့ကြောင့် ဆရာဘေက *"မြန်မာတွေ စည်းကမ်းဖောက်၊ ထီးနန်းပျောက်ဖြစ်ပြီ၊ မီကွန်းထောက် အသစ်တည်၊ ညစ်ပလီလူမျိုး။ မိပစ်လို့ ဘရှောင်သွေ၊ ဝကောင်တွေ ဖြစ်ကုန်ပေါ့ဗျိုး"* ဟု တေးစီခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံမန္တလေးနောက်ပိုင်းခေတ်တွင်
ဤပုံတွင်ပါသည့်အတိုင်း အောက်ခံအင်္ကျီမဝတ်ဘဲ ရင်စည်းပဝါစည်းထားပုံ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## ခေတ်သစ်ချိန် (၁၂၄၇ - ၁၃၀၃)

၁၂၄၇ ခုနှစ်သည် ခေတ်သစ်နှင့် ခေတ်ဟောင်း ပိုင်းခြားထားသော ခေတ်, မှတ်တိုင်သဖွယ် ဖြစ်လေသည်။ မြန်မာ့ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုတို့ကာလ မြန်မာဘုရင် ပါတော်မူပြီးသည့်နောက် အနှစ် ၂၀ အတွင်းတွင် အရိပ်အငွေ့များ တွေ့မြင်နိုင်ပေသေးသည်။ အချပ် ၁၆ ပုံသည် ထိုခေတ်က အမျိုးသမီးများ၏ ဝတ်ဆင်ပုံပင် ဖြစ်လေသည်။ ဆံထုံးပုံ၊ အင်္ကျီ၊ ထဘီဝတ်ပုံတို့မှာ ရှေးကျလှပေသည်။ ပဝါကြီး လွှမ်းတင်ထားပုံတို့မှာလည်း *"ထဘီမှာ ပန်းစိမ်း၊ အင်္ကျီမှာ စရန်တာ၊ ပဝါကြီးတဘက်၊ လက်ျာဘက် ညာပခုံးက ရှုံးကာ–ရှုံးကာ အသာတင်"* ဟူသော စာဆိုနှင့် ညီသလိုလို ရှိပေသည်။

၎င်းနောက် ခေတ်ကား ပြောင်းလဲ၍ လာခဲ့ပြီ။ အဝတ်အစားတို့မှာလည်း တစ်စတစ်စ ဆန်းကြယ်လာ၍ ထူထဲလုံခြုံသောအင်္ကျီမှ ပိတ်ပါးအင်္ကျီများ ဖြစ်လာချေပြီ၊ နိမ့်သော ဆံထုံးမှသည် မြင့်သော ဆံထုံးသို့ ရောက်လာသည်။ ယောကျ်ားများမှာလည်း မြန်မာ့ဦးစွန်းဖြစ်သော ဆံရှည်ကိုရိတ်ဖြတ်၍ ဘိုဆံတောက်များ ညှပ်စပြုလေပြီ၊ ဘိုဆံတောက်များ ပေါ်လာစဥ်က ဘိုကေ ထားသင့် မထားသင့်နှင့် ပတ်သက်၍ အချေအတင် ငြင်းခုံမှုများ ပေါ်ပေါက်ခဲ့ဖူးသည်။ ၎င်းပြင် *"ကတုံး ကတုံး အုတ်ရှစ်လုံး၊ ကတုံးပေါ် မှိုပေါက်၊ ကုလား'ထီး' နှင့် ခေါက်၊ မခေါက်ပါနဲ့*

www.burmeseclassic.com

www.burmeseclassic.com



*ကုလားရယ် 'ထီး'စော်နံလှတယ်"* ဟူ၍ ဘိုကေနှင့်ပတ်သက်သော **တပေါင်း**[၁] များလည်း ပေါ်ခဲ့၏။ **ဘိုကေ**[၂] သို့မဟုတ် ဘိုဆံတောက် အရေးတော်ပုံနှင့် ပတ်သက်၍ ခရစ်နှစ် ၁၉၁၇ ခုနှစ် ဧပြီလထုတ် သူရိယမဂ္ဂဇင်း "သတင်းစာဆရာ၏ ထင်မြင်ချက်များ" အခန်းတွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

## ဘိုကေ ဖြတ်ထုံး

ယခုအခါ ကျွန်ုပ်တို့ မြန်မာပြည် ရပ်ကြီးမြို့မ ဟူသမျှတို့၌လိုပင် ဆံပင်ကို ကိုက်ဖြတ်၍ ခေါင်းတုံးဆံတောက် သို့မဟုတ် ဆံတောက်များကို ထားလေ့ရှိကြရာ၊ မြန်မာလူမျိုး အရိုးသမားကျ ပေါရာဏ သျှောင်ထုံးဂိုဏ်း၊ ကာလခေတ်အလျောက် ဘိုဆံတောက်ဂိုဏ်းဟူ၍ ၂ ဂိုဏ်း ၂ သင်း ကွဲပြားခြင်း ဖြစ်နေကြလေ၏။ ယင်းကဲ့သို့ သျှောင်နှင့်ခေါင်းတုံး အရှုံးအနိုင် ပြိုင်ဆိုင်ငြင်းပွားစကားအလုအယက် သူ့ထက်ငါ ကောင်းသည်ဟု ကျိုးကြောင်းပြသ ပြောဆိုကြပါလျှင် အောက်တွင် ပြလတ္တံ့သောအချက်အလက်များသည် နှစ်ဘက်သားတို့၏ စကားအချေအတင်ပင် ဖြစ်တန်ရာ၏။

သျှောင်သမားက

ကျွန်ုပ်တို့ မြန်မာလူမျိုးတို့၏ **အစုအစဉ်**[၃] ရာဇဝင်ပုံပြင်တို့နှင့် **ခုံတင်**[၄] အားထားလောက်သော တရား**ဓမ္မက္ခန်**[၅] ကျမ်းဂန်စာပေတို့ဖြင့် အထွေထွေသော ပျို့ကဗျာ လင်္ကာတို့မှာပင် ဆံပင်ဦးပင်ကို အရှည်ထား၍ ယောကျ်ား မိန်းမမရွေး ယဉ်ယဉ်ကျေးကျေး သျှောင်ထုံးကြီးများ ဆံထုံးများနှင့် သားသားနားနား နေလေ့ရှိပါသည်။ ကျွန်ုပ်တို့မှာ မနုဿလူသားဖြစ်၍သာ သျှောင်တစ်လုံးမျှသာ ထုံးရပါသည်။ တာဝတိံသာ နတ်ပြည်က ပဥ္စသိခ ဆိုတဲ့ နတ်သားမှာ ကျွန်ုပ်တို့ထက်

---

၁။ တပေါင်းများ=(ပေါရာဏ) တစ်စုံတစ်ခုသော အကျိုးတရားများ မဖြစ်ပေါ်မီ၊ ကြိုတင်၍ ပေါ်လာမည့်အကြောင်းပြ စကားများ။

၂။ ဘိုကေ=အင်္ဂလိပ်လူမျိုးများကို မြန်မာများက ဘိုဟုခေါ်၏။ ထိုဘိုများ၏ ဆံပင်မျိုး။

၃။ အစုအစဉ်=(ပေါရာဏ) ရှေးရှေးအခါကာလအစက ဖြစ်ပေါ်နေကျ ဝတ်ဆင်ပုံ အစဉ်အလာများ။

၄။ ခုံတင်=ရှေးအခါရှိ ခုံရုံးသို့ တင်လောက်သော။

၅။ ဓမ္မက္ခန်=(ပါဠိပျက်) ဓမ္မ–ခန္ဓ၊ တရားအစု။

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံ မန္တလေးခေတ်နှောင်းပိုင်း ဗမာအမျိုးသမီးတို့ ဝတ်ဆင်ပုံ
( စတီလက်ကောက်နှင့် ကွမ်းသီးဖက်ဆေးလိပ် တွေ့မြင်ရသည် )

www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးကြီး၍ ကျွန်ုပ်တို့ထက် ယဉ်ကျေးသော လက္ခဏာဖြင့် သျှောင်မှ ၅ လုံး ထုံးကြောင်းများနှင့် စာပေကျမ်းဂန်များ၌ ထင်ရှားရှိပါသည်။ ထို့ပြင် လူတို့၏ ခန္ဓာကိုယ် အစိတ်အပိုင်း၌ ဥတ္တမင်္ဂဟု ဆိုအပ်သော ဦးခေါင်း၌ အလိုအလျောက် ပေါက်ရောက်သော ဆံပင်ကို မကိုက် မညှပ် မဖြတ်သင့်ပါ။ ၎င်းပြင် ဒွတ္တိံ သကာယဟုဆိုအပ်သော ၃၂ ပါးသော ကောဋ္ဌာသ အစုအဝေးတွင်လည်း **ကေသာ**– ဆံပင်၊ **လောမာ**– အမွေး၊ **နခါ**– ခြေသည်းလက်သည်း၊ **ဒန္တာ**– သွား၊ **တစော**– အရေ စသည်ဖြင့် ပါရှိသောကြောင့် ကေသာတည်းဟူသော ဆံပင်သည် ကမ္မဋ္ဌာန်းတင်၍ ရှုအပ်သော အသုဘလက္ခဏာဖြစ်သဖြင့် လွန်စွာ အသုံးဝင်၍ နိဗ္ဗာန်ကိုပင် ရောက်စေနိုင်ပါသည်။ ထို့နောက် ရာဇဝင်တွင်လည်း ရမည်းသင်း သီလဝသည် မပြုံးမရယ် ဣန္ဒြေကြီးလှသော်လည်း တစ်ရံရောအခါ ဘုန်းကြီး လူထွက်လား၊ မောင်ရှင်လူထွက်လားမသိ၊ လူတစ်ယောက်သည် ခေါင်းတုံးနှင့် ကျုံးထဲတွင် ငုပ်လိုက် ဖော်လိုက်နှင့် ရေချိုးနေသည်ကို မြင်၍ အူရှင်လျက် ပြုံးရယ်တော်မူကြောင်းနှင့် ပါရှိသဖြင့် သျှောင်မထားသည့် ခေါင်းတုံးသမားများသည် ရယ်စရာတစ်မျိုး ဖြစ်ပါတော့သည်။ ဤမှတစ်ပါးတုံလည်း ရှေးကဗျာလင်္ကာ သီချင်းစာများ၌ *"သျှောင်ကြီးဖွေရယ်၊ မောင်ကြီးဖေရယ်"* စသည်ဖြင့်သာ မောင်ဘွဲ့တေးများ ရေးသားစီကုံးလေ့ ရှိကြပါသည်။ သို့အတွက် သူတော်သူမြတ် ဘုန်းတော်ကြီးများနှင့် ဘိုးသူတော်, မယ်သီလများကို ခြွင်းချက်ထား၍ မြန်မာ အမျိုးသားမှန်လျှင် ဆံပင်ကိုထားလျက် သျှောင်ကြီးများနှင့်နေမှ ကျက်သရေ မောက်ကြွားအောင် ယောကျ်ားနှင့်တူပါသည်။

ဘိုဆံတောက်သမားများက မူကား

ကျွန်တော်တို့ ဘိုဆံတောက် ကိုက်ညှပ်ခြင်းမှာမူကား သျှောင်ထုံးကြီး များနှင့် လူများကဲ့သို့ တရားကျမ်းစာ ကဗျာလင်္ကာ တွေ့ကရာ **ရှစ်သောင်း**[၁]တွေ နှင့် ပြောင်းဆန်အောင် ရွတ်ဖတ်၍ မပြောတတ်ပါ။ ယခုအခါ ကမ္ဘာတစ်ဝှမ်းလုံး အနံ့အပြားလိုပင် ဘိုဆံတောက်ထားကြသည့်ပြင် ကျွန်တော်တို့ မြန်မာပြည်နှင့် စပ်လျက်ရှိနေကြသော ယိုးဒယားတစ်ပြည်လုံးမှာ ခေါင်းတုံးချည်း ဖြစ်နေကြရုံမျှမက ဆံပင်ရှည်လျား ဝက်မြီးထိုး၍ ထားလေ့ရှိကြသော တရုတ်လူမျိုးတို့ပင် ဘိုဆံ

---

၁။ ရှစ်သောင်း=(အနေကသချိုာ) ကဗျာလင်္ကာပေါင်း အလွန်များစွာ။

www.burmeseclassic.com

www.burmeseclassic.com



တောက်နှင့် မောက်တောက်တောက် ဖြစ်ပေါ်လာကြသည်များကို မျက်ဝါးထင်ထင် ရှုမြင်ရသဖြင့် "အတုမြင် အတတ်သင်" ဆိုသလို ဘိုဆံတောက် ထားကြပါသည်။

## သတင်းစာဆရာ၏ ထင်မြင်ချက် အချုပ်ကား

မိလိန္ဒပညာပါဠိတော်၌လည်း နာဂသေန သတို့သားက ရောဟဏမထေရ်အား ရှင်ရဟန်းသည် တပည့်တော်တို့ကဲ့သို့ တသသနှင့် လုလုပပ သျှောင်ထုံးကြီးများ ဘယ်အတွက်မထားပါသတုံးဟု လျှောက်မေးကာလ၊ ရောဟဏမထေရ်က သျှောင်ထုံးကြီး ထားရခြင်းသည် (၁) လှပအောင် ခဏခဏ တသသ လုပ်ရခြင်း၊ (၂) အပြေအပြစ်ပြုရခြင်း၊ (၃) အစည်းအထုံး မပြေအောင်ပြုရခြင်း၊ (၄) ဆီလိမ်းရခြင်း၊ (၅) ခေါင်းလျှော်ရခြင်း၊ (၆) ပန်းပန်ရခြင်း၊ (၇) ဆီမွှေးလိမ်းရခြင်း၊ (၈) သျှောင်ထုံးကြီး၌ ဆင်ယင်စရာ ရှာဖွေရခြင်း၊ (၉) ခေါင်းလျှော်စရာ သဖန်းခါးသီးကို ရှာရခြင်း၊ (၁၀) သျှိသျှားသီးကို ရှာရခြင်း၊ (၁၁) သျှောင်ထုံးရခြင်း၊ (၁၂) ဘီးကိုရှာရခြင်း၊ (၁၃) ပြင်ဆင်သုတ်သင်သော ဆံရှင်းဆတ္တာသည်အတွက် ခဲခက်ရခြင်း၊ (၁၄) အထုံးပြေ၍ စိတ်အိုက်ရခြင်း၊ (၁၅) သန်း၊ ဥ၊ သန်းပျတို့ကြောင့် ယားယံရခြင်း၊ (၁၆) ဆံပင် ကျွက်သိုက်လိုက်၍ စိတ်အိုက်ရခြင်း တည်းဟူသော **ပလိဗောဓ**[၁] များအတွက် လူတို့သည် တွေဝေမိုက်မဲတတ်၍ သိမ်မွေ့နက်နဲသော ပညာကို မရနိုင်ကြောင်း ဟောတော်မူသဖြင့်လည်းကောင်း၊ *"သျှောင်ကြီးလျှင် ဝိုက်၊ လူကြီးလျှင် မိုက်"* ဟူသော စကားပုံအရလည်းကောင်း၊ ခေါင်းတုံးကပင် ကောင်းသလိုလို ရှိချေသည်ဟု ဆုံးဖြတ်လေသည်။

၎င်းနောက် ဘိုဆံတောက် အရေးတော်ပုံများသည်၊ ၁၂၉၂ ခုနှစ် ဂျူနီများထကြွစဉ်က တစ်ကြိမ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံတွင် တစ်ကြိမ် အထင်အရှားဖြစ်ပွားခဲ့လေသည်။ ထိုအခါက ခေါင်းတုံးရိတ်သူ အတော်ပေါလိုက်သေး၏။ သို့သော် ကောက်ရိုးမီးပမာပင်၊ ဘိုကေဘဝသို့ ပြန်ရောက်ကြပြန်သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ အပြီးတွင်မူကား၊ အောင်ကျော် ဆံတောက်ဟု ခေါ်သော ခေါင်းတုံးဘိုကေများပင် ခေတ်စားလာလေသည်။

ဤကား အနှစ် ၅၀ အတွင်း ယောကျ်ားများဘက်မှ ဆံကေသာ ပြုပြင်မှုတွင် ခေတ်ပြောင်းလဲလာခြင်း ဖြစ်လေသည်။ ယောကျ်ားကလေးများသည်

---

၁။ ပလိဗောဓ = (ပါဠိ) အနှောင့်အယှက်။

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံမန္တလေးခေတ် နောက်ပိုင်းဝတ်ဆင်မှုဖြစ်သော တရုတ်ဖဲအင်္ကျီရင်ဖုံးနှင့်
အချိတ်ထဘီ အထက်ဆင့်ဖင်ကျ ဝတ်ထားသော အမျိုးသမီးတစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါကကဲ့သို့ **မြန်မာ့ရိုးရာ**[၁] ဖြစ်သော ဦးစွန်းဖုတ်၊ ကြက်တောင်စည်းများနှင့် မတွေ့ရတော့ဘဲ၊ ငယ်စဉ်ကပင် ဘိုကေကလေးများနှင့် ဖြစ်လာလေသည်။ ဘိုဆံတောက်ခေတ်ကား ယခုအခြေအတိုင်းဆိုသော် မြန်မာပြည်တွင် ခေတ်စားလျက် ရှိချေသည်။ နောင်လည်း တိမ်ကောမည်ဟု မထင်ရပေ။ စင်စစ်အားဖြင့် မြန်မာ့ရိုးရာဖြစ်သော သျှောင်ကြီးဗွေများသည် ကွယ်တော့မည်ကဲ့သို့ ဖြစ်နေလေသည်။

## အင်္ကျီပါး အရေးတော်ပုံ

ယောကျ်ားများဘက်က ဘိုဆံတောက်သည် ခေတ်ပြောင်းကော်လှန်မှုကြီး ဖြစ်ခဲ့သလို မိန်းမများဘက်တွင်လည်း အင်္ကျီပါး ဝတ်ဆင်ခြင်းဖြင့် ခေတ်ဟောင်းကို ပုန်ကန်ခဲ့လေသည်။ အင်္ကျီပါး ဒီပနီဆရာအလိုဖြင့် "ရှေးမြန်မာဘုရင်များ လက်ထက်မှ၊ ၁၂၅၃ ခုနှစ်လောက်ကျအောင်၊ မြန်မာမိန်းမမှန်သမျှတို့သည် ထူထဲခိုင်ခံ့သော အဝတ်အထည်များကို စနစ်ကျစွာ အင်္ကျီချုပ်လုပ် ဝတ်ဆင်ကြကုန်၏။ အင်္ကျီချုပ်လုပ်ပုံ နည်းစနစ်မှာ၊ ယခုကာလသမီးများ ဝတ်ဆင်ကြသော အင်္ကျီများလို လက်ပွခြင်း၊ ခါးတိုခြင်း မရှိစေဘဲ၊ ထဘီ၏အထက်ပိုင်းကို တစ်မိုက် တစ်ဝါး ခန့်လောက် အုပ်မိစေရန် ထိုင်မသိမ်းကဲ့သို့ ဆုံးဖြတ်ပြီးလျှင် တစ်စုံတစ်ရာ အရေးတကြီးသွားလာရန်ကိစ္စနှင့် ကြုံကြိုက်သောအခါ လေပြင်းတိုက်လွင့်သောအခါ များတွင် အင်္ကျီအောက်စအတွက် လစ်ဟင်း ရှုံ့ပွခြင်းမှ ကာကွယ်ရန် အင်္ကျီနို့ခေါ်သော အစမြိတ်ကလေးနှစ်ခုကို ရှေ့အပြင်အောက်စမှ လက်ဝဲ လက်ျာတစ်ခုစီ တပ်လျက် ချုပ်ကြကုန်၏။ ၎င်းအစအမြိတ်ကလေးနှစ်ခုကို ခါးတည့်တည့်တွင် စည်းဖွဲ့၍ထားသောအခါ အင်္ကျီတွက် ဣန္ဒြေပျက်ကွက်ရန် မရှိသည့်ပြင် (ခါးသေး၍ ရင်ချီ မိန်းမမြတ် ပဒုမ္မနီ) ဆိုသော စကားအတိုင်း ရှု၍မဝ လှပဆန်းတင့် ကျက်သရေပန်းပွင့်လျက် တော်လေးဝင့်ကိန္နရီတို့ကဲ့သို့ ထိန်ကြည်သော ရုပ်သွင်၊ ယဉ်နုသော အပြင်အဆင်တို့သည် မြင်သူအပေါင်းတို့၏ စက္ခုပသာဒမှာ ကျကျနန ထင်ပေါ်၍လာလေ၏" ဟု ဆိုသဖြင့် ရှေးခေတ်အင်္ကျီသည် ဖောင်းပွ ကြွရွခြင်း

---

၁။ မြန်မာ့ရိုးရာ=(ပေါရာဏ) ရှေးမြန်မာလူမျိုးတို့၏ အရိုးစဉ်လာ အခြင်းအရာများ။

www.burmeseclassic.com

www.burmeseclassic.com



မရှိစေဘဲ အသားနှင့် အနေတော် ကွာစေပြီးလျှင် သားနားသေသပ်သည်ဟု သိရသည်။

၎င်းနောက် အချပ် ၁၆ ပုံတွင် တွေ့ရသည့်အတိုင်း ဒုတိယခေတ် အင်္ကျီပုံစံကို တွေ့ရှိရပြန်သည်။ ထို့နောက် အင်္ကျီပါးများ ခေတ်စားစပြုလာတော့သည်။ အင်္ကျီပါးနှင့်ပတ်သက်၍ တပေါင်ပေါ်သည်မှာ *"အင်္ကျီ–အင်္ကျီပါးရယ်နှင့် မျက်ထား မျက်ထားချို၊ ပြုံးသလိုလို ကျွန်မလက်ကိုဆွဲ၊ စုတ်ပြဲလေလေကုန်ပေါ့၊ ကျွန်မ ဘဂ်ါလီ"* ဟူ၍လည်းကောင်း၊ *"အင်္ကျီ–အင်္ကျီပါးရယ်နှင့်၊ မျက်ထား မျက်ထားချို၊ ကုလားလိုလို၊ ဗမာလိုလို၊ ကျွန်မလက်ကိုဆွဲ၊ စုတ်ပြဲလေကုန်ပေါ့ ၂၊ ကျွန်မဇာဘော်လီ"* ဟူ၍လည်းကောင်း ပေါ်လာလေသည်။

၁၉၁၇ ခုနှစ်အတွင်း ထုတ်သော သူရိယမဂ္ဂဇင်းတွင် အင်္ကျီပါးနှင့် ပတ်သက်သော ကာတွန်းများကို ဦးဘကလေးသည် ရေးစပြုလေသည်။ ထိုအခါက အင်္ကျီပါး ဝတ်ဆင်ခြင်းကို ရှောင်ကြဉ်ကြရန် ကာတွန်းဆရာများနှင့် သတင်းစာဆရာများက ဆုံးမခဲ့လေသည်။ ဝံသာနုများခေတ် ကောင်းစဉ်အခါကမူကား အမျိုးသမီးအချို့သည် အင်္ကျီပါးများကို သပိတ်မှောက်၍ မြန်မာဖြစ် ပင်နီအင်္ကျီနှင့် ယောထဘီများကို ဝတ်ဆင်ကြလေသည်။

ယောထဘီနှင့် ပင်နီဘွဲ့

ရှေးသီချင်းတစ်ပိုဒ်၌ *"လုံမကလေးကို သူ့အမေရိုက်လျှင်လ၊ လာလာလေ လိုက်ခဲ့ပ မောင်တို့ရွာ၊ မောင်တို့ရွာမှာ ဘာတွေပေါပါလိမ့်၊ ပင်နီချောရယ်နှင့် ယောထဘီ၊ အင်္ကျီမှာ ကြွေတွေစီလို့၊ ကြိုက်ဖွယ်က ပေါတယ်လေး၊ ယောသူတို့ရွာ"* ဟူ၍ ယောထဘီနှင့် ပင်နီအင်္ကျီများ ခေတ်မစားမီကပင် ပေါ်ခဲ့လေသည်။

ထိုပင်နီနှင့် ယောထဘီခေတ်မှာ ကြာရှည်မခံလှပေ၊ မကြာမီ အင်္ကျီပါးများ ပြန်လည်ဝတ်ဆင်မြဲ ဝတ်ဆင်ကြပြန်သည်။ ထိုအခါက အင်္ကျီပါးများကို ၁၃၀၀ ပြည့် အရေးတော်ပုံမှာကဲ့သို့ သံချိတ်၊ ကတ်ကြေး၊ ကြိမ်လုံးများဖြင့် အကြမ်းဖက်သော ဆုံးမနည်းများ မရှိသေးဘဲ ကဗျာ၊ ကာတွန်းတို့ဖြင့် ဆုံးမခဲ့လေသည်။ ခရစ်နှစ် ၁၉၂၇ ခုနှစ် အောက်တိုဘာလထုတ် ဗန္ဓုလဂျာနယ်၌၊ ကာတွန်းနှင့်တကွ ကာလသားမျက်လုံးနှင့် အင်္ကျီပါးဘွဲ့လေးချိုးကို တွေ့ရသည်။ ထိုလေးချိုးကို ဗန္ဓုလအယ်ဒီတာ ဦးဘိုးမင်း ရေးသည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးခေတ်နှောက်ပိုင်း တရုတ်ဖဲအင်္ကျီရင်ဖုံးနှင့် အချိတ်လုံချည်
ပဝါပခုံးတင် ဝတ်ဆင်ပုံ။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



ခေတ်အဝတ်အစား

အချပ် - ၁၇

www.burmeseclassic.com

www.burmeseclassic.com



# ကာလသားမျက်လုံးနှင့် အင်္ကျီပါးဘွဲ့လေးချိုး

*ပြုံးဟီခါ အနေဖောက်ပုံက ဆံထုံးကြီးဟာ တစ်ပေလောက်ကယ်နဲ့၊ ပွေနှောက်ပါလို့ မှောက်စရာတစ်မယ်၊ (အိုကွယ်) မေတစ်ယောက်ကယ်က လျှောက်ခါလယ်။ ဩော်–ဒါမျိုးမှာ ဟုတ်တယ်လို့၊ ဃရာပိုးကြွ၍လှုပ်သူတွေ၊ မနေနိုင်ဖြစ်စေဖို့၊ အပွေစတိုင်သစ်တွေ၊ ဟန်ပန်တစ်မျိုးရယ်နှင့်၊ အကြဲဉာဏ်ပျိုးခါ အခါခါမော်မည်ဟု၊ ဇာဘော်လီလည်ဟိုက်တစ်ထွာလောက်ကယ်နှင့်၊ အဖြာဖြာမတော်သည်၊ နယ်တစ်ဝိုက် တစ်ခါလျှောက်ပါလို့၊ မောက်ကြွားခါ စတိုင်တင်းကြတယ်၊ ယွင်းသမို့ အဝတ်အထည်ထည်ရယ်နော်ကွယ်၊ မင်းတို့ခေတ်ဝယ်။ အဆင်း အရည် အသားမှာ အတန်တန်ကောင်းအောင်ထားသော်လည်း အင်္ကျီပါးမှာ ဖန်ပေါင်းချောင်အလားလိုပ၊ အမှန်ဖောင်းထောင်၍ ကြွားပါလို့၊ မတော်ပါတယ် (အိုကွယ်) လော်မာတယ်လို့ အပြစ်တင်ကြတာပဲ။ အစစ်ပင် အပြစ်တင်သာတင်ရ၊ မြင်ပါလျှင် မပျက်ပြုံးတဲ့ပြင်၊ မျက်လုံးပင် ပြူးခါထွက်မလောက်သာပ၊ အထူးတဖြာ မက်လောက်သူကို ကြည့်ပုံထူးတဲ့ပြင်၊ တစ်မီလုံတစ်ဦးကို၊ တစ်သက်ပန်ကပ်ချပ်လို့၊ မျက်မှန်တပ်ခါ လေဒီတမိကိုလ၊ အထွေထွေကြည့်ခါ အားမရတဲ့အခင်းရယ်ကြောင့်၊ တခြားက တင်းခါ အမှန်ရည်စူးတဲ့ပြင်၊ ကြံစည်ကူး၍ အချစ်တူစရာအကြောင်း ရှိလာလျှင် မလွဲစေဖို့ (အိုကွယ်) မှန်ဘီလူးကိုလ၊ စစ်ကူတောင်း၍ ကြည့်မှာအမြဲ။*

ဤကား လွန်ခဲ့သော အနှစ် ၂၀ ခန့်က အင်္ကျီပါး အရေးတော်ပုံတည်း။ အင်္ကျီပါးစစ်ပွဲတွင် အမျိုးသမီးဘက်က အရှုံးပေးသည်မရှိဘဲ တစ်နိုင်တည်းနိုင်ခဲ့ကြ၏။ သို့သော် ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ရဟန်းပျိုများက သံချိပ်၊ ကတ်ကြေး၊ ကြိမ်လုံးများကို စစ်ကူခေါ်ပြီး၊ အင်္ကျီပါးကို တိုက်ဖျက်ပြန်ရာ၊ ပထမတွင် ရဟန်းတော်များဘက်မှ အရေးသာသလိုလို ရှိလေသည်။ မန္တလေး အမရပူရနှင့် စစ်ကိုင်းမြို့များ၌ အင်္ကျီပါးများကို မီးရှို့ကြသည်။ မန္တလေး မဟာမုနိဘုရားရှေ့တော်၌လည်း အင်္ကျီပါးများကို ပုံ၍ လှူကြသည်။ သို့သော် အင်္ကျီပါးအပေါ်က ကာကွယ်ရေး ပင်နီအင်္ကျီဝတ်ဆင်၍ တော်လှန်ကြပြန်သည်။ ယခုအခါ၌ကား အချပ် ၁၈ မှာကဲ့သို့ ပါးရုံသာမကဘဲ တိုကျပ်ကလေး ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ကျီပါးစစ်ပွဲ

အင်္ကျီပါးစစ်ပွဲကား ၁၉၄၁ ခုနှစ်ထဲတွင် တစ်ချီတိုက်ကြပြန်၏။ စစ်မြေပြင်ကား ဂျာနယ်ကျော်တွင် ပြုလုပ်၍ မြင်းခြံစိုးမြင့်က အင်္ကျီပါးဘက်မှ ဝင်ရောက်တိုက်ခိုက်၏။ မေမြို့ မခင်သန်းရီ စသောသူတို့ကား အင်္ကျီပါး မဝတ်ထိုက်သည့်ဘက်က နေကြ၏။ နှစ်ဦးနှစ်ဘက် ချေပစာများ ထောက်ခံစာများသည် ဂျာနယ်ကျော်တွင် ၄–၅ ပတ် ဖတ်ခဲ့ရ၏။ အင်္ကျီပါး မဝတ်ထိုက်သည့် ဘက်မှနေ၍ ရေးသားကြသော ချေပစာများအနက် ၁၉၄၁ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့ထုတ် ဂျာနယ်ကျော် ဆရာမ မခင်ထွေး၏ ဆောင်းပါးမှ ကောက်နုတ်၍ အင်္ကျီပါး ရှောင်ကြဉ်ရန် သတိပေးသော တေးထပ်တစ်ပုဒ်ကို ထုတ်နုတ်ပြလိုပေသည်။ ထိုတေးထပ်တွင် ရေးစပ်ထားသည်မှာ "*ခေတ်ဆန်သူ တပည့်မတို့ သတိရပေရှာ။ အခါက စေတနာငယ်၊ မေကညာခင်ထွေး။ ဆရာမ လွန်ကြင်နာလျှင်၊ သွန်သင်တာ မှတ်တော့မနေး။ ကာလဖြင့် ပျက်ချင်ပြီ၊ ဖက်ရှင်တွေရှုပ်ထွေး၊ အရှက်တွင် အဟုတ်ဝေးပါပေ့၊ လှုပ်လှုပ်ကလေး တုံတုံ။ ဖန်ပေါင်းချောင် ရေအတွင်း၊ ရွှေငါးကြင်း လွတ်သည်သို့ကြုံ။ အင်္ကျီက အပါးစုံသည်၊ အသားပုံ ဝါဝင်းလို့၊ ကျပ်တင်းတင်းတရားကွာ၊ ခါးကတစ်ထွာ။ မောင် အဘ အားနာလျှင်၊ မှားတာကိုပြင်ကြစို့လေး။ မြန်မာညွန့်ညှိုးမကုန်အောင် အမျိုးဂုဏ်ဆယ်ကြစို့လေး*" ဟူ၍ ဖြစ်သတည်း။

## လှာရုံတော်

၁၉၄၁ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့ထုတ် "ဟံသာဝတီဂျာနယ်၊ ကာတွန်းရုပ်ရှင်အခန်းတွင်" ခေတ်ကာလ အင်္ကျီပါးများ ပါးလှာကျပ်တည်းထင်ပေါ်လွန်းသည်ဟု အယူရှိကာ အမျိုးမျိုး ဆူပူကန့်ကွက် ရှုတ်ချလျက်ရှိစဉ် တက္ကသိုလ်မှ စတင်၍ လှာရုံတော်တစ်မျိုးထွင်ရန် ကြံစည်နေကြသဖြင့် အချို့သဘောမကျသူများက "*အထက်မှ မတိုရလျှင်၊ အောက်ဘက်မှလှည့်၍ တိုရန်ကြံစည်ပါက မည်သို့အရေးယူကြရဦးမည်နည်း*" ဟူသော စကားများဖြင့် ကာတွန်းဆရာ ဦးဘဂျမ်းက ကာတွန်းများဖြင့် ရေးဆွဲပြထားလေသည်။ အင်္ကျီပါး ကာတွန်းနှင့် ခေတ်ဆန်သူ ကဗျာများကား ပေါများလှပေသည်။ သို့သော် ဤမျှနှင့်သင့်တော်လောက်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



ခေတ်ဆန်သူ

အချပ် - ၁၈

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်အားဖြင့် မိန်းမတို့သည် ရှေးအခါက အတွင်းခံဘော်လီကို ရိုးရိုးသားသား ဣန္ဒြေပျက်ပြားခြင်းမဖြစ်ရန် ကာကွယ်သောသဘောနှင့် ဝတ်ဆင်ခဲ့၍ ယခုမှာမူ အတွင်းခံ ဘော်လီမှာ အလှအပအလို့ငှာ ဝတ်ဆင်သော အဆင်ဆန်းအဖြစ်ဖြင့် ရည်ရွယ်လိုက်လေပြီ။ တင်းတင်းကျပ်ကျပ်ဝတ်ရာမှ ရော့ရဲရဲ ဟပြဲပြဲ ဝတ်ကုန်ကြလေပြီ။ ပွ၍ ရှည်သော အပေါ်အင်္ကျီမှ တို၍ကျပ်သော အင်္ကျီဘဝသို့ ရောက်ခဲ့လေပြီ။ ရှေးက ဇာဘော်လီအင်္ကျီပေါ်မည်ကို စိုးခဲ့သည်။ ယခုမူ လုံချည်အထက်ဆင်အထက် လက်လေးလုံးခန့် ဘော်လီအင်္ကျီသားပေါ်၍နေအောင် အပေါ်အင်္ကျီကို ပါး၍ တိုလိုက်ကြလေပြီ။

## ဇာဘော်လီဋီကာ

၁၉၂၇ ခုနှစ်တွင် ထုတ်ဝေသော ဗန္ဓုလဂျာနယ်၌၊ ဇာဘော်လီဋီကာ ဘွဲ့လေးချိုးကို ရွှေတလေးက ကာတွန်းဖြင့် ဖော်ပြခဲ့လေသည်။ ဇာဘော်လီဋီကာဘွဲ့ လေးချိုးကား –

*ကညာမော်မဒီ ရေန်တနွန်းပေထင့်၊ ဇာဘော်လီ ချွေးခံသုံးကြတာ မတော့ (အိုကွယ်) ရှေးစံထုံးတွေနဲ့ပါစင်ကွာ။*

*ဩော် – ယခင်နည်း အထက်ကတော့၊ တမင်အပြီး မပျက်ပေဘု၊ ရင်ဆည်းတဘက်ကို လုံစွာဆောင်၍၊ မှုန်နံ့သာရောင် ကြငှန်းရင်း ပဟိုရ်သီလောက်ပါရဲ့၊ ပြဒ့်ကြာညောင် နန်းတွင်းပျို တမိလိုပ၊ အဆန်းသတင်း အပိုမရှိအောင် ဣန္ဒြေဆောင်၍၊ သိရ်သရေပြောင်ပြောင် ကြာဟန်အမူနဲ့ ပြုံးသော်လည်း၊ သာမန်လူ အလုံးနော် မဘိဝံ့တာမို့၊ ညှိုးတွန့်အလှဲ့ မသာပါတယ်နော်ကွယ်၊ စိုးရွံ့ငဲ့ညာ။*

*အသစ်တလန်း မော်ခါ ဆားအမှန်မလွတ်မှာထင့်၊ ခေတ်ဆန်းပေါ်ခါ အေးရန်မချွတ်ချင်ဘု၊ ချွေးခံအဝတ်ရယ်လို့ ပေါ်ပြီတစ်ခါ၊ (အို) ဘော်လီဟာရယ်လို့ ခေါ်ပုံတနဲ့။*

*သတင်းဟိတ်ကြွတာမို့လေ၊ အင်္ဂလိပ်မလို စတိုင်တစ်မျိုးရယ်နှင့်၊ အပြိုင်ထိုးခါ ဇာရုံပြတင်းတွေနှင့်၊ ဗလာအမှန်ကျင်းသလို၊ ထင်စွာပေါ်၍၊ အမြင်ဟာ မတော်အောင် တကယ်အိုက်တယ်လို့၊ လည်ဟိုက်ခါ ကြိုးနှစ်သွယ်ချိတ်တဲ့ပြင် တစ်မျိုးတကယ်နိပ်ရန် အဆန်းဉာဏ် သုံးရှာကြ၊ လမ်းမှန်ထုံးကို ဖီလာချော်၍၊ ပြည်ရွာပေါ် တစ်ခါလန့်

www.burmeseclassic.com



*လောက်ပေရဲ့၊ မကွာအံ့ဖို့ တမင်ရွှ့စရာ တနဲပေပ။ (အိုကွယ်) လာလတ္တံ့ကိုဖြင့် မမြင်ဝံ့မှာမလွဲ။*

ဤကား လွန်ခဲ့သော ၁၅ နှစ်ခန့်က မိန်းမတို့၏ အတွင်းခံဟု ဆိုအပ်သော ဇာဘော်လီဘွဲ့တည်း။ ငယ်ရွယ်သူမိန်းကလေးများအဖို့မှာ ဒူးဆစ်ကို ဖုံးအုပ်လျက်ရှိသော ရှင်မြီးအကျီတိုကလေးများ ဝတ်ဆင်ခဲ့ကြလေသည်။ ထိုရှင်မြီးမှာ ယခုခေတ်တွင် ကွယ်သလောက် ဖြစ်နေပေသည်။

၎င်းပြင် မိန်းမပျိုများအတွက် ဆံကေသာ ပြုပြင်ပုံမှာ အချပ် ၁၆ ပုံကဲ့သို့ နိမ့်သောဆံထုံးမှ၊ အချပ် ၁၇ ပုံကဲ့သို့ မြင့်သောဆံထုံးသို့ ပြောင်းလဲခဲ့လေသည်။ တစ်ဖန် မြင့်သောဆံထုံးမှ အချပ် ၁၈ ပုံကဲ့သို့ နောက်တွဲထုံးသို့ ကူးပြောင်းသွားပြန်သည်။

ထို နောက်တွဲထုံးများသည် ဆင်စွယ်ဘီးဖြင့် ရောထွေးပတ်ထားခြင်းဖြင့် လေယာဉ်ပျံဆံထုံးဟု အမည်ဖြစ်လာပြန်သည်။ နောက်တွဲထုံးသက်သက်မှာ ထုံးနှောင်ပုံ ကျစ်ကျစ်လျစ်လျစ်ရှိလှပေသည်။ တစ်ခါတစ်ရံ ပန်းကုံးကလေး ရစ်ပတ်ထားသည်မှာ ယဉ်လှပေသည်။ ထိုထုံးပုံမျိုးသည် ခေတ်ပေါ်ပင် ဖြစ်သော်လည်း ရှေး အမရပူရခေတ်ကို ပြန်လည် သတိရစေတော့၏။ ၎င်းပြင် ခေတ်ဆန်သူကလေးများသည် တစ်နေရာတွင် ဆန်းချင်သလောက် ဆန်းနေသော်လည်း တစ်နေရာတွင် ခေတ်ဟောင်းဘက်သို့ မျက်စိလည်လျက် ရှိချေသည်ဟု ဆိုရပေမည်။

၎င်းပြင် ဆံတောက် ဆံရစ်ခေတ်မှ အုပ်လုံးခေတ်သို့ ရောက်ခဲ့၍၊ တစ်ဖန် ဆံတောက် ဆံရစ်နှင့် သျှောင်ထုံးအကြီးစားခေတ်သို့ ရောက်ခဲ့ပြန်သည်။ ထို သျှောင်ထုံးအကြီးစားဟု ဆိုအပ်သော သျှောင်ကလာပ်များသည် ရှေးခေတ် ပျို မိန်းမပျိုတို့ ဆံထုံးပုံနှင့် ဆင်ဆင်တူလေသည်။ ခေတ်ဆန်သူအချို့ကား နောက်ပိုင်းတွင် ပြားကပ်လျက်ရှိသော ဆံထုံး ၂ ထုံးကို ထုံးတတ်ကြလေသည်။ ထို့ပြင် ရှေးမကျတကျအခါက ဆံလျှဉ်များကို ညီညွတ်လှပစွာ ချလေ့ချထရှိသော်လည်း ယခုအခါ ပြောင်းဖူးမွှေးကဲ့သို့ တွန့်လိမ်နေသော ဆံစများသည် နဖူးထက်တွင် ဝဲလျက်ရှိနေလေပြီ။ ၎င်းပြင် ဆံမြိတ် အတိုအရှည်များကိုလည်း ယခုခေတ်တွင် မမြင်ရသလောက် ဖြစ်တော့၏။ ငယ်ရွယ်နုပျိုသူအချို့မှာ တရုတ်ကျစ်ဆံမြီးများ ချတတ်၍၊ အချို့လည်း အမြီး ၂ ခွနှင့် သဏ္ဌာန်တူသော ခေတ်သစ်ကျစ်ဆံမြီးတို့ဖြင့် ဆံကေသာကို ပြုပြင်တတ်ကြလေသည်။ ငယ်ရွယ်သူများမှာလည်း လူကြီးများ ခေတ်ပြောင်းသကဲ့သို့၊ သူတို့ခေါင်းပေါ်တွင် ဦးစွန်းဖုတ်၊ ကြက်တောင်စည်းအစား ဂျပန်ဆံတောက်များ ရောက်နေကြသည်မှာ ကာလအတန်ကြာချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယကမ္ဘာစစ်မဖြစ်မီ ခေတ်အလှပြုပြင်နည်းများ

မိန်းမများ အလှပြင်ရာ၌လည်း မျက်ခုံးမွေးနုတ်ခြင်း၊ ရိတ်ခြင်းတို့မှာ ရှေးက မသိမသာ တမင်ရိတ်ခြင်း၊ နုတ်ခြင်း မထင်စေရန် သင့်လျော်ရုံမျှသာ ရိတ်ကြ နုတ်ကြ၏။ ယခုကား မျက်ခုံးမွေးကို အကုန်ပယ်ပြီးလျှင်၊ ခုံးမျက်စ သေးသွယ်ကို ရေးမင်ခြယ်ကြ၏။ ၎င်းပြင် ပဒုမ္မနီလက္ခဏာ နီတြာသော နှုတ်ခမ်းကို အလိုရှိ၍ ရှေးက မသိမသာ နီရောင်ပျပျ နှုတ်ခမ်းဆေး သကြ၏။ ယခုမူကား နီနီရဲလျက် ဆေးဆိုးနှုတ်ခမ်းမှန်းသိအောင် ပြောင်ပြောင်ကြီးပင် ပြုပြင်လေတော့သည်။ ထိုမျှမကသေး ပါးအို့နီကလေးများနှင့် တူလေအောင်လည်း ပန်းရောင်ဆေးဖြင့် ရေးခြယ်ကြသေးသည်။

ခေတ်ဆန်သူတို့၏ အပြုအပြင်မှာ ဇဝနရေး "ကောလိပ်ဂျင်" ဝတ္ထုကောလိပ်ကျောင်းသူများ ဆိုရှယ်တက်သည့်အခန်း၌၊ အစုံလင်ဆုံး တွေ့နိုင်လေသည်။ ထိုမျှမက နောက်ဆုံးပေါ် ဖက်ရှင်များကို မှတ်တမ်းတင်သကဲ့သို့ စုဆောင်းဖော်ပြထားသောကြောင့်လည်း အဝတ်အစား ရာဇဝင်တွင် အထောက်အပံ့ ဖြစ်စေပါသည်။ ကောလိပ်ကျောင်းသူတို့ အလှပြင်၍ ဆိုရှယ်တက်ပုံကို ကောလိပ်ဂျင် ဝတ္ထု၌ အောက်ပါအတိုင်း ရေးသားထားလေသည်။

"'မက်စ်ဖက်တာ – ဆက်' ခေါ် အလှပြုပြင်သည့် ပစ္စည်းများဖြင့် လည်းကောင်း၊ 'အီ – ရီဇစ္စတီးဘီးလ်' ခေါ် ရသေ့ချာန်ပုံမို့ ခံနိုင်ရိုးလားအမည် ပေးထားသည့် အလှအသုံးအဆောင်တို့ဖြင့်လည်းကောင်း၊ နှုတ်ခမ်းနီဆိုး ပါးမို့ကလေး ပန်းရောင်ခြယ်၊ မျက်ခုံးမွေးသွယ်သွယ်ကလေးနေအောင်လုပ်၊ မျက်တောင်ကို ပြောင်အောင်ဖြီး၊ လက်သည်းကို တံစဉ်းနှင့်ညှို၍ အရောင်တင်၊ ဆံပင်ကို ရှေ့က ဖွ၍ဖွ၊ နောက်က ကွ၍ကွ၊ ဦးသျှောင်ငါးလုံးနှင့် ပဥ္စသီခ အားကျ၍ နောက်စိတွင် ဘုလုံးထုံး၊ ဖွတ်မြီးထိုး ၂ သွယ်ချ၍ ဖဲကြိုးချီ၊ ဇာဘော်လီ ကျောတစ်ပြင်လုံးပေါ်သည့်၊ နောက်တစ်ခုလုံး အဆုံးအထိပေါ်စေသော နောက်ဆုံးပေါ်ဖက်ရှင်၊ အနောက်နိုင်ငံသူတွေ အသုံးပြုသည့် "ဘရာ့စီးယားရီ" ဖြင့် ရင်ချီကာ ကြွမောက်နေအောင်လုပ်၍ တစ်မျိုး၊ ခါးသေးပြီး တင်ကားအောင် "ဂါးဒီလ်" ဆိုတာဝတ်၍ ဖန်တီးထားသည်က တစ်သွယ်၊ တစ်အုပ်လျှင် ၃၀ ကျပ်ကကျော်နေသည့် ပဒုမ္မာအပါးအသားကို ထင်းခနဲဖြစ်နေစေရသည်ကို ဝတ်ဆင် ပြင်ဆင်ထားလျက်၊ လေယူရာ ယိမ်းနွဲ့လွင့်ပါးလာသည့် ဟန်မျိုးဖြင့် ဝင်လာကြသူကလေးတို့ကို၊ ဝင်းမောင်မြင်ရသောအခါ မျက်လုံးပြူး၍ သွားလေတော့၏" ဟူ၍ ရေးသားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်ပေါ် အထည်များ

ပထမ ဝံသာနုခေတ်က၊ ယောလုံချည် ယောထဘီနှင့် တိုင်းရင်းဖြစ် ပင်နီထည်များ ခေတ်စားခဲ့လေသည်။ ၎င်းနောက် ၁၃၀၀ ပြည့် အရေးတော်ပုံ အပြီးတွင်လည်း ပင်နီ၊ ပင်ပြာ၊ ပင်ဝါ၊ ပင်စိမ်းများ ပြန်လည်ခေတ်စားလာပြန်သည်။ ရွှေတောင် ဟံဇားချည်ထည်များလည်း နာမည်ထွက်လာသည်။ ပိုးထည်များမှာ အမရပူရ မန္တလေးနှင့် ရွှေတောင်ထည်များသည် ကျော်ကြားလာ၏။ ခေတ်ပေါ်အဆင်များလည်း စီစဉ်ပုံကောင်းမွန်၍ နာမည်ပေးပုံတို့မှာလည်း ခေတ်မီလှပေသည်။ ကျေးတစ်ရာ မြစကြာများ ပေါ်ပြီးမှ အစိုးရအကြိုက် လိုက်၍ ဗွီလုံချည်များလည်း ပေါ်လာရပေသည်။ ၎င်းပြင် နဂါးနီလုံချည်များလည်း အသင့်အတင့် ခေတ်စားလာခဲ့၍ "စကော့ဆင်" များလည်း လူတိုင်း၏ခါးတွင် တွေ့မြင်ရပေသည်။ အဝတ်အစား ရာဇဝင်တွင် မှတ်တမ်းတင်ထားသင့်သော အဆင်မှာ "နန်းစဉ်ချိတ်" ခေါ် ခေတ်သစ် အချိတ်လုံချည်များ ဖြစ်ကြ၍၊ ၎င်းအဆင်များ ပေါ်လာခြင်းသည် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ပင် ဖြစ်တော့သည်။ ၎င်းပြင် နန်းစဉ်ချိတ်အတု ပုံရိုက်ချည်ထည်များလည်း ပေါ်ပေါက်ခဲ့သေး၏။ မြန်မာတို့၏ အဝတ်အစား ရာဇဝင်တွင် ထူးခြားသည်မှာ၊ ခေတ်မီသော ပိုးထည်ဆင်များနောက်မှ ပုံရိုက်ချည်ထည်များ ပေါ်လာတတ်ခြင်းပင် ဖြစ်လေသည်။

ဤကား တိုင်းရင်းဖြစ် ခေတ်စားသော အထည်အဆင် အချို့မျှသာ ဖြစ်လေသည်။ ရှေးကလည်း ရှေးခေတ်အလျောက် ကျော်စောခဲ့သော ရွှေပြည်ကြီး၊ မြကြိုးနွယ်၊ သီတဂူ စသည်ဖြင့် မရေတွက်နိုင်အောင် ပေါ်ပေါက်ခဲ့သေး၏။ သို့သော် ဂျေ – စကော့ စုဆောင်းခဲ့သလို မှတ်တမ်းတင်ခဲ့သူများ မရှိသဖြင့်၊ ယခုခေတ် ယခုအချိန်မှ ပြန်လည်စုဆောင်းရခြင်းသည် မလွယ်ကူလှပေ။ ၎င်းပြင် နိုင်ငံခြားဖြစ် ပိုးဖဲ ချည်ချောထည်များလည်း နာမည်အမျိုးမျိုးတပ်၍ မြန်မာပြည်တွင်းသို့ ရောက်လာခဲ့သေးသည်။ ရှန်ဟဲညွန့်၊ ဇန်ကောက်ညွန့် စသော အမည်များမှာ နိုင်ငံခြား အထည်များအပေါ်တွင် ကွန့်၍ အမည်ပေးထားထသော တိုင်းရင်းဖြစ်ပိုးထည်များ ဖြစ်ကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆက်တွဲ

## ဒုတိယကမ္ဘာစစ်တွင်းခေတ်

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ လာလေသည်။ ထိုအခါ ဂျပန်တို့က မြန်မာပြည်ကို တိုက်ခိုက်သဖြင့် ၁၉၄၂ ခုနှစ်တွင် ဂျပန့်လက်အောက်သို့ ရောက်၍သွားရလေသည်။ အင်္ဂလိပ်တို့က အိန္ဒိယပြည်သို့ ဆုတ်၍သွားကြ၏။ ထိုစစ်တွင်း ဂျပန့်လက်အောက်ရှိ မြန်မာတို့မှာ စစ်ကြီးမပြီးမချင်း နိုင်ငံခြားမှ အဝတ်အထည်များ လုံးဝ မရောက်တော့သဖြင့် အထည်အဝတ် ရှားပါးသည့်ခေတ်နှင့် ကြုံရလေတော့သည်။ နှစ်စဉ် သန်းပေါင်းများစွာဖိုး ဝင်လာလေ့ရှိသည့် အဝတ်အထည်တို့မှာ တစ်တောင့်တစ်ထွာမျှ မရောက်လာသဖြင့် အဝတ်စဈေးမှာလည်း ခေါင်ခိုက်အောင် တက်ကုန်တော့သည်။

စစ်ကလည်း တိုက်ဆဲဖြစ်သဖြင့် မရှိဆင်းရဲသူများအဖို့ ကပ်ကြီးဆိုက်လေတော့သည်။ သို့ကြောင့် ပထမနှစ် ကုန်ခါနီးလျှင်ပင် မြို့နေလူတန်းစားတို့၌ ခြင်ထောင်ကို ဖျက်၍ အင်္ကျီချုပ်ဝတ်ရသူ၊ စောင်ကို အင်္ကျီ လုံချည် ချုပ်ဝတ်ရသူ၊ စားပွဲခင်း အိပ်ရာခင်းတွေကို အင်္ကျီ လုံချည် ချုပ်ဝတ်ရသူတွေ များ၍လာတော့သည်။ အလယ်ပိုင်းလောက်တွင်ကား လူတိုင်းလိုလို၏ ခါးများတွင် ခန်းဆီးတွေ စောင်တွေ ခြင်ထောင်တွေ အဝတ်အဖြစ်နှင့် မြင်၍နေရတော့သည်။ တောလေးသူထု

www.burmeseclassic.com

www.burmeseclassic.com



အဖို့ဆိုပါမူ မူလကပင် လုံချည်အင်္ကျီကလွဲ၍ အထည်ပစ္စည်း အပိုမရှိလေရကား လက်ဖြင့်ငင်သည့် မြန်မာဖြစ်ချည်ကို ရက်လုပ်ထားသည့် အထည်များကို ဝတ်ကြရသည်။

ထို လက်ငင် လက်ရက်ထည်များမှာပင် ဝတ်ဆင်လိုသူက တစ်ပြည်လုံးဖြစ်ပြီး ရက်တတ် ငင်တတ်သူက အနည်းငယ်သာ ရှိသဖြင့် ချည်ချောချောထွက်အောင် မတတ်နိုင်ဘဲ ဖြစ်ခဲ့ရလေသည်။ ချည်လုံးတုတ်ကြီးတွေနှင့် ကျဲကျဲကြမ်းကြမ်း အမြန်ရက်အထည်ဖြစ် ရက်ထားသည်များကို နိုင်ငံခြားမှ ဆိုးဆေးကောင်း မလာမှု ကြောင့် ဆေးမခိုင်သည့်အရောင်များဖြင့် အဆင်အကွက်ဖော်ပြီး ဝတ်ကြရလေသည်။


## အာရှခေတ်

စစ်ကြီးဖြစ်နေသည့်အချိန်မှာ ဂျပန်တို့ အုပ်စိုး၍နေ၏။ "အရှေ့အာရှသာတူညီမျှရေး" ဟူသော ကြွေးကြော်သံကို အခြေထား၍ ဂျပန်တို့က ဝါဒဖြန့်ကြ၏။ လူငယ်များ ပါဝင်စည်းရုံးနိုင်သော အဖွဲ့တစ်ခုမှာ အာရှလူငယ် အစည်းအရုံးဖြစ်၏။ နိုင်ငံရေးနှင့် စည်းရုံးရေးမှာ လုံးဝသေနေသည့် ဖက်ဆစ်ခေတ်တွင် ဤသို့ စည်းရုံးခွင့်ရသောအခါ မြို့နေလူငယ်မြောက်မြားစွာတို့ ပါဝင်လာကြလေသည်။ ထိုစစ်တွင်းအချိန်တွင် လျင်မြန်ဖျတ်လတ်မှုကို ရည်စူးကာ အာရှအသင်းဝင် မိန်းကလေးများသည် အင်္ကျီပခုံးပွ လက်တိုနှင့် ကော်လာတပ် ရင်စေ့ခါးစည်း အင်္ကျီကလေးများကို ချုပ်၍ ဝတ်ကြလေသည်။ တားသိုင်းစစ်ဆင်မှု သင်သည့် မိန်းကလေးများမှာ ထဘီကို ပြောင်း၍ ဘောင်းဘီကို ဝတ်ကြသည်။

ပုံတွင်ပါသည့် အာရှမယ်အင်္ကျီနှင့် အာရှမယ်ဘောင်းဘီကလေးကို ဝတ်၍ ဓာတ်ပုံရိုက်ထားသူကလေးမှာ ထိုခေတ်က အာရှမယ်ကလေးတစ်ဦး၏ပုံ ဖြစ်လေသည်။ ထိုအဝတ်ကလေးမျိုးကို အသက် ၁၀ နှစ်မှ အသက် ၂၀ ရွယ်ခန့်ထိ အာရှမယ်အမျိုးသမီးအချို့တို့ ဝတ်ကြလေသည်။ ဂျပန်အပြေးတော်လှန်ရေးအပြီး အင်္ဂလိပ်တို့ မြန်မာပြည်သို့ ပြန်၍အဝင် ၁၉၄၅ ခုနှစ်တွင်ကား အာရှအစည်းအရုံးလည်း လုံးဝကွယ်ပျောက်၍သွားသည်။ အာရှမယ်အင်္ကျီဘောင်းဘီများကို ဝတ်သူများလည်း ခေတ်နှင့်အတူ တိမ်ကော၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်အတွင်း အာရှလူငယ်အစည်းအရုံးဝင် အမျိုးသမီးငယ်များ
ဤသို့ ဝတ်စားဆင်ယင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အမောက်ခေတ်

ထိပ်ဆံပင်ကို အမောက်လုပ်သည့်ခေတ်မှာ မြန်မာတို့ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်ခေတ်တွင် ခေတ်အစားဆုံး ယခု စာအုပ်ကိုရိုက်နှိပ်သည့်အချိန်ထိ ခေတ်အစားဆုံး ဖြစ်နေပေသည်။

အင်္ဂလိပ်အပြေး ၁၉၄၁ ခုမှ ဂျပန်ခေတ်အတွင်းအထိ မိန်းကလေးများသည် ဆံထုံးကြီးများကို မထုံးကြတော့ဘဲ နောက်ပြန်ပတ်သော်လည်းကောင်း၊ ကျစ်ဆံမြီးသော်လည်းကောင်း၊ နောက်တွဲထုံးသော်လည်းကောင်း၊ နောက်ဘက်ကုပ်ပေါ်တွင် တစ်နည်းနည်း ထုံးနှောင်ထားပြီးလျှင် ရှေ့နဖူးအထက် ဆံစတွင် ဆံပင်တိုကလေးများကို တွန့်၍ လိပ်၍ ထားကြလေသည်။ ထိုကမှတစ်ဆင့်တက်၍ ဆံပင်အရှည်များကိုပင် ထိပ်တွင် အမောက်ပုံစံအမျိုးမျိုး ပြုလုပ်၍ လှပအောင် ပြင်ဆင်ထားကြလေသည်။

အမောက်သည် မည်မျှအထိ ခေတ်စား၍လာသနည်းဆိုလျှင် မြို့နေလူတန်းစား မိန်းမမှန်သမျှ အသက်ဆယ့်လေးငါးနှစ်မှ လေးဆယ်ကျော် အရွယ်အထိ ၈၀ ရာခိုင်နှုန်းလောက် အမောက်လုပ်၍ ထားတတ်ကြသည်။ အမောက်ပုံသဏ္ဌာန်များမှာလည်း အနောက်နိုင်ငံသူတို့၏ ဆံပင်ကို တွန့်ကာ လိပ်ကာ ပြုပြင်ထားသည်နှင့်မခြား တူညီအောင် ပြုပြင်ကြလေသည်။

## နိုင်လွန်ခေတ်

မြန်မာတို့ လက်ရက်လုပ်ငန်းများဖြစ်သော ပိုးလုံချည် အချိတ်လုံချည်နှင့် ရွှေတောင် ဟံဇား ရက်ကန်းထည်များမှာ စစ်မဖြစ်မီခေတ်နှင့် ၁၉၅၀ ခုနှစ်ခေတ်များတွင် အကြီးအကျယ် တိုးတက်မှု ခြားနားမှုဟူ၍ မရှိသော်လည်း နိုင်ငံခြားမှလာသည့် အထည်အဝတ်နှင့်ပတ်သက်၍ ဤစာအုပ်တွင် "နိုင်လွန်ထည်" ကို မှတ်တမ်းမတင်လျှင် ပြည့်စုံမည်မထင်ပေ။ နိုင်လွန်မှာ ကမ္ဘာတွင် လောကဓာတ်ဆရာတို့၏ လက်စွမ်းဖြင့် ပိုးနှင့် သိုးမွေးကဲ့သို့ သက်ရှိသတ္တဝါမှ ရသည်လည်း မဟုတ်။ ချည်ကဲ့သို့ အပင်မှရသည်လည်းမဟုတ်ပေ။ မြေထွက်ပစ္စည်းတစ်ခုမှ လောကဓာတ်နည်းဖြင့် ဖော်စပ်လုပ်ကိုင်၍ ယူရသော လူဝတ်စရာ အထည်တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ဤအထည်၏ အစွမ်းသတ္တိမှာ ဖွပ်လျှော်ရာတွင် အလွန့်အလွန် လွယ်ကူ၍ လျင်မြန်စွာ ဖြူစင်လွယ်ခြင်း၊ ခြောက်သွေ့အောင် ပြုလုပ်ရာတွင် ပူအိုက်သည့် အရပ်များ၌ ၁၀ မိနစ်ခန့်နှင့် ခြောက်သွေ့နိုင်ခြင်း၊ မီးပူဖြင့် ပြန့်အောင် ဖြန့်စရာမလိုဘဲ ခြောက်သည်နှင့်တစ်ပြိုင်နက် ကောက်၍ ဝတ်နိုင်ခြင်း၊ ရေလျှော် ရာတွင် ကျုံ့ခြင်း ရှုံ့ခြင်းမရှိ ပကတိအရွယ်အတိုင်း ရှိခြင်း စသော ဂုဏ်ထူး တို့ကြောင့် မြန်မာအမျိုးသမီးတို့ချည်း ကွက်၍ နှစ်သက်သည်မဟုတ်ဘဲ ကမ္ဘာ့ အမျိုးသမီးထုကြီး တစ်ရပ်လုံးက ဝတ်ဆင်လို၍ အငမ်းမရဖြစ်နေသော အထည် ပစ္စည်းတစ်ခု ဖြစ်လာပေသည်။ အနောက်နိုင်ငံသူများက နိုင်လွန်ကို ခြေအိတ်လုပ်၍ သုံးသည်။ မြန်မာအမျိုးသမီးများက အင်္ကျီချုပ်၍ ဝတ်ကြသည်။ အိန္ဒိယအမျိုးသမီး များက ဆာရီလုပ်၍ ခြုံသည်။ နိုင်လွန်သည် မြန်မာတွင်သာမက ကမ္ဘာတွင်လည်း နှစ်ပေါင်းများစွာ ခေတ်စား၍နေပေဦးမည်ဟု ထင်ရသည်။ မလေးကျွန်းဆွယ်တွင် ကား အမျိုးသမီးများသည် နိုင်လွန်ကိုသာမက အဝတ်ပါးများကိုပါ အသုံးမပြုကြ သေးပေ။

## အင်္ကျီလက်တိုခေတ်

မြန်မာယောကျ်ားတို့ အဝတ်အစားနှင့်ပတ်သက်၍လည်း ဒုတိယကမ္ဘာစစ် တွင်းခေတ်နှင့် စစ်ပြီးခေတ်တို့တွင် တော်တော်ကလေး ပြောင်းလဲ၍ လာသေး သည်။

လုံချည်ကိုသာ အဝတ်များသည့် ယောကျ်ားများက သွားရာလာရာတွင် လွယ်ကူသည်။ ဖျတ်လတ်သည်ဟု ဆို၍ ဘောင်းဘီကို တော်တော်ကလေး အဝတ် များ၍ လာကြသည်။ အနောက်နိုင်ငံသားတို့ ဝတ်သည့် ဝတ်စုံမျိုးကို ဝတ်ကြသူ ဦးရေပင် အတော်များပြား၍လာကြသည်ကို တွေ့ရပေသည်။ စစ်မတိုင်မီအခါက ရှပ်အင်္ကျီကို အပြင်ထုတ်၍ ဝတ်လျှင် ရိုင်းသည်ဟု ယူဆကြသည်။ ချစ်တကောင်း လူမျိုးများသာ လုံချည်ဝတ်၍ ရှပ်အင်္ကျီအပြင်ထုတ်ဝတ်သောအလေ့ရှိကြသည်။ ယခုခေတ်တွင် ယောကျ်ားများအဖို့ 'ဟာဝေယန်ရှပ်' ဆိုသော ရှပ်အင်္ကျီတစ်မျိုး ပေါ်လာလေသည်။ ထိုရှပ်သည် အပြင်ထုတ်၍ ဝတ်ရသော ရှပ်ဖြစ်၍ ခေတ်လည်း အတော်စားသည်။ လက်ရှည်လည်းရှိသည်၊ လက်တိုလည်းရှိသည်။ လုံချည် နှင့်လည်း ဝတ်သည်၊ ဘောင်းဘီနှင့်လည်း ဝတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ယင်ထုံးဖွဲ့မှု



၁၉၄၇ ခုနှစ် ရွှေမန်းမယ်ဘွဲ့ရသူ ရင်ရင်မြ
၁၉၇၇ မှ ၁၉၅၀ ဆီတစိုက် စစ်ပြီးမယ်ရွေးပွဲခေတ်တွင် အရွေးခံသူတို့ ဝတ်ဆင်ပုံ

www.burmeseclassic.com

www.burmeseclassic.com



"အမောက်" နှင့် ဆံပင်ကောက်ခြင်းများလည်း ယောကျ်ား လူငယ်ပိုင်းတွင် အနည်းငယ် ခေတ်စားစပြုနေပေပြီ။ အမေရိကန် ရုပ်ရှင်မင်းသားတို့ထံမှ ကူးစက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေမည်။

အမျိုးသမီးများသည် မြန်မာအင်္ကျီများကိုပင် လက်တိုချုပ်၍ ဝတ်လာကြသည်ကို ၄၉–၅၀ ခုနှစ်အတွင်း တွေ့မြင်ကြရသည်။ သွက်လက်ချက်ချာရမည့် ခေတ်အလိုက် ပြုပြင်ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ ချွေတာရေးလည်း ဖြစ်သည်ဟု ယူဆကြသည်။

*ပြီး၏ ။*

■

www.burmeseclassic.com

www.burmeseclassic.com



၁၃၀၄ ခု ၊ တန်ဆောင်မုန်းလပြည့်နေ့၊

မွန်းတည့်ခေါင်းလောင်းထိုးပြီးနောက်

အမြောက်သံ ဗုံးသံ ကြားရသည့်အချိန်တွင်


**မြန်မာ့ဝတ်ဆင်ထုံးဖွဲ့မှုစာတမ်း**

စီစဉ်ရေးသား၍ ပြီးစီးပါသည်။

ရွှေကိုင်းသား

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၁ ခု အခမ်းအနားများတွင် ရှေးခေတ် မန္တလေးမှ စံနမူနာများကိုယူ၍
နိုင်လွန်များ၊ ဖဲများဖြင့် ချုပ်လုပ်ကာ ရွှေချည် ငွေချည်ထိုး၍
မိန်းကလေးများ ဤသို့ဝတ်ဆင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံးချုပ်

ဤ "မြန်မာတို့၏ ဆင်ယင်ထုံးဖွဲ့မှု" သမိုင်းတွင် ကျမ်းပြီးနိဂုံးကို ထုံးစံအတိုင်း ရေးသားခဲ့ပြီး ဖြစ်သော်လည်း ထိုအခါက ခေတ်ကာလ အခြေအနေ အရ သာမန်စကားမျှနှင့်ပင် အတိုရုံး၍ နိဂုံးအုပ်ခဲ့ရပေရာ ထိုမျှနှင့် မလုံလောက် သေးဟု ယုံကြည်ယူဆမိပါသဖြင့် ယခု လက်ရေးမူမှ ပုံနှိပ်မူသို့ ကူးပြောင်းပြီး သည့်အချိန်တွင် ထိုဆင်ယင်ထုံးဖွဲ့မှုသမိုင်းတစ်စောင်လုံးကို ခြုံ၍ အတော်အတန် ပြည့်စုံသော ဝေဖန်ချက်တို့ဖြင့် ဖြည့်စွက်ပြီးလျှင် နိဂုံးချုပ်အသစ်ကို ဆက်လက် ရေးသားလိုက်ရပေသတည်း။

မြန်မာတို့၏ ဆင်ယင်ထုံးဖွဲ့မှုသမိုင်းစဉ်သည် ဖော်ပြခဲ့ပြီးသည့်အတိုင်း သာကီနွယ် တကောင်းမင်းများခေတ်မှ အစပြု၍ ထိုတကောင်းခေတ်၌ "ကြဲသေး" ခေါ်သော စစ်ဝတ်တန်ဆာ အင်္ကျီများ ပေါ်ပေါက်ခဲ့ခြင်းသည် ဆင်ယင်ထုံးဖွဲ့မှု သမိုင်း၌ မှတ်သားဖွယ်တစ်ရပ် ဖြစ်ပေသည်။

၎င်းနောက် သမိုင်းစဉ်အားဖြင့် ဟန်လင်း–သရေခေတ္တရာ နှစ်ခေတ်ပေါင်း ဖြစ်သော ပျူလူမျိုးတို့ခေတ်သို့ ကူးပြောင်းခဲ့ပေသည်။ ထိုပျူခေတ်၌ ဝတ်ဆင်ထုံးဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



မှုနှင့်ဆိုင်သော အားကိုးယုံကြည်လောက်သည့် အထောက်အထားများ ရရှိခဲ့သဖြင့် ရှေးတကောင်းခေတ်ထက်ပင် ပျူလူမျိုးတို့၏ ဆင်ယင်ထုံးဖွဲ့မှုအကြောင်းကို ပြည့်ဝစုံလင်စွာ တင်ပြနိုင်ခဲ့ပေသည်။ စင်စစ်အားဖြင့် တကောင်းခေတ်နှင့်ဆိုင်သော အထောက်အထားများကို ရှာဖွေတင်ပြခြင်း မပြုနိုင်ခဲ့သော်လည်း ပျူလူမျိုးတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများမှာ သာကီနွယ် တကောင်းမင်းများ၏ ဆင်ယင်ထုံးဖွဲ့မှုများမှ အမွေဆက်ခံထားခြင်း ဖြစ်ပေလိမ့်မည်ဟု ယူဆရပေသည်။ ရာဇဝင်ကြောင်းအားဖြင့်လည်း တကောင်းနှင့် သရေခေတ္တရာသည် တည်ရာအားဖြင့် ဝေးကွာလှသော်လည်း မင်းဆက်မှာ တစ်နွယ်တည်းဖြစ်၍ ထိုယူဆချက်သည် မလွဲတန်ရာဟု အောက်မေ့မိပေသည်။

ထိုပျူလူမျိုးတို့ခေတ်မှာ သရေခေတ္တရာ မြို့သက်ပျက်သုဉ်းသွားသည်တိုင်အောင် လူမျိုးအနေအားဖြင့် ပျောက်ကွယ်သွားခြင်း မရှိသေးဘဲ ပုဂံခေတ်အထိ ဆက်လာသည်ကို တွေ့ရှိရပေသည်။ ထိုအကြောင်းကို ပျူရွာအဓိပ္ပာယ်ရရှိသော ပျူဂါမ–မှ၊ ပျူဂါမ်–ပုဂံအမည်ဖြစ်လာပုံနှင့် "ပျူစောထီး" ဟူသော အမည်များက ထောက်ခံလျက်ရှိပေသည်။ ၎င်းတို့၏ စာပေအက္ခရာမှာ ပုဂံခေတ်အလယ်ပိုင်းထိ ထွန်းကားလျက် ရှိပေသေးသည်။

ပျူစောထီးလက်ထက်ဟု ဆိုအပ်သော ရှေးဦးပုဂံခေတ်၌ နဂါးအမတ်များ ပေါင်းခဲ့သော ကျော့ကွင်းသဏ္ဌာန် "ပေါင်းထုပ်ရွက်ချွန်း" များနှင့် သေဉ်လည်ကြောင်မင်းလက်ထက်လောက်ကစ၍ "မြိတ်လွတ်နှင့် စုလည်းထုံး" များ ပေါ်ပေါက်ခဲ့ခြင်းများသည် ထုံးဖွဲ့မှုအတွက် မှတ်သားဖွယ် ဖြစ်ပေသည်။

ရှေးဦးပုဂံခေတ်မှာ တကောင်းခေတ်ကဲ့သို့ပင် ပစ္စည်းဟောင်း အထောက်အထားများ ရှာဖွေတင်ပြရန် မလွယ်လှသော်လည်း အနော်ရထာမင်း သထုံပြည်ကို အလိုတော်ပြည့်ပြီးသည့်အချိန်မှစ၍ နောက်ပိုင်း ပုဂံခေတ်၏ ဆင်ယင်ထုံးဖွဲ့မှုများကို အကိုးအကား မြောက်မြားစွာနှင့် တင်ပြနိုင်ပေသည်။ ထိုအလယ်ပိုင်း ပုဂံခေတ်၏ ဆင်ယင်ထုံးဖွဲ့မှုများမှာ တကောင်းခေတ် ပျူခေတ် ယဉ်ကျေးမှုများအပြင် သထုံနွယ်မွန်နှင့် ထိုခေတ်က ဆက်ဆံလျက်ရှိသော အိန္ဒိယတိုင်းသားတို့၏ ယဉ်ကျေးမှုများပါ စုပေါင်းရောကျိုထားသော ဝတ်ဆင်ထုံးဖွဲ့မှုဟု ယူဆရပေသည်။ အထူးသဖြင့် ပျူနှင့်မွန်များဘက်ထက် အိန္ဒိယယဉ်ကျေးမှုဘက်သို့ ပို၍နွယ်နေသည်ကို တွေ့ရှိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမန်းမယ် ခင်ညွန့်ရီကို ၁၉၅၁ ခုနှစ်တွင် အချို့မြန်မာအမျိုးသမီးများ
ဝတ်စားထုံးဖွဲ့သည့်အတိုင်း တွေ့မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ နဖူးအလယ် မှန်ကူကွက်နှင့် ဆံကေသာ ပြုပြင်ထုံးဖွဲ့ထားပုံ၊ ကိုယ်ထည်နှင့် ချပ်ချပ်ရပ်ရပ်ရှိသော ခါးတို–လက်ပြတ်အတွင်းခံအင်္ကျီကျပ်များနှင့် အိတ်ရှုံ့ထဘီ ဝတ်ဆင်ထားပုံတို့မှာ မြန်မာပြည်မှာသာ တွေ့ရခြင်းမဟုတ်ပါက မြန်မာဟု ဆိုရန်ပင် ခက်ခဲလောက်အောင် အိန္ဒိယလူမျိုးအသွင်နှင့် အိန္ဒိယ အဆင်အပြင်မျိုးကို ဆောင်ထားသည်ကို ရုပ်လုံး–ရုပ်ပြား ဆေးရေးပန်းချီကားများ၌ တွေ့မြင်နိုင်ပေသည်။

ထိုပုဂံခေတ်၌ "အင်္ကျီ" ဟူသော ဝေါဟာရ မပေါ်သေးဘဲ တုယင်–ဖျင် စသော အသုံးများသာ တွေ့ရပြီးလျှင် ဆင်ယင်ထုံးဖွဲ့ပုံများလည်း ယခုခေတ်နှင့် လွန်စွာမှ ခြားနားလှပေသည်။ စင်စစ်အားဖြင့် ယောကျ်ား, မိန်းမ မဟူ အတွင်းခံ ကိုယ်ကျပ်အင်္ကျီနှင့် အိတ်ရှုံ့ထဘီ ခါးစည်း ခေါ် ပုဆိုးစည်းပုံများမှာ အိန္ဒိယမှ အတိုင်း ဖြစ်နေပေသည်။

ထိုခေတ်က အမျိုးသမီးများဘက်မှ ဆံထုံးနည်း ၅၅ မျိုးအထိ ထွင်နိုင်ခဲ့၍ နရသူ ကုလားကျမင်းလက်ထက်၌ ရင်ကွဲအင်္ကျီနှင့် ရှေ့ကွဲထဘီများ ပေါ်ပေါက်ခဲ့ခြင်းများသည် ဝတ်ဆင်ထုံးဖွဲ့မှုသမိုင်း၌ ဥဒါန်းတွင်လောက်ပါပေသည်။ ထိုရင်ကွဲအင်္ကျီနှင့် ရှေ့ကွဲထဘီများ ပုဂံခေတ်က ပေါ်ပေါက်ခဲ့သည်ဆိုသော်လည်း ဆေးရေးပန်းချီ စသော အထောက်အထားများ ရှာဖွေ မတွေ့ရသေးပေ။ စင်စစ်အားဖြင့် ပုဂံခေတ်တွင် စတင်ခဲ့သော ရင်ကွဲအင်္ကျီနှင့် ရှေ့ကွဲထဘီ အသုံးများသည်။ အင်းဝခေတ်လောက်မှ တွေ့ရှိရ၍ တစ်နေရာတွင် ကိုးကားဖော်ပြထားသော အင်းဝခေတ်ကချေသည်ပုံ ဆိုသည်မှာ ထိုဝတ်ဆင်နည်းမျိုးဟု ယူဆရပေသည်။

အင်းဝခေတ် ဝတ်ဆင်ထုံးဖွဲ့မှုများမှာ ပုဂံခေတ် ဝတ်ဆင်ထုံးဖွဲ့မှုများနှင့် စာလျှင် မြန်မာ့မှုဘက်သို့ လုံးလုံးလျားလျား ပါလာပြီဟု ဆိုရပေမည်။ စာပေအထောက်အထားများဖြင့် ပုဂံခေတ် ဆံထုံးနည်းအချို့ကို အင်းဝခေတ် အမျိုးသမီးများက ဆက်လက်အသုံးပြုသည်ဟု သိရသော်လည်း အင်္ကျီနှင့် ပုဆိုး ထဘီ ဝတ်ဆင်ပုံများမှာ ယခုခေတ် မျက်စိနှင့် ကြည့်ရှု၍ရသော မြန်မာ့အဆင်အပြင်မျိုး ဖြစ်၍ ကုလားဆန်လှသော ပုဂံခေတ် အပြင်အဆင်မျိုးနှင့် လုံးလုံးကြီး ကွဲပြားလာပေသည်။ စင်စစ်အားဖြင့် ကုန်းဘောင်ခေတ်နောက်ပိုင်း၌ ခေတ်စားလတ္တံ့သော ယခုခေတ်တိုင် "အမျိုးသား အဝတ်အစား" အဖြစ်ဖြင့် အသိအမှတ်ပြုထားရသည့် မြန်မာအဝတ်အစားများသည် ထိုအင်းဝခေတ် အဝတ်အစားများမှ ဆင်းသက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင် ဖြစ်လေသည်။ အင်းဝခေတ် စာပေများ၌လည်း ပုဂံခေတ်က အသုံးအစွဲ မရှိသေးသည့် ပုဆိုး၊ ထဘီ၊ အင်္ကျီ၊ တဘက် စသော ဝေါဟာရများ သုံးစွဲခဲ့ခြင်း အားဖြင့် ဝတ်ဆင်ထုံးဖွဲ့မှုများသည် အင်းဝခေတ်ကစ၍ မြန်မာ့မူ မြန်မာ့ယဉ်ကျေးမှု ဘက်သို့ ကူးပြောင်းလာပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။

ထိုအင်းဝခေတ်၌ "အချိတ်ပုဆိုး" များ စတင်ပေါ်ပေါက်ခြင်းနှင့် အမျိုးသမီးများဘက်က "ဗျာပါဆံ" ဟူသော ထုံးဖွဲ့နည်းအသစ်အဆန်းတစ်ခု တိုးလာခြင်းများသည် မှတ်သားဖွယ် ဖြစ်ပေသည်။ ၎င်းပြင် ဝမ်းဘဲအင်းစံမင်း တရားကြီးလက်ထက်၌ "ငါ၏နိုင်ငံတော်တွင် ဆင်းရဲသား ကျွန်တော်မျိုးတို့သည် ဘိုးဘစဉ်လာအတိုင်း ဝတ်စားဆင်ယင်ကြရမည်။ မောင်မင်းတို့ ရွှေရှိကြောင်း အထိမ်းအမှတ်အဖြစ်ဖြင့် သားသမီးများကို ရွှေခြေချင်း မဝတ်ဆင်စေရ" ဟူသော အမိန့်တော်တစ်ရပ်ဖြင့် ဝတ်ဆင်ထုံးဖွဲ့မှုများ၌ လူတန်းစားအလိုက် သတ်မှတ်ထားသော စည်းကမ်းများ ပေါ်ပေါက်ခဲ့ကြောင်း ထင်ရှားပေသည်။

BURMESE CLASSIC အင်းဝခေတ် ကုန်ဆုံးပြီးနောက် ကုန်းဘောင်ခေတ် ထွန်းကားပေါ်ပေါက် လာသည့်အခါ၌လည်း မြန်မာတို့၏ ဝတ်ဆင်ထုံးဖွဲ့မှုများမှာ များစွာ ပြောင်းလဲခြင်း မရှိလှဘဲ အင်းဝခေတ်လက်ကျအတိုင်း ဝတ်ဆင်ထုံးဖွဲ့ကြသည်ကို တွေ့ရှိရပေသည်။ ထိုခေတ်၌ အာသံမဏိပူရ–ရခိုင်–ယိုးဒယား စသည်များကို မြန်မာမင်းတို့၏ အာဏာစက်အောက်သို့ သိမ်းသွင်းနိုင်ခဲ့ခြင်းများသည်လည်း မြန်မာတို့၏ ဆင်ယင် ထုံးဖွဲ့မှုဘက်တွင် တိုးတက်သစ်ဆန်းဖို့ အကြောင်းတစ်ရပ်ပင် ဖြစ်ပေသည်။

အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီးလက်ထက်လောက် က ရေးခြယ်ခဲ့သော ဆေးရေးပန်းချီကားယောင်များကို တွေ့ရှိရခြင်းဖြင့် ထိုခေတ်က အထက်တန်းကျသော မြန်မာအမျိုးသမီးများ "ခြေနင်း" စီးခဲ့ဖူးကြောင်းကို ခိုင်လုံစွာ ဖော်ပြနိုင်ပေသည်။ ထိုမြန်မာပန်းချီကားများသည် ထိုခေတ်လောက်က အင်းဝနှင့် အမရပူရသို့ ရောက်ရှိလာသော အင်္ဂလိပ်ပန်းချီဆရာများ မျက်မြင်ကိုယ်တွေ့ ရေးဆွဲသွားသည့် မြန်မာအမျိုးသမီးပုံများနှင့်လည်း တစ်ထပ်တည်းဖြစ်နေပေသည်။

ကုန်းဘောင်ခေတ် ပထမပိုင်း မြန်မာတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို ၎င်း ခေတ်ပေါ် ပန်းချီဆေးရေးကား စသည်များ မတွေ့ရသေးသဖြင့် သေချာစွာ မဖော်ပြနိုင်သေးသော်လည်း အလယ်ပိုင်းခေတ်လောက်ကစ၍ ဆင်ယင်ထုံးဖွဲ့ပုံများ သည် ဆံထုံးပြုပြင်ပုံချင်း အနည်းငယ်မျှ ကွဲပြားသည်မှတစ်ပါး အင်္ကျီ၊ ထဘီ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ပုံ၊ ပဝါတဘက် စသည် အသုံးပြုပုံများမှာ မန္တလေး ရတနာပုံခေတ်နှင့် အတူတူလိုပင် တွေ့ရှိရပေသည်။

စင်စစ်အားဖြင့် မန္တလေးခေတ် ဆင်ယင်ထုံးဖွဲ့မှုများသည် အမရပူရခေတ် အဆင်အပြင်များကိုပင် ခေတ်နှင့် လိုက်လျောအောင် အနည်းငယ်ပြုပြင်ထားခြင်း မျှသာဖြစ်၍ ရှေးမူမပျက်သော ယဉ်ကျေးမှု ညွှန့်ပေါင်းဟု ဆိုရပေမည်။ ယခုခေတ်တိုင် ယဉ်ကျေးသိမ်မွေ့သော အမျိုးသား အဝတ်အစား စစ်စစ်ဖြင့် ဂုဏ်ယူလိုလျှင် ထိုမန္တလေးခေတ် အဝတ်အစားကိုပင် ပြန်လည် အသုံးပြုကြရပေသည်။

BURMESE CLASSIC ထိုမန္တလေးခေတ် ဝတ်ဆင်ထုံးဖွဲ့မှုများကို မန္တလေးပျက်ပြီးသည့်နောက် အနှစ် ၂၀ ခန့်အထိ ဆက်လက်အသုံးပြုကြသေးသော်လည်း ခေတ်သဘောကို မလွန်ဆန်နိုင်သည့်အလျောက် ခေတ်အပြုအပြင်များက ထိုအမျိုးသား အဝတ်အစား ပေါ် တစ်စတစ်စ လွှမ်းမိုးလာခဲ့ပေသည်။ ယောက်ျားများဘက်တွင် မြန်မာ့ဦးစွန်းဖြစ်သော "သျှောင်" များ ကွယ်သလောက်ဖြစ်ပြီးလျှင် နိုင်ငံခြား ဘိုဆံတောက်များ ရောက်ခဲ့ပေသည်။ အတောင် ၂၀ ဝတ် မင်းယောကျ်ားဘဝမှ ၄ တောင် လုံကွင်း ဝတ် ခေတ်ယောကျ်ားများအဖြစ်သို့ ကူးပြောင်းခဲ့ကြပေသည်။ ထိုလုံကွင်းနှင့်လျော်စွာ တရုတ်ပုံရင်စိ၊ ရင်ဖုံးအတွင်းခံရှပ်များလည်း နိုင်ငံခြားမှ အတုယူ၍ ချုပ်လုပ်အသုံးပြုလာကြပေသည်။ ခေတ်အလိုက် ပေါ်ပေါက်လာသော ထိုအဝတ်အစားများတွင် ရင်စိ ရင်ဖုံးအင်္ကျီများမှာ တရုတ်ထံကရ၍၊ ရှပ်မှာ အင်္ဂလိပ်အဝတ်အစားဖြစ်ပြီးလျှင် ချည်နှင့် ခေါင်းပေါင်းများမှာ အိန္ဒိယသားများထံမှ နည်းယူထားကြောင်း ထင်ရှားလေသည်။ စစ်ပြီး ဤဘက်ခေတ်တွင်ကား ဘောင်းဘီဝတ် မြန်မာယောကျ်ားများပင် တော်တော်များလာခဲ့ပေပြီ။

အမျိုးသမီးများဘက်ကလည်း ရှေးခေတ် ဆင်ယင်ထုံးဖွဲ့မှုများကို တော်လှန်ပစ်ကြပြီးလျှင် ခေတ်အလိုက် ပြောင်းလဲဝတ်ဆင်လာကြသဖြင့် "အင်္ကျီပါး အရေးတော်ပုံ" စသော ခေတ်ပြောင်းတော်လှန်ရေးများလည်း ဖြစ်ပေါ်ခဲ့ရပေသည်။ အင်္ကျီပါး အရေးတော်ပုံတွင် အင်္ကျီပါး နှိပ်ကွပ်ရေးဘက်မှ ရဟန်းတော်အချို့ပင် ပါဝင်ဆောင်ရွက်ခဲ့သဖြင့် ပထမ၌ အမျိုးသမီးများဘက်မှ အရေးနိမ့်သလိုလို ရှိခဲ့သော်လည်း နောက်ဆုံး၌ အနိုင်ရခဲ့ရုံမျှမက စစ်ပြီး ဤဘက်ခေတ်တွင်ကား အင်္ကျီပါးထက် အစစ သာလွန်သော နိုင်လွန်ထည်များပင် ပေါ်ပေါက်ခဲ့ပေသည်။ ဤနိုင်လွန်ခေတ်၌ အင်္ကျီပါးခေတ်ထက်ပင် ပါးကျပ်တိုရုံမျှမက လက်မေ့င်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်လောက်ကပင် ဖြတ်၍ ချုပ်ကြသဖြင့် ရှေးပုဂံသူများ ဝတ်ဆင်ခဲ့ကြသည့် အတွင်းခံအင်္ကျီသဘောမျိုးသို့ပင် နီးကပ်လျက်ရှိချေပြီ။

ဆံကေသာပြုပြင်ထုံးဖွဲ့မှုဘက်ကလည်း ပြောင်းတင်းတင်းနိုင်လှသော "မဟာနဖူး" ခေတ်မှ ဆံလျှဉ်စကလေးများချသော ယဉ်စစခေတ်သို့ ကူးပြောင်းပြီးလျှင် မနိမ့်လွန်း မမြင့်လွန်းသော ဆံထုံးတစ်ဘက်မှ ဆံမြိတ်များချ၍ ပြုပြင် ထုံးနှောင်ခဲ့ကြသဖြင့် မြန်မာ့ယဉ်ကျေးမှုကို မထိခိုက်ဘဲ ကြည့်ပျော်ရှုပျော် ဖြစ်လာပေသည်။ သို့ရာတွင် ထိုထုံးဖွဲ့မှုမှာ အခိုက်အတံ့မျှသာဖြစ်၍ အတန်ကြာလျှင် ရိုးသွားပြီး ရှည်လျားသော ဆံမြိတ်ချကို ဖြတ်၍ နိမ့်လွန်းသော ဆံထုံးကို စံချိန်အမြင့်ဆုံးရောက်အောင် မြှင့်တင်ပြီး "ဆံထုံးကြီး" ခေတ်သို့ ကူးပြောင်းလိုက်ကြပြန်သည်။ ထိုတွင်လည်း ကြာလှသည်မဟုတ်ဘဲ မြင့်လွန်းသော ဆံထုံးကို လျော့၍ နိမ့်လိုက်ပြီး ဆင်စွယ်ဘီးနှင့် ရောဝတ်ပြီးလျှင် လေယာဉ်ပျံ ဆံထုံးခေတ်ကို ထွင်ကြပြန်သည်။ ထိုမှတစ်ဖန် နောက်တွဲထုံးများ ခေတ်စားလာ၍ ထိုနောက်တွဲထုံးနှင့် လိုက်လျောသော ရှေ့တည့်တည့်က ဆံစဖွာလန်ကြဲများကို တီထွင်ကြပြန်သည်။ ဤအချိုးအတိုင်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းထိ တည်မြဲခဲ့၍ စစ်ကြီးအပြီး ခေတ်သစ်ဘက်တွင်ကား ဆံထုံးအခြေအနေ အထူးပြောင်းလဲခြင်း မရှိသော်လည်း ဆံစဖွာလန်နေရာတွင် အမောက်များ ရောက်လာခဲ့ပေသည်။ သို့ရာတွင် အမောက်ခေတ်မှာ တိမ်ကောသွားခြင်း မရှိသေးဘဲ ယနေ့အထိ တည်မြဲနေသေးသည်ကို တွေ့ရပေရာ အမောက်မယ်များ၏ ဖွဲ့သတ္တိမှာ ချီးကျူးစရာ ဖြစ်ပေသည်။

ဤကား အနှစ် (၂၄၀၀) ကျော်အတွင်း ခေတ်အမျိုးမျိုးကို ကျော်ဖြတ်လာရသော "မြန်မာ့ဆင်ယင်ထုံးဖွဲ့မှု" သမိုင်းစဉ် အကျဉ်းချုပ်ဖြစ်ပေရာ၊ ထိုသမိုင်းစဉ်တစ်လျှောက်တွင်လည်း ယခု မျက်မှောက်ခေတ်မှာလောက် အမျိုးသမီးများဘက်မှ အဝတ်အစား အသစ်တီထွင်မှုနှင့်ပတ်သက်၍ အတိုက်အခံများ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်ဟု မတွေ့ရဖူးချေ။ ဤသို့ ဖြစ်ရသည်မှာလည်း သီပေါမင်းပါတော်မူခြင်းသည် နိုင်ငံရေးအားဖြင့် လွတ်လပ်ရေးဆုံးရှုံးမှုသည် မှန်သော်လည်း လူထုအနေမှာ ရှေးမြန်မာမင်းများလက်ထက်ကလောက် အမိန့်နှင့် တားမြစ်ထားသော ချုပ်ချယ်မှုများ မရှိသလောက် လွတ်လပ်ခွင့်ရကြပြီး၊ ထိုရရှိထားသော အခွင့်ကောင်းများကိုလည်း အမျိုးသမီးများဘက်က ပိုင်နိုင်စွာ အသုံးချခြင်းအားဖြင့် အချို့နေရာများတွင် အတိုက်အခံဖြစ်ရသည်ဟု ဆိုရပေမည်။ ဤဆင်ယင်ထုံးဖွဲ့

www.burmeseclassic.com



မှုသမိုင်း၏ နောက်ကြောင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် ခေတ်အလျောက် ပြုပြင်ပြောင်းလဲမှုများ ရှိခဲ့ဖူးသည်ကို တွေ့ရ၍ ခေတ်အမျိုးသမီးများ အသစ်တီထွင်မှုကို အပြစ်မဆိုသာပေ။ သို့ရာတွင် မြန်မာ့မူ မြန်မာ့ယဉ်ကျေးမှုများကို ထိခိုက်လောက်အောင် ခေတ်ဆန်မှုများကိုမူကား ရှောင်ကြဉ်သင့်ပေသည်။

သြဝါဒပျို့၌ *"ဥစ္စာ ရွှေ ငွေ၊ ဆန်ရေစပါး၊ ကျွဲ နွား ယာလယ်၊ လိုမယ်မတ၊ စိတ်တိုင်းကျလျှက်၊ ကြွယ်ဝပြည့်စုံ၊ ကုံလင့်ကစား၊ စိုးမင်းလားသို့၊ သောကားသမ္မ၊ ဝတ်ထုမမှု။ ရှေးရှုနောက်ချင့်၊ ကိုယ်နှင့်အင်တန်၊ သင့်အောင်ဖန်၍၊ ခံ့ရန်တော်ရာ၊ ကောင်းမြတ်ပါလည်း၊ စိတ်မှာချင်ချင်၊ မရှိလျှင်မူ၊ မဆင်ဝတ်သင့်"* ဟူ၍လည်းကောင်း။ *"တန်ဆာပလာ၊ ဆင်ဖွယ်မှာလည်း၊ ရတနာရွှေငွေ၊ လွန်မြတ်စေတော့၊ အနေဆုတ်ယုတ်၊ ခါမဟုတ်က၊ ဖော်ထုတ်ပြုပြင်၊ မဆင်ယင်နှင့်"* ဟူ၍လည်းကောင်း။

BURMESE CLASSIC

*"ဆံကျင်ဆံထိုး၊ ခါးကြိုးဦးဆောက်၊ လက်ကောက်လက်ကျပ်၊ လက်စွပ်နားပန်၊ ပန်းမန်ခြေချင်း၊ သျှောင်ကွင်းလည်မှာ၊ ဆင်တန်ဆာလည်း၊ ကာလဒေသ၊ နေ့ညမှတ်ကြိုး၊ အမျိုးအနွယ်၊ အရွယ်အသက်၊ ချင့်တွက်ယုတ်မြတ်၊ ဆင်ယင်တတ်မှ၊ ဆင်ဝတ်သရွေ့၊ သူ့စိတ်တွေ့၏"* ဟူ၍လည်းကောင်း ဆင်ယင်ထုံးဖွဲ့မှုနှင့်ပတ်သက်၍ ဆင်ခြင်ဖွယ်၊ နှလုံးသွင်းဖွယ်တို့ကို ထုတ်ဖော်ဆုံးမ သြဝါဒပေးခဲ့သည့်အတိုင်း ဆင်ယင်ထုံးဖွဲ့မှုများကို စည်းစနစ်ကျနစွာ လိုက်နာကြပြီးလျှင် မြန်မာ့ယဉ်ကျေးမှုများကို မထိခိုက်ဘဲ ခေတ်နှင့်လိုက်လျောသည့် ဆင်ပြင်မှုများကို တီထွင်နိုင်ကြပါစေသတည်း။

**ရွှေကိုင်းသား**

www.burmeseclassic.com